# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၃၁၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ တွေ့ဆုံသည်။**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဦးတင်မြင့်နှင့် ဦးလှမော်ဦး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

**ညီညွတ်မှုကို ရယူ**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့နိုင်ငံသည် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပန်းတိုင်ကို ဦးတည်နေသည့်နိုင်ငံ ဖြစ်ပါကြောင်း၊ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတစ်ခု ထူထောင်ရန်အတွက် အခြေခံအားဖြင့် မတူကွဲပြားမှုများအပေါ် အခြေခံပြီး ညီညွတ်မှုကို ရယူနိုင်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ မတူကွဲပြားမှုများအပေါ် အခြေခံပြီး ညီညွတ်မှုကို မယူနိုင်ခဲ့သည့်အတွက် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီး အချိန်အခါကစပြီး ပြည်တွင်းစစ်မီးများ တောက်လောင်ခဲ့ပါကြောင်း။

**ညီမျှအောင်လုပ်ရမည်ဖြစ်**

မတူကွဲပြားမှုဟု ပြောခြင်းသည် လူမျိုးရေးအရသာမက ဝိဓါဒအရ မတူကွဲပြားမှုများကို ပြောကြားလိုခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် မတူကွဲပြားမှုအပေါ် အခြေခံပြီး ညီညွတ်မှု တည်ဆောက်ရန် မည်မျှအရေးကြီးသည်ကို အားလုံးက သဘောပေါက်မည်ဟု ထင်ပါကြောင်း၊ ထိုသို့ သဘောပေါက်ရန် မိမိတို့ ကမ္ဘာကြီး၏အခြေအနေများကို လေ့လာရန် လိုအပ်ပါကြောင်း၊ အဓိကပြောချင်သည်မှာ တစ်ဦးနှင့်တစ်ဦး မတူကွဲပြားသည့် လက္ခဏာများအပေါ်တွင် အခြေခံသည့် နိုင်ငံရေးစနစ်များ ပေါ်ပေါက်နိုင်ပါကြောင်း၊ အဆိုပါနှစ်ခုကို မိမိတို့အနေဖြင့် ချိန်ခွင်လျှာ ညီမျှအောင် လုပ်ရမည်ဖြစ်ကြောင်း၊ လူတိုင်းလူတိုင်း အနေဖြင့် မိမိ၏ တခြားလူများနှင့်မတူသော ဝိသေသလက္ခဏာများကို ထိန်းသိမ်းထားလိုသည်မှာ သဘာဝကျပါကြောင်း။


*စာမျက်နှာ ၃ ကော်လံ ၁* ❁






နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။

သတင်းစဉ်




# မတူကွဲပြားမှုကို အင်အားအဖြစ်ပြောင်းလဲ

မျက်မှောက်ကာလ ကမ္ဘာ့မြင်ကွင်းကျယ်ကြီးကိုကြည့်လျှင် ကမ္ဘာလုံးချီသည့် ကူးစက်ရောဂါဘေးကြောင့် နိုင်ငံကြီး နိုင်ငံငယ်မဟူ ကမ္ဘာပေါင်းစုံမှာ ထိခိုက်ခံစားနေကြရသည့် မြင်ကွင်းက အထင်ရှားဆုံးဖြစ်နေသည်ကို တွေ့မြင်ရမည်။ သို့ရာတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ စားနပ်ရိက္ခာနှင့် သန့်ရှင်းသော သောက်သုံးရေမလုံလောက်မှု၊ ဆင်းရဲမွဲတေမှု စသည့်ပြဿနာကြီးများကလည်း ကမ္ဘာ့နိုင်ငံများစွာတို့ကို လေးလံစွာ ဖိစီးလျက်ရှိနေသေးသည်။ တစ်ဖက်တွင်လည်း အကြမ်းဖက်ဝါဒနှင့် အုပ်စုဖွဲ့ဗိုလ်ကျစိုးမိုးလိုသည့် ဝါဒတို့ကို ရင်ဆိုင်နေကြရသည်။

၂၁ ရာစု၏ ယင်းသို့သော စိန်ခေါ်မှုများကို နိုင်ငံတိုင်း နိုင်ငံတိုင်းက မဖြစ်မနေ ဖြေရှင်းကြရမည်ဖြစ်စေကာမူ အင်အားချည့်နဲ့ကာ ချွတ်ခြုံကျနေသည့်နိုင်ငံများ၊ ဘက်ပေါင်းစုံတွင် အောင်မြင်မှုမရသည့်နိုင်ငံများ၊ ပြဿနာများနှင့် လုံးထွေးကာ အရေးနိမ့်နေသည့်နိုင်ငံများကဲ့သို့သော အခြေအနေမျိုးနှင့်မူ ရင်ဆိုင်ဖြေရှင်း၍ရမည် မဟုတ်ပေ။ မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်မှာ ပြည်တွင်းစည်းလုံးညီညွတ်မှု၊ စီးပွားရေးနှင့် စစ်ရေးခိုင်မာတောင့်တင်းမှု အင်အားများကို တည်ဆောက်ထားရမည်ဖြစ်သကဲ့သို့ နိုင်ငံတကာမျက်နှာစာတွင်လည်း မိတ်ဖက်နိုင်ငံများ၊ ဒေသအလိုက် နိုင်ငံအသင်းအပင်းများဖွဲ့စည်းကာ စုပေါင်းရင်ဆိုင်ဖြေရှင်းကြရခြင်းဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့်မူ မျက်မှောက်ကာလတွင် ဆယ်စုနှစ်များစွာ ခေတ်နောက်ကျကျန်နေခဲ့ရသည့်အခြေအနေမျိုးမှ ရုန်းထွက်နိုင်ရန် ကြိုးပမ်းနေရသလို စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်သို့ဦးတည်၍ တည်ဆောက်အကောင်အထည်ဖော်နေရသည်။ ယင်းသို့ တည်ဆောက်အကောင်အထည်ဖော်ရာတွင် အဓိကအကျဆုံး လိုအပ်ချက်မှာ စည်းလုံးညီညွတ်မှုပင်ဖြစ်သည်။ စည်းလုံးညီညွတ်မှုဟုဆိုရာတွင် မတူကွဲပြားမှုများကို အခြေခံပြီး အပြန်အလှန် အသိအမှတ်ပြုမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ ကိုယ်ချင်းစာမှုများဖြင့် ငြိမ်းချမ်းညီညွတ်စွာ အတူနေထိုင်ကြခြင်းဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းက ငြိမ်းချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့အတွက် ပင်မရေသောက်မြစ်လည်း ဖြစ်သည်။

"မတူကွဲပြားမှုများကို အင်အားဖြစ်အောင် ဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်နှင့် အင်အားဖြစ်အောင် ဆောင်ရွက်ရမည့်နည်းလမ်းကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံလို အရွယ်အစားနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံသည့်နိုင်ငံမှာ ရှားပါကြောင်း၊ မိမိတို့အနေဖြင့် မတူကွဲပြားမှုများကို အင်အားဖြစ်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ အင်အားဖြစ်အောင်သာမက ညီညွတ်ရေးအတွက် တွန်းအားတစ်ခုဖြစ်အောင် မိမိတို့လုပ်ရမည်ဖြစ်ပါကြောင်း၊ တစ်ယောက်တွင်မရှိသည့်အားများကို နောက်တစ်ယောက်က ဖြည့်ဆည်းပေးမည်ဆိုသည့် ယုံကြည်မှုများပေါ်လာအောင် မိမိတို့က ကြိုးစားရမည်ဖြစ်ပါကြောင်း" နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံရာ၌ ထည့်သွင်းပြောကြားခဲ့ရာ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်ကို ညွှန်ပြခဲ့ခြင်းပင်ဖြစ်သည်။

အတိတ်သည် ကောင်းကျိုးဆိုးပြစ်တို့ကို သင်ခန်းစာယူရန်ဖြစ်ပြီး ပစ္စုပ္ပန်သည် အနာဂတ်ကိုမျှော်မှန်း၍ အကောင်အထည်ဖော်အလုပ်လုပ်ကြရန်ဖြစ်သည်။ မိမိတို့နိုင်ငံအတွင်းရှိ မတူကွဲပြားမှုများကို အင်အားအဖြစ်စုစည်းကာ ညီညွတ်မှုကိုတည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်လာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ပါစေကြောင်း။ ။



# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံအချောသပ်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းလွဲ ၃ နာရီခွဲက လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ထာဝရငြိမ်းချမ်းရေးစေတီတော်သို့ သွားရောက်ကာ သာသနာ့ဗိမာန်အတွင်း ပါကေးခင်းကျင်းထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေး၍ စေတီတော်ကြီးအား လက်ဝဲရစ် လှည့်လည်ပူဇော်ပြီး ဂန္ဓကုဋီတိုက် အရှေ့ဘက်မုခ်၊ တောင်ဘက်မုခ်၊ အနောက်ဘက်မုခ်၊ မြောက်ဘက်မုခ်တို့တွင် စကျင်ကျောက်အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံခွန်တိုင်အောက်ခြေ စကျင်ကျောက် အချောသပ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ဂန္ဓကုဋီတိုက်အတွင်းရှိ ရုပ်တော်မူ စကျင်ဗုဒ္ဓရုပ်ပွားတော် အချောသပ်လုပ်ငန်း ဆောင်ရွက်နေမှု၊ ဆင်းတုတော်နောက်ကျော တံကဲရွှေဆေးခြယ်သထားမှု၊ ကားပါကင်အတွင်း အရိပ်ရအပင် စိုက်ပျိုးထားရှိမှုနှင့် စေတီတော်ပရိဝုဏ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အချောသပ်လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထာဝရငြိမ်းချမ်းရေးစေတီတော် စကျင်ကျောက်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စေတီတော်ဘက်စုံအချောသပ်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း စနစ်တကျကောင်းမွန်အောင် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် စေတီတော်ပတ်လမ်း ခင်းကျင်းဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံ ပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းမည်။ **မိုး/ဇလ**

# ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း ဒေသထွက် ထွက်ကုန်များကို နေပြည်တော်သမဝါယမအသင်းစုချုပ်မှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**အောင်ပန်း ဩဂုတ် ၁၁**

ယနေ့ကာလတွင်တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့်အခက်အခဲများကို ကူညီဖြေရှင်းပေးရန်၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စွာလည်ပတ်နိုင်စေရန်၊ ဈေးကွက်ရရှိစေရန်၊ လေလွင့်ဆုံးရှုံးမှု မရှိစေရန်နှင့် သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်စေရန်ရည်ရွယ်၍ တိုင်းဒေသကြီး / ပြည်နယ် သမဝါယမအသင်းစုချုပ်များမှ ပို့ဆောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို သမဝါယမကဏ္ဍမှ အစွမ်းကုန်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော် သမဝါယမအသင်းစုချုပ်သည် ရှမ်းပြည်နယ်တောင်ပိုင်း / အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်လီမိတက်နှင့် ချိတ်ဆက်၍ အောင်ပန်းမြို့နယ် နောင်တရားဒေသထွက် အာလူးပိဿာချိန် ၅၀၀၀ နှင့် တောင်ကြီးမြို့နယ် ကျောက်တစ်လုံးဒေသထွက် ကြက်သွန်ဖြူပိဿာချိန် ၁၀၀၀ ကို ဝယ်ယူကာ နေပြည်တော်နယ်မြေအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမအသင်းသား ပြည်သူများ ထံသို့ ဒေသပေါက်ဈေး အာလူး တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ နှုန်းရှိသော်လည်း တစ်ပိဿာလျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်သွန်ဖြူဥတစ်လုံး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းရှိသော်လည်း ငွေကျပ် ၂၂၀၀ နှုန်းဖြင့် လည်းကောင်း၊ ကြက်သွန်ဖြူအမွှာထူး(၃) တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ နှုန်းရှိသော်လည်း ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် ကြက်သွန်ဖြူနှင့် အာလူးများကို No Profit, No Loss အစီအစဉ်ဖြင့် အမြတ်အစွန်း အဓိကမထားဘဲ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူသာလျှင် အဓိက

❁ *ရှေ့ဖုံးမှ*

ထိုသို့ ထိန်းသိမ်းခြင်းဖြင့် ကွဲပြားမှုဖြစ်နေခြင်းသည် မိမိအတွက် လုံခြုံမှုမရှိဘူးဟူသည့် အခြေခံအတွေးအခေါ်ကြောင့်ဖြစ်သည်ဟု မိမိအနေဖြင့် သုံးသပ်ပါကြောင်း၊ မိမိသည် တခြားသူများနှင့် မတူပါက၊ မိမိတွင် လုံခြုံမှုမရှိဘူးဟူသည့် စိတ်ထားဖြစ်လာပါက မိမိနှင့် မတူသည့်သူများကို ရန်ဘက်ဟု မြင်လာပါကြောင်း၊ မိမိ၏ လုံခြုံရေးကို အန္တရာယ်ပြုမည့်သူများဟု မြင်လာပါကြောင်း၊ ထိုသို့ မမြင်နိုင်ရန် မိမိတို့သည် အားလုံးကို နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေများ၊ အခြေခံတန်ဖိုးထားမှုများကို လုံခြုံမှုပေးသည့် အဆင့်ရောက်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကြိုးစားရာတွင် နိုင်ငံတော်အစိုးရနှင့် အစိုးရဌာနအဆင့်ဆင့်ကလည်း ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပြည်သူများအနေဖြင့် တစ်ဦးချင်း၊ တစ်ဦးချင်း ကြိုးစားရမည်ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းစဉ်းစားပေး

ယနေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအနေဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို ထူထောင်ရန်အတွက် မည်သို့အထောက်အကူပြုနိုင်မည်ဆိုသည်ကို ဝိုင်းဝန်းစဉ်းစားပေးရန် ဖြစ်ပါကြောင်း၊ နေရာတိုင်း နေရာတိုင်း၊ လူအုပ်စုတိုင်း လူအုပ်စုတိုင်းသည် မိမိ၏ ထူးခြားသည့် ဝိသေသလက္ခဏာများကို ထိန်းသိမ်းချင်ကြပါကြောင်း၊ ထိုသို့ ထိန်းသိမ်းမှုသည် ပြည်ထောင်စုဆိုသည့် အားလုံးကို လွှမ်းခြုံထားသော လုံခြုံသည့် ထီးရိပ်အောက်တွင် ပိုပြီးဖြစ်နိုင်မည်ဆိုသည့် စိတ်ဓာတ်များ မွေးမြူလာအောင် မိမိတို့ ပြုစုပျိုးထောင် ကူညီပေးနိုင်ပါက ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုလမ်းစဉ်များအပေါ် မိမိတို့ ကောင်းကောင်းရောက်သွားပြီဟု ပြောနိုင်မည်ဖြစ်ပါကြောင်း။

### ပြဿနာအမျိုးမျိုးကို ဖြေရှင်းနိုင်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများသည် ပြည်နယ်နှင့်လည်း မတူပါကြောင်း၊ ပြည်နယ်များအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံရှိပါကြောင်း၊ ၎င်းမှာ မိမိတို့နိုင်ငံ၏ စိန်ခေါ်မှုတစ်ခုဟု ပြော၍ရပါကြောင်း၊ အင်အားတစ်ခုဟုလည်း ပြော၍ ရပါကြောင်း၊ မတူကွဲပြားမှုများကို အင်အားဖြစ်အောင်လုပ်၍ ရပါကြောင်း၊ ဥပမာ - အစုအဖွဲ့တစ်ခုတွင် ကိစ္စတစ်ခုကို ဖြေရှင်းဆောင်ရွက်ရာ၌ ကျွမ်းကျင်မှု အမျိုးမျိုးရှိသည့်လူများနှင့် ပူးပေါင်းဖွဲ့စည်းပြီး ဆောင်ရွက်ပါက ပြဿနာအမျိုးမျိုးကို ဖြေရှင်းနိုင်ပါကြောင်း။

### အင်အားဖြစ်အောင် လုပ်ရမည်

ထို့ကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် မတူကွဲပြားမှုများကို အင်အားဖြစ်အောင် ဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်နှင့် အင်အားဖြစ်အောင် ဆောင်ရွက်ရမည့် နည်းလမ်းကို ရှာဖွေရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံလို အရွယ်အစားနှင့် တိုင်းရင်းသား လူမျိုးပေါင်းစုံသည့် နိုင်ငံမှာ ရှားပါကြောင်း၊ မိမိတို့အနေဖြင့် မတူကွဲပြားမှုများကို အင်အားဖြစ်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ အင်အားဖြစ်အောင်သာမက ညီညွတ်ရေးအတွက် တွန်းအားတစ်ခုဖြစ်အောင် မိမိတို့ လုပ်ရမည်ဖြစ်ပါကြောင်း၊ တစ်ယောက်တွင် မရှိသည့်အားများကို နောက်တစ်ယောက်က ဖြည့်ဆည်းပေးမည်ဆိုသည့် ယုံကြည်မှုများပေါ်လာအောင် မိမိတို့က ကြိုးစားရမည်ဖြစ်ပါကြောင်း။



"နာဂ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်း



"ဓနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း



"ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်

### အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌများသည် မိမိတို့ဒေသ၏ အခြေအနေများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသ၏ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများသည် မည်မျှကြီးမား၍ မည်မျှခက်ခဲသည်ကိုလည်း သဘောပေါက်ကြမည်ဟု မိမိယူဆပါကြောင်း၊ ယခုကဲ့သို့ အစည်းအဝေး ခေါ်ယူခြင်းမှာ အဆိုပါ စိန်ခေါ်မှုများကို အတူရင်ဆိုင်ကျော်လွှားနိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့၏ အန္တိမ ရည်ရွယ်ချက်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ရာတွင် အတားအဆီးပြဿနာ ဖြစ်နိုင်သောကိစ္စများကို မိမိတို့ ဖြေရှင်းဖယ်ရှားရန်ဖြစ်ပါကြောင်း။

### ပြည်သူသာလျှင် အဓိက

မိမိတို့အတွက် ယခုလောလောဆယ် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုကြီးနှစ်ခုမှာ ကျန်းမာရေးအရ ကိုဗစ်-၁၉ ရောဂါကိစ္စနှင့် နိုင်ငံရေးအရ မကြာမီကာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စ နှစ်ခုစလုံးကို အောင်အောင်မြင်မြင် ရင်ဆိုင်ကျော်လွှားရန် ပြည်သူပြည်သားများအားလုံးပါဝင်မှုသည် မိမိတို့အတွက် နံပါတ်တစ်ဖြစ်ပါကြောင်း၊ "ပြည်သူသာလျှင် အဓိက" ဟု မိမိတို့ ထပ်တလဲလဲပြောပါကြောင်း၊ အဆိုပါ ပြည်သူများထဲတွင် ယခုအခန်းအတွင်းရှိ ထိုင်နေကြသူများလည်း ပါဝင်ပါကြောင်း၊ မိမိတို့အားလုံးသည် ပြည်သူပြည်သားများသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့တစ်ယောက်ချင်း၊ တစ်ယောက်ချင်းသည် အဓိကကျသည်ကို မမေ့စေချင်ပါကြောင်း၊ ယခုကဲ့သို့ ပြည်သူပြည်သားတစ်ယောက်အနေဖြင့် အဓိကျသည့်နေရာတွင် နိုင်ငံ့၏ တာဝန်များကို ထမ်းဆောင်နေသော ပုဂ္ဂိုလ်များအနေဖြင့် တာဝန်ရှိပါကြောင်း၊ ပိုပြီးကြီးလေးသည့် တာဝန်ရှိသည်ဟု မိမိက သဘောထားပါကြောင်း၊ ထို့ကြောင့် မိမိတို့ ယခုပစ္စုပ္ပန်တွင် ရင်ဆိုင်နေသည့် စိန်ခေါ်မှုကြီးနှစ်ခုကို ရင်ဆိုင်သောနေရာတွင် အောင်အောင်မြင်မြင် ထိထိရောက်ရောက် ရင်ဆိုင်ကျော်လွှားသွားရန် မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ ရင်ဆိုင်ကျော်လွှားသွားရန် လုပ်၍ရမည်ဟု မိမိက ယုံကြည်ပါကြောင်း။

### ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမည်

အလုပ်တစ်ခု အောင်မြင်ရန် ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမည်ဖြစ်ကြောင်း၊ အလုပ်နှင့် ပြဿနာကို ဖြေရှင်းရင်ဆိုင်ကျော်လွှားနိုင်ရန် မိမိတွင် အရည်အချင်းရှိသည်ဟု ယုံကြည်ရမည်ဖြစ်ကြောင်း၊ မိမိတစ်ယောက်တည်း၏ အရည်အချင်းမဟုတ်ဘဲ စုပေါင်းအရည်အချင်းရှိသည်ကိုလည်း ယုံကြည်ရန် လိုအပ်ပါကြောင်း၊ မိမိတို့တွင် စုပေါင်းအင်အားရှိသည် ဝန်းရံပေးမည့် အင်အားများရှိသည်ဟု ယုံကြည်မှုရှိပြီဆိုပါက မိမိတို့သည် အောင်မြင်မှုလမ်းပွင့်သွားပြီဟု ယူဆ၍ ရပါကြောင်း။

### ကာကွယ်ဆေးထုတ်နိုင်ရန် ကြိုးပမ်းနေ

ကိုဗစ်- ၁၉ နှင့် ပတ်သက်၍ မိမိပြောလိုပါကြောင်း၊ မိမိတို့ တစ်နိုင်ငံလုံးတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယခုကိစ္စနှင့်ပတ်သက်၍ အပင်ပန်းခံပြီး ပါဝင်ဆောင်ရွက်ရပါကြောင်း၊ ထိုဆောင်ရွက်မှုများသည် အဆိုပါကပ်ရောဂါကြီးကို တိုင်းပြည်တစ်တိုင်းပြည်အနေဖြင့်သာမက ကမ္ဘာ့အဆင့်မီ ရင်ဆိုင်နိုင်ပြီဟု ဂုဏ်ယူနိုင်ပါကြောင်း၊ ပါဝင်ဆောင်ရွက်ပေးသည့်သူများကို ကျေးဇူးတင်ပါကြောင်း၊ သို့သော် ကိုဗစ် - ၁၉ ကိစ္စက မပြီးသေးပါကြောင်း၊ ယင်းပြဿနာ ဖြေရှင်းရန်မှာ မိမိတို့ နိုင်ငံတစ်နိုင်ငံတည်း မဟုတ်ပါကြောင်း၊ အဓိက ဆေးဝါးသုတေသနနှင့် ပတ်သက်သည့်ကိစ္စ ဖြစ်ပါကြောင်း၊ ကာကွယ်ဆေး မပေါ်မချင်း ၎င်းပြဿနာကို မိမိတို့ ကျော်လွှား၍ရပြီဟု မသတ်မှတ်နိုင်ပါကြောင်း၊ ကာကွယ်ဆေးကို ထုတ်နိုင်သည့် နိုင်ငံမှာ မိမိတို့နိုင်ငံ မဟုတ်ခြင်းသည် အားငယ်စရာ မဟုတ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်နိုင်ရန် အားလုံးကဝိုင်းပြီး ကြိုးပမ်းနေကြပါကြောင်း၊ လူတိုင်း လူတိုင်းကြိုးပမ်းနေခြင်းသည် မိမိတို့ နိုင်ငံ တစ်နိုင်ငံအတွက် သာမက တစ်ကမ္ဘာလုံးအတွက် ကြိုးပမ်းနေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးမပေါ်ခင်ကာလအတွင်း မိမိတို့အနေဖြင့် စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း။

### တရားမျှတမှုရှိရမည်ဖြစ်

မိမိတို့ ပြည်သူများ မပေ့ါဆအောင် သက်ဆိုင်ရာဌာနများနှင့် အစိုးရဝန်ထမ်းများက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရန် အခြေခံအားဖြင့် တရားမျှတမှုနှင့် လွတ်လပ်မှုရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်မှုရှိရန်မှာ ပထမဦးဆုံး မဲပေးပိုင်ခွင့်ရှိသော ပြည်သူပြည်သားအားလုံး မဲပေးပိုင်ခွင့်ရရှိအောင် လုပ်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည် တရားမျှတမှုရှိရမည် ဖြစ်ကြောင်း။

### လွတ်လွတ်လပ်လပ်နှင့် မဲပေးနိုင်

မဲပေးပိုင်ခွင့်သည် နိုင်ငံသူ နိုင်ငံသားတစ်ယောက်အတွက် အကြီးမားဆုံး အခွင့်အရေးတစ်ခုဖြစ်ပြီး အလွန်တန်ဖိုးရှိသည့် အခွင့်အရေးတစ်ခုဖြစ်သည့်အပြင် အရေးကြီးသည့် တာဝန်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ထိုတာဝန်ကို ထမ်းဆောင်နိုင်ရန်နှင့် ယခုအခွင့်အရေးကို ရယူနိုင်ရန်အတွက် ကူညီပေးရမည်မှာ နိုင်ငံတော်၏ တာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းအားလုံးသည် မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသူနိုင်ငံသားတစ်ဦး တစ်ယောက်မကျန် မဲပေးပိုင်ခွင့်ရအောင် ဆောင်ရွက်ပေးရမည်မှာ ပထမတာဝန်ဖြစ်ပါကြောင်း၊ ယခုကာလတွင် လက်ရှိရင်ဆိုင်နေရသည့် အကြီးဆုံးစိန်ခေါ်မှုမှာလည်း အဆိုပါကိစ္စဖြစ်ပါကြောင်း၊ အားလုံးတွင် မဲပေးပိုင်ခွင့်ရရှိပြီး လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ်နှင့် မဲပေးနိုင်ရန်အတွက် အခြေအနေများကို ဖန်တီးပေးရပါမည်ဖြစ်ကြောင်း။

လုံလုံခြုံခြုံဟု ပြောရခြင်းမှာ ကျန်းမာရေးကို အဓိကထားပြီး ပြောခြင်းဖြစ်ပါကြောင်း၊ ၎င်းမှာ နိုင်ငံတော်၏ တာဝန်ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်လည်း ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် ၎င်းတို့တာဝန်အရ ဆောင်ရွက်နေကြပါကြောင်း၊ ယခုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအနေဖြင့် တာဝန်အရ

*စာမျက်နှာ ၄ သို့*

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် မတူကွဲပြားမှုများကို အင်အားဖြစ်အောင် ဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်နှင့် အင်အားဖြစ်အောင် ဆောင်ရွက်ရမည့်နည်းလမ်းကို ရှာဖွေရမည်ဖြစ်
- တစ်ယောက်တွင် မရှိသည့်အားများကို နောက်တစ်ယောက်က ဖြည့်ဆည်းပေးမည်ဆိုသည့် ယုံကြည်မှုများပေါ်လာအောင် မိမိတို့က ကြိုးစားရမည်ဖြစ်

*စာမျက်နှာ ၃ မှ*

လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအနေဖြင့် အမှန်တကယ် ထိထိရောက်ရောက် လုပ်ဆောင်နိုင်သည်ကို ပြသရန်လိုအပ်ကြောင်း၊ ယင်းမှာ ဒီမိုကရေစီပြည်ထောင်စု၏ အခြေခံအုတ်မြစ်ချနိုင်ပြီဟု ပြသသည့် သဘောဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် မိမိတို့၏ ရပိုင်ခွင့်များကို ရရှိခြင်း၊ မိမိတို့၏ တာဝန်ကို ကျေပွန်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ အကောင်းဆုံးပုံရိပ်ကို ဖော်ညွှန်းခြင်းဖြစ်ပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးများ၏ တာဝန်ရှိသူများအနေဖြင့် ယခုအခွင့်အရေးကို ပြည်သူများရရှိအောင်နှင့် ပြည်သူများ တာဝန်ကျေနိုင်အောင် ကြိုးစားပေးကြရန် မိမိအနေဖြင့် ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် စုပေါင်းအင်အားနှင့် ဆောင်ရွက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရ၏ မူဝါဒများထဲတွင် အမျိုးသားရင်ကြားစေ့ရေးကို အမြဲတမ်းထည့်သွင်းပြောကြားပါကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးဆိုသည်မှာ မတူကွဲပြားသောအမြင်များ၊ အယူအဆများနှင့် တန်ဖိုးများကို သဟဇာတဖြစ်အောင် ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

# ❖ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့်အတွက် တာဝန်တစ်ခုမှာ မိမိကို ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူများ၏ ယုံကြည်မှုကို မချိုးဖောက်ရန် တာဝန်ဖြစ်

# ❖ ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူများ လိုချင်သည့်အရာကို စဉ်းစားကြည့်သည့်အခါ နောက်ဆုံးတွင် အားလုံးသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို လိုချင်ကြ

### ယုံကြည်မှုတည်ဆောက်

မိမိတို့အနေဖြင့် ညီညွတ်မှုကို တည်ဆောက်ရာတွင် မည်မျှခက်ခဲမည်ကို ယခုကိစ္စမှတစ်ဆင့် နားလည်နိုင်မည်ဖြစ်ပါကြောင်း၊ တစ်ယောက်ကိုတစ်ယောက် နားလည်မှု၊ အမြင်ကျယ်မှုနှင့် အပြန်အလှန်လေးစားမှုရှိမှသာ အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်မှသာလျှင် တကယ့်စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန်မှာ လက်တွေ့ မလွယ်ကူပါကြောင်း၊ လူတစ်ယောက်ကို ယုံကြည်ရန်ဆိုသည်မှာ မလွယ်ကူပါကြောင်း၊ မိမိယုံကြည်နိုင်သည့်သူများရှိသကဲ့သို့ မိမိကလည်း အခြားသူများအတွက် ယုံကြည်သင့်သည့်သူတစ်ယောက် ဖြစ်အောင်လုပ်ရန် အရေးကြီးပါကြောင်း။



"ပလောင်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း



"ကိုးကန့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်



"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးရန်ကျော်

### ပြည်သူ့အသံနားထောင်ကြရန်လို

ပြည်သူများ၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်နေသည့် နိုင်ငံ့ဝန်ထမ်းများသည် အရေးကြီးပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံသူနိုင်ငံသားများက ယုံကြည်လေးစားရန် အရေးကြီးပါကြောင်း၊ မိမိအနေဖြင့် ပြောကြားလိုသည်မှာ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့အသံကို နားထောင်ကြရန် လိုအပ်ကြောင်း၊ မိမိဒေသရှိပြည်သူများ၏ အသံကို နားထောင်ခြင်းဖြင့် တစ်ယောက်ကို တစ်ယောက် ပိုပြီးနားလည်သွားမည်ဖြစ်ပါကြောင်း၊ နားလည်မှုအပေါ် အခြေခံပြီး ယုံကြည်မှုတည်ဆောက်၍ ရပါကြောင်း။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်ချက်များ ရှိနိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးကို တတ်နိုင်သမျှ ညီညီမျှမျှ ကူညီဆောင်ရွက်ပေးနေပါကြောင်း၊ သူ့နေရာ၊ သူ့ဒေသနှင့် သင့်တော်သည့် ပုံစံဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဒေသတာဝန်ရှိသူများအနေဖြင့် မိမိဒေသ၏ ပြဿနာများကို သိရှိကြသည့်အတွက် တင်ပြချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ပံ့ပိုးဆောင်ရွက်ပေးမည်ကို ဆုံးဖြတ်ပေးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မူတည်၍ မိမိတို့အနေဖြင့် ချက်ချင်းဆောင်ရွက်ပေးရမည့်ကိစ္စများကို ချက်ချင်းဆောင်ရွက်ပေးမည့်အပြင် အချိန်ယူ ဖြည့်ဆည်းပေးရမည့်ကိစ္စများကိုလည်း ဆက်လက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "နာဂ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကေဆိုင်း က နာဂဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် လမ်း၊ တံတားများ တည်ဆောက်ပေးရေး၊ ဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ "ဓနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ဝန်ကြီးဌာနများမှ ဝန်ထမ်းများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ရွှေ့ပြောင်းတာဝန်ချထားရာတွင် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားရေး၊ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများ၏ အခန်းကဏ္ဍများ ထည့်သွင်းပေးရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသအဆင့် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီများ ဖွဲ့စည်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အခမ်းအနားများ ပါဝင်တက်ရောက်ခွင့်ရရှိရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း။

### ဆွေးနွေးတင်ပြ

"ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် မူးယစ်ဆေးဝါးပြဿနာများ လျော့နည်းပပျောက်ရန် Pilot Project များချမှတ်၍ ကူညီဆောင်ရွက်ပေးရေး၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များအတွက် သက်သာသောချေးငွေများ ထုတ်ချေးပေးရေးနှင့် ဒေသခံတိုင်းရင်းသားများအတွက် သင်တန်းကျောင်းများ ဖွင့်လှစ်ပေးနိုင်ရေး၊ တရားရုံး တည်ဆောက်ရန် မြေနေရာကိစ္စတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ "ပလောင်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း က ဌာနဆိုင်ရာရုံးများ အဆင့်တိုးမြှင့်ဖွဲ့စည်းပေးရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စုပေါင်းရုံး တည်ဆောက်ရေးအတွက် ဘတ်ဂျက်ထည့်သွင်းလျာထားပေးရေး၊ တရားမဝင် လက်ဖက်များ ပြည်တွင်းသို့ ဝင်ရောက်နေမှုကို ထိရောက်စွာ အရေးယူဆောင်ရွက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ "ကိုးကန့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန် က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏အခြေအနေ၊ ဖွဲ့စည်းပုံနှင့် လူဦးရေ၊ ဆေးရုံ အဆင့်မြှင့်တင်ပေးရေး၊ ကိုးကန့်တိုင်းရင်းသားများအတွက် မှတ်ပုံတင်ပြုလုပ်ပေးရေးကိစ္စနှင့် ချင်းရွှေဟော်စီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးရန်ကျော်က ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ ဖွံ့ဖြိုးရေးကိစ္စများနှင့် စပ်လျဉ်း၍ ကြည့်ရှုပေးမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်ဆိုလျှင် တရားဥပဒေစိုးမိုးရန် လိုအပ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ငွေအား၊ လူအားနှင့် ပစ္စည်းအားများ လိုအပ်ပါကြောင်း၊ နိုင်ငံသားဖြစ်ရေးကိစ္စမှာ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် ညီညွတ်ရန် အရေးကြီးပါကြောင်း၊ လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲမှု မရှိစေရန် စာသင်ကျောင်းများက အသိပညာပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးသည် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးအတွက်လည်း နိုင်ငံ ဖွံ့ဖြိုးရေးသည် အရေးကြီးပါကြောင်း၊ ချင်းရွှေဟော် စီးပွားရေးဇုန်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ စီးပွားရေး လုပ်ဆောင်ရာတွင် နှစ်နိုင်ငံ ညီမျှရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်ဖက်ညီမျှရန် နည်းလမ်းရှာဖွေသွားမည်ဖြစ်ပါကြောင်း၊ မတူကွဲပြားမှုကို စုစည်းပြီး အင်အားအဖြစ် တည်ဆောက်သွားနိုင်ရန် အရေးကြီးပါကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို အကျယ်တဝင့် ပြန်လည်ရှင်းလင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်စကားပြောကြားရာတွင် မိမိတို့အားလုံးသည် မတူညီသည့် နိုင်ငံရေးပါတီများနှင့် ဒေသများမှ လာကြသော်လည်း နိုင်ငံတော်အပေါ်တွင် တူညီသည့် စေတနာထားသည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ မိမိတို့အားလုံးသည် နိုင်ငံတော်၏ဝန်ထမ်းများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဝန်များ ထမ်းပေးခြင်းသည် ပြည်သူလူထုအတွက် ထမ်းပေးခြင်းဖြစ်ပါကြောင်း၊ အင်မတန်ကြီးမြတ်သည့် တာဝန်တစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အရည်အချင်းရှိသရွေ့ မှန်မှန်ကန်ကန် ထမ်းဆောင်ရမည့် တာဝန်တစ်ခုလည်း ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့ဝင်ဆိုသည်မှာ နိုင်ငံတော်ဝန်ထမ်းပင် ဖြစ်ပါကြောင်း။

သို့သော် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသည့်အတွက် တာဝန်တစ်ခုမှာ မိမိကိုရွေးချယ်တင်မြှောက်ထားသည့် ပြည်သူများ၏ ယုံကြည်မှုကို မချိုးဖောက်ရန် တာဝန်ဖြစ်ပါကြောင်း၊ ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူများ လိုချင်သည့်အရာကို စဉ်းစားကြည့်သည့်အခါ နောက်ဆုံးတွင် အားလုံးသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို လိုချင်ကြပါကြောင်း၊ ယင်းနှင့်ပတ်သက်၍ မိမိအနေဖြင့် မည်သို့မျှ ငြင်းစရာအကြောင်းမရှိဟု ထင်မြင်ပါကြောင်း၊ ငြိမ်းချမ်းရေးရှိရန်နှင့် ဖွံ့ဖြိုးရေးရရှိစေရန် ဆောင်ရွက်ရာတွင် မတူကွဲပြားမှုများ ရှိမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို ညှိနှိုင်းရမည် ဖြစ်ပါကြောင်း။

### တရားမျှတရေးအပေါ်တွင် အခြေခံ

ငြိမ်းချမ်းရေး ရရှိရေးကို ဦးနှောက်နှင့် နှလုံးသားအင်အားအခြေခံ၍ ဆောင်ရွက်စေလိုပါကြောင်း၊ လက်နက်ကို အားကိုး၍ ငြိမ်းချမ်းရေးရရှိစေရန် မဆောင်ရွက်စေလိုပါကြောင်း၊ ဖွံ့ဖြိုးရေးရရှိစေရန် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတရေးအပေါ်တွင် အခြေခံ၍ ဆောင်ရွက်လိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးရေး၊ အမျိုးသား ရင်ကြားစေ့ရေး၊ အကြမ်းမဖက်ရေးဆိုသည်တို့မှာ များစွာအရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်အတွက်လည်း အရေးကြီးပါကြောင်း၊ ယင်းမှာ မိမိတို့ ဦးတည်နေသည့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်အတွက် အရေးကြီးခြင်းလည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့တင်ပြသွားသည့်ကိစ္စများသည် တစ်နည်းတစ်လမ်းဖြင့် မိမိတို့လိုလားသည့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း။

ပြဿနာရှိသည်ကို သိရှိမှသာ ဖြေရှင်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြဿနာများ ရှိမှန်းမသိပါက ဖြေရှင်းပေး၍ မရပါကြောင်း၊ ဖြေရှင်းပေး၍ မရသည့်အတွက် မကျေနပ်မှုများ ဖြစ်ကြပါကြောင်း၊ နိုင်ငံတော်အစိုးရသည် တင်ပြမှသာ သိရှိရပြီး လိုက်လံစုံစမ်း လေ့လာမေးမြန်းရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တင်ပြလာခြင်းများနှင့် မေးမြန်းလာခြင်းများကို ကြိုဆိုပါကြောင်း၊ အမေးရှိမှ အဖြေရှာတွေ့နိုင်မည်ဖြစ်ပါကြောင်း၊ စုစည်းမှုအင်အားဖြင့် မိမိတို့နိုင်ငံကို ညီညီညွတ်ညွတ်ဖွံ့ဖြိုးတိုးတက်၍ ခိုင်မာသည့် နိုင်ငံတစ်ခုဖြစ်စေရန် ထူထောင်သွားနိုင်မည်ကိုလည်း ယုံကြည်ပါကြောင်း၊ အားလုံးသည်လည်း ယင်းယုံကြည်ချက်ကို မျှဝေပေးကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

### မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဦးတင်မြင့်နှင့် ဦးလှမော်ဦး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်တို့နှင့် လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးမှူးများနှင့်လည်းကောင်း မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များ၊ နည်းပညာအကြံပေးအဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့် သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှု ကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅ ဖြင့်ဖွဲ့စည်းခဲ့ရာ အချိန်ကာလအားဖြင့် ၂ နှစ် ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း။

### ဦးစားပေးလုပ်ငန်းစဉ်များ

အဆိုပါ ကာလအတွင်း အမျိုးသား မြေအသုံးချမှုကောင်စီအနေဖြင့် ပုံမှန်အစည်းအဝေးများကို ၆ လ တစ်ကြိမ် ကျင်းပဆောင်ရွက်ခဲ့သည့်အပြင် အမျိုးသားမြေအသုံးချမှု ကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်များ စုပေါင်းဖော်ထုတ်နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ၂ ရက် မှ ၃ရက် အထိ နေပြည်တော်၌ ကျင်းပခဲ့ပါကြောင်း၊ ဖိုရမ်၏ ရလဒ်များတွင် အမျိုးသားမြေအသုံးချမှုကောင်စီ၏ ဖွဲ့စည်းမှုဆိုင်ရာ ခိုင်မာစေခြင်း၊ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်စေခြင်း၊ အမျိုးသားမြေအသုံးချမှု စီမံကိန်းများနှင့် မြေအသုံးချမှုဇုန်များ ရေးဆွဲသတ်မှတ်ခြင်းနှင့် မြေသတင်းအချက်အလက် စီမံခန့်ခွဲသည့်စနစ် တည်ထောင်ခြင်း စသည့်အချက်အလက်များပါဝင်ရာ အမျိုးသားမြေအသုံးချမှု ကောင်စီအနေဖြင့် ဖိုရမ်ရလဒ်များနှင့်အညီ ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

### အကြံပေးအဖွဲ့ ဖွဲ့စည်းထား

အမျိုးသား မြေအသုံးချမှု ကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကောင်စီ၏ အထောက်အကူပြု လုပ်ငန်းကော်မတီနှင့် အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီနဲ့ အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ် (OneMap Myanmar) ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးမှု မဟာဗျူဟာအကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၊ မြေအသုံးချမှုစီမံကိန်းရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီနှင့် မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ တို့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသား မြေအသုံးချမှုကောင်စီ၏ လမ်းညွှန်မှု၊ နည်းပညာအကြံပေးအဖွဲ့၏ ပံ့ပိုးမှုများဖြင့် လုပ်ငန်းကော်မတီများ အချင်းချင်း လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တို့ရှိ မြေအသုံးချမှုကော်မတီများနှင့် လိုအပ်သလို အားလုံးအတူတကွ ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

### လက်မှတ်ရေးထိုးခဲ့

ထို့ပြင်အမျိုးသားမြေအသုံးချမှု ကောင်စီက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် ဥရောပသမဂ္ဂ The European Union(EU)၊ ဆွစ်ဇာလန် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ Swiss Agency for Development and Cooperation(SDC) တို့အကြား တွေ့ဆုံဆွေးနွေးမှုမှတ်တမ်း Record of Discussion (RoD) ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ယင်း RoD အရ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များမှာ အမျိုးသားမြေအသုံးချမှု မူဝါဒလမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအဆင့် ကော်မတီများ၊ လုပ်ငန်းကော်မတီများနှင့် နည်းပညာဆိုင်ရာ အကြံပေးကော်မတီ ဖွဲ့စည်း

## "အမျိုးသားမြေအသုံးချမှု ကောင်စီအနေဖြင့် မြေသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ် လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အစဉ်အမြဲသုံးသပ်ပြီး အဆိုပါလုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်"

ဆောင်ရွက်ခြင်း၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ဖော်ထုတ်၍ မဟာဗျူဟာစီမံချက် ရေးဆွဲအကောင်အထည်ဖော်ရန် အမျိုးသားအဆင့် ဖိုရမ်များ ကျင်းပခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒတွင် ဖော်ပြထားသည့် လမ်းညွှန်ချက်များကို ထိရောက်စွာအသုံးချပြီး အမျိုးသားမြေဥပဒေနှင့် ဥပဒေများ သဟဇာတဖြစ်ရေး အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်ကို မူကြမ်းရေးဆွဲခြင်းနှင့် အများပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံ မြေသတင်း အချက်အလက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ခြင်း၊ အမျိုးသား မြေအသုံးချမှုစီမံကိန်းရေးဆွဲခြင်းနှင့် ဇုန်သတ်မှတ်ခြင်း၊ မြေကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းအဖွဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အမျိုးသားမြေအသုံးချမှုကောင်စီ အတွင်းရေးမှူးရုံး၏ စွမ်းဆောင်မှု မြှင့်တင်ခြင်း စသည့် လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် အခြားလုပ်ငန်းများ ဖြစ်ကြပါကြောင်း။

### မူဝါဒ၊ မူဘောင်များ ချမှတ်

ထို့ပြင် အဆိုပါ RoD လက်မှတ်ရေးထိုးထားသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် EU က မြန်မာနိုင်ငံ မြေယာကဏ္ဍပြုပြင်ပြောင်းလဲမှု အထောက်အပံ့ပြုနိုင်ရေးအတွက် ဘက်စုံမြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း မြှင့်တင်ရေးဆိုင်ရာ စီမံကိန်း (Promoting Integrated Land Use Planning and Management in Myanmar) ကို ကူညီထောက်ပံ့ရန် စီစဉ်လျက်ရှိပါကြောင်း၊ ခန့်မှန်းကုန်ကျငွေ ယူရို (၅) သန်းဖြင့် စီမံကိန်းကာလ (၄)နှစ် ကြာမြင့်မည်ဖြစ်ပြီး FAO မှတစ်ဆင့် ကူညီပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းကို အမျိုးသားမြေအသုံးချမှုမူဝါဒ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ရေရှည်တည်တံ့စေမည့် မြေအသုံးချမှုစီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရေး တို့ကို ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီထောက်ပံ့ပေးနိုင်ရေးနှင့် ပိုမိုထိရောက်သည့် မူဝါဒ၊ မူဘောင်များ ချမှတ်ဆောင်ရွက်ခြင်းကို မြှင့်တင်ပေးခြင်းဖြင့် ဘက်စုံမြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းကို ဖြစ်ပေါ်လာစေရန် ရည်ရွယ် အကောင်အထည်ဖော်ရန် လျာထားသည်ကိုလည်း သိရှိရပါကြောင်း။

အမျိုးသား မြေအသုံးချမှု ကောင်စီအနေဖြင့် မြေသယံဇာတများကို စနစ်တကျစီမံအုပ်ချုပ် လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အစဉ်အမြဲသုံးသပ်ပြီး အဆိုပါလုပ်ငန်းတာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် ယနေ့အစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးညှိနှိုင်းကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက စတုတ္ထအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဘက်စုံမြေအသုံးချမှု စီမံကိန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသား မြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က အမျိုးသား မြေဥပဒေ ရေးဆွဲပြုစုရေး ဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသား မြေပုံစနစ်ရေးဆွဲ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က မြေအသုံးချမှုစီမံကိန်း ရေးဆွဲရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြေအသုံးချမှုဆိုင်ရာ နည်းပညာအကြံပေး အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်က အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွှမ်းမိုးက စိုက်ပျိုးရေး ဖွံ့ဖြိုးမှုမဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကောင်စီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တို့က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် မြေအသုံးချနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်မှု အခြေအနေ၊ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်အား စနစ်တကျ စိစစ်ဆောင်ရွက်နိုင်ရေး၊ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ ထူထောင်ရေးအတွက် မြေအသုံးချနိုင်ရေး၊ စားကျက်မြေနှင့် ကျေးရွာ ဘုံပိုင်မြေများထားရှိနိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့အရ မြေပိုင်ဆိုင်အသုံးချမှု စီမံခန့်ခွဲနိုင်ရေး၊ ဆက်သွယ်ရေး တာဝါတိုင်များ တည်ဆောက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများနှင့် မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း တို့အတွက် မြေအသုံးချမှုဆိုင်ရာ ကိစ္စရပ်များ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အိမ်ရာစီမံကိန်းများ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့ပြနယ်နိမိတ် အပိုင်းအဝန်းပြန်လည်ဆန်းစစ်နိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကောင်စီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြေအသုံးချမှုကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို Video Conferencing စနစ်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# တောင်ငူခရိုင် ခြောက်မြို့နယ် တောင်သူဖွံ့ဖြိုးတိုးတက်ရေး အပတ်စဉ် (၁၄) သင်တန်းဖွင့်

**ရေတာရှည် ဩဂုတ် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးအတွင်း အကျိုးဆောင်တောင်သူများ တက်ရောက်သည့် တောင်သူဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အပတ်စဉ် (၁၄) Contact Farmar Training (TOT) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့နယ် စိုက်ပျိုးရေး



ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင် က နိုင်ငံ၏ လူဦးရေမှာ နှစ်စဉ်တိုးတက်များပြားလျက်ရှိကြောင်း၊ ထို့ကြောင့်ပင် စားနပ်ရိက္ခာကြွယ်ဝဖူလုံရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ မဖြစ်မနေကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ရာ သင်တန်းသို့တက်ရောက်လာကြသော တောင်သူများအနေဖြင့် ကြိုးစားသင်ယူကြရန် လိုအပ်ပြီး တတ်မြောက်လာသည့် ပညာနှင့် အတွေ့အကြုံများကို မိမိတို့ရပ်ရွာဒေသများသို့ ပြန်လည်ရောက်ရှိသည့်အခါ ဒေသအကျိုး အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တောင်သူအချင်းချင်း နည်းပညာများကို လက်ဆင့်ကမ်းမျှဝေပေးရန်လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ငါးရက်ကြာဖွင့်လှစ်မည့် တောင်သူအကျိုးဆောင် သင်တန်းသို့ ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူး၊ ကျောက်ကြီး မြို့နယ်များမှ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**သန်းလွင်**




ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေသစ်ကို ယာဉ်မောင်းများ သိရှိလိုက်နာနိုင်စေရန်အတွက် ဩဂုတ် ၁၀ ရက်က ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ ၈၉ ယာဉ်လိုင်းမှ ယာဉ်မောင်းများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်းမောင် အသိပညာပေးဟောပြောစဉ်။ ကိုကြီးတင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့အစည်းအဝေး တက်ရောက်

နေပြည်တော် ဩဂုတ် ၁၁

**မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့အစည်းအဝေး (၂/၂၀၂၀) ကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကား ပြောကြားရာတွင် ပြည်သူများ၏ ကျန်းမာရေးအတွက် အရေးကြီးသည့် နေ့စဉ်စားသုံးနေရသော အစားအစာများ၊ အကြောင်းအမျိုးမျိုးကြောင့် သုံးစွဲရသည့် ဆေးဝါးများနှင့် အလှကုန်၊ လူသုံးကုန်ပစ္စည်းများ အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန်မှာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၏ တာဝန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများပါဝင်သည့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့အနေဖြင့် ကျန်းမာရေးရှုထောင့်သာမက ဥပဒေရေးရာ၊ စီးပွားရေးရာ၊ သွင်းကုန်၊ ထုတ်ကုန်ရေးရာ အပါအဝင် ဘက်စုံ၊ ရှုထောင့်စုံမှ စဉ်းစားသုံးသပ်ပြီး မူဝါဒများ ချမှတ်ခြင်း၊ အကြံဉာဏ်များပေးခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များကို ချမှတ်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်ဖြစ်ပါကြောင်း။

### အကြံပြုချက်များပေးရမည်

၎င်းအဖွဲ့မှ ချမှတ်သောမူဝါဒနှင့် လုပ်ငန်းစဉ်များသည် ပြည်သူများ၏ ကျန်းမာရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိမည် ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့အနေဖြင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ၊ နီးနွှယ်ဥပဒေများနှင့် အမိန့်ကြော်ငြာစာများကို မှီငြမ်းပြု၍ ဆုံးဖြတ်ချက်၊ အကြံပြုချက်များကို ပေးရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဝင်များ အနေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုကောင်းမွန် ထိရောက်စေရေးအတွက် တိကျသောအကြံပြုချက်များ ပေးအပ်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဈေးကွက်တွင် ရောင်းချနေသော အစားအသောက်နှင့် ဆေးဝါးနမူနာများကိုရယူပြီး ပုံမှန်စစ်ဆေးမှု၊ ဈေးကွက်ထောက်လှမ်း စောင့်ကြည့်ခြင်းတို့ကို ယခုထက်ပို၍ အရှိန်အဟုန်မြှင့်တင်ကာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဆေးပစ္စည်းဥပဒေနှင့် အလှကုန်ပစ္စည်း ဥပဒေများကိုလည်း သက်ဆိုင်ရာသို့ တင်ပြထားပြီးဖြစ်ပါကြောင်း။

### ကျင့်ဝတ်နှင့်အညီ ရောင်းချ

ဆေးဝါး၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများဆိုင်ရာ နည်းဥပဒေများ ဆက်လက်ရေးဆွဲရာတွင် အာဆီယံဒေသတွင်း သဘောတူညီချက်များအပြင် နိုင်ငံ၏ လိုအပ်ချက်၊ အခြေအနေအရပ်ရပ်နှင့် ကိုက်ညီပြီး လက်တွေ့အမှန်တကယ် ဆောင်ရွက်နိုင်ရန် ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ဆေးဝါး၊ အစားအသောက်နှင့် အလှကုန်ပစ္စည်း တင်ပို့ရောင်းချသူများ၊ လက်လီ၊ လက်ကား ရောင်းချသူများ အနေဖြင့်လည်း အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ပစ္စည်းများကိုသာ ကျင့်ဝတ်နှင့်အညီ ရောင်းချစေလိုပါကြောင်း၊ ပြည်သူများတွင် အစားအသောက်များ၊ ဆေးဝါးများ၊ အလှကုန်များနှင့် ပတ်သက်၍ မှန်ကန်သော ကျန်းမာရေးအသိပညာကြွယ်ဝမှုရှိပါက ကျန်းမာရေးနှင့် မညီညွတ်သည့် ဘေးအန္တရာယ်ရှိသည်များကို အသုံးပြုခြင်းမှ ရှောင်ရှားကြမည်ဖြစ်ပါကြောင်း၊ အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေတို့တွင် ပါဝင်သောအချက်များအား ထုတ်လုပ်သူများ၊ ရောင်းဝယ်သူများနှင့် ပြည်သူများ နားလည်ရလွယ်ကူသည့် အသုံးအနှုန်းများဖြင့် ပြုစုရေးသားကာ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမည် ဖြစ်ပါကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် မိမိဌာနမှ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူများ သိသင့်သိထိုက်သည့် အကြောင်းအရာများကို သတင်းလွှာအဖြစ် လေးလလျှင် တစ်ကြိမ်ခန့် ပြုစုထုတ်ဝေစေလိုပါကြောင်း။

### အားဖြည့်ဆောင်ရွက်မည်

ဝန်ကြီးဌာနအနေဖြင့် နီးနွှယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ အသေးစားနှင့် အလတ်စား စားသောက်ကုန်ထုတ်လုပ်ငန်းများ ကောင်းမွန်သောသန့်ရှင်းမှု အလေ့အကျင့်နှင့်အညီ ထုတ်လုပ်စေရန်နှင့် လူအများ နေ့စဉ်စားသုံးနေသော ရေသန့်၊ စားသုံးဆီ၊ ငါးပိ၊ ငရုတ်သီးမှုန့် စသည့် စားသောက်ကုန်များ အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးမှုများနှင့် ကြီးကြပ်မှုများကို ယခုထက် ပိုမိုအားဖြည့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့၊ အတွင်းရေးမှူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်ဆိုင်ရာ ကွပ်ကဲမှုလုပ်ငန်းများ တိုးတက်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ အစည်းအဝေး (၁/၂၀၂၀) မှ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ အဆိုပြုဖွဲ့စည်းပုံတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဥမ္မာစိုးဝင်းက အစားအသောက်ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ဆေးဝါးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ သိဂီဇင်က ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ဆေးပစ္စည်း၊ အလှကုန်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ တင်ဝါဝါဝင်းက အလှကုန်ပစ္စည်း မှတ်တမ်းတင်ခြင်း ကိစ္စရပ်များကို လည်းကောင်း၊ အထွေထွေဈေးကွက်ထောက်လှမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဝင်းနိုင်က အင်တာနက် လူမှုကွန်ရက်စာမျက်နှာများတွင် တရားမဝင်ရောင်းချနေသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များနှင့် ပတ်သက်၍ သက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်းကောင်း တင်ပြကြသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးမှုများနှင့် အကြံပြုမှုများ ဆောင်ရွက်ခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများအား အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများအား အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင် က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်းထားမှုနှင့် လုပ်ငန်းတာဝန်များ၊ ငြိမ်းချမ်းရေးကော်မရှင် ဖွဲ့စည်းထားမှုနှင့် လုပ်ငန်းတာဝန်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ အချက်အလက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ UPDJC နှင့် JICM ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြည်ထောင်စုသဘောတူစာချုပ်ပါ အချက်အလက်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆောင်ရွက်ခဲ့မှုများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကျင်းပခဲ့မှုများ၊ NCA နိုင်ငံရေးလမ်းပြမြေပုံ၊ ပြည်ထောင်စု အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-U ဖွဲ့စည်း ထားမှု၊ ရည်ရွယ်ချက်နှင့်အခြေခံမှုများ၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်များ၊ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် "နာဂ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ "ဓနု" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ "ပအိုဝ်း" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ "ပလောင်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း၊ "ကိုးကန့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးရန်ကျော်တို့က တိုင်း၊ ဒေသအလိုက် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ ငြိမ်းချမ်းရေး၊ အလုပ်အကိုင်ရရှိရေး၊ စီးပွားရေးနှင့် ကျန်းမာရေး၊ ဘဏ္ဍာငွေဖြည့်ဆည်းပေးရေး၊ မှတ်ပုံတင်ပြုလုပ်ပေးရေးကိစ္စနှင့် အုပ်ချုပ်ရေးဆိုင်ရာ အခက်အခဲများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ယနေ့ ဆွေးနွေးတင်ပြချက်များကို ထပ်မံတင်ပြပေးသွားမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ NRPC သို့ ပေးပို့တင်ပြနိုင်ပါကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အပါအဝင် အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသို့ ပေးပို့တင်ပြနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

### ဆွေးနွေး

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများအတွက် ဝန်ထမ်းရေးရာကိစ္စ၊ အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက တိုင်းရင်းသားဒေသများမှ ကလေးငယ်များ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် ဒီဂရီကောလိပ်များနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ တက်ရောက်သင်ကြားနိုင်ရေးညှိနှိုင်းပေးမည့် အစီအစဉ်များကို လည်းကောင်း ဆွေးနွေးပြောကြားကြသည်။ **သတင်းစဉ်**

# ရွှေလင်ပန်းစက်မှုဇုန်ရှိ ယာယီကျူးကျော်နေထိုင်သူများအား စားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအရှေ့ပိုင်းမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်လုပ်ငန်းရှင်များမှ စက်မှုဇုန်အတွင်း ယာယီကျူးကျော်နေထိုင်ကြသည့် အိမ်ထောင်စု ၃၀၀၀ ကျော်အား စားသောက်ကုန်သုံးမျိုးကို ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းက ရွှေလင်ပန်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံးတွင် ထောက်ပံ့လှူဒါန်းခဲ့သည်။

ကိုဗစ် - ၁၉ ရောဂါကာလတွင် လှိုင်သာယာမြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသောပြည်သူများအား စားသောက်ကုန်ပစ္စည်းများကို နေအိမ်အရောက်ထောက်ပံ့လှူဒါန်းခဲ့ရာ လေးကြိမ်မြောက် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ "ရွှေလင်ပန်းစက်မှုဇုန်မှာ ယာယီကျူးကျော်နေထိုင်တဲ့ အိမ်ထောင်စု ၃၈၈၆ စုကို လေးကြိမ်မြောက် စားသောက်ကုန်ပစ္စည်းသုံးမျိုးကို ထောက်ပံ့လှူဒါန်းတာပါ။ အခုလို ကိုဗစ် - ၁၉ ကာလမှာတတ်နိုင်သမျှ လုပ်ငန်းရှင်တွေပူးပေါင်းကာ လှူဒါန်းမှုဟာ ဝမ်းသာစရာပါ။ တတ်နိုင်သမျှဆက်ပြီး ကြိုးစားသွားမှာပါ"ဟု ရွှေလင်ပန်းစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးအေးသောင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိပြီး လှိုင်သာယာရွှေလင်ပန်းစက်မှုဇုန်သည် အထည်ချုပ်စက်ရုံနှင့် လုပ်သားဦးရေအများဆုံး စက်မှုဇုန်တစ်ခုဖြစ်ရာ ယာယီကျူးကျော်နေထိုင်သူ အများဆုံးစက်မှုဇုန်ဖြစ်သောကြောင့် စားသောက်ကုန်ပစ္စည်းများကို မတ်၊ ဧပြီနှင့် မေလတို့တွင် နေအိမ်အရောက် ထောက်ပံ့လှူဒါန်းခဲ့ပြီး ယခုလှူဒါန်းမှုတွင် အိမ်ထောင်စုတစ်စုလျှင် ဆန်နှစ်ပြည်၊ ဆီ ၅၀ သား၊ ဆားတစ်ထုပ်နှင့် နှာခေါင်းစည်းများကို အိမ်ထောင်စု ၃၈၈၆ စုအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။**ဒဇင**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် လူငယ်တို့၏ ပူးပေါင်းဆောင်ရွက်မှုများ စကားဝိုင်းဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဩဂုတ် ၁၁**

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် လူငယ်တို့၏ ပူးပေါင်းဆောင်ရွက်မှု စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ကော်မတီဝင် လူငယ်ကိုယ်စားလှယ်များနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိလူငယ်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များကလည်း Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြသည်။

### ဖြေရှင်းတုံ့ပြန်ဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဆောင်ပုဒ်အဖြစ် " Youth Engagement in Global Action " ဖြစ်ပါကြောင်း၊ "Global Action" သည် မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် ဖြစ်ပွားနေသည့် လူကြောင့်ဖြစ်သည့် ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါစသည့် ကမ္ဘာ့ရေးရာပြဿနာများကို ဖြေရှင်းတုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လူငယ်များ စုပေါင်းပြီး ပါဝင်ဆောင်ရွက်ရန် Youth Engagement အနေဖြင့် ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ယခုနှစ်ဆောင်ပုဒ်ကို မိမိတို့ နိုင်ငံအနေဖြင့် "ကမ္ဘာ့ရေးရာကိစ္စများ လူငယ်ထုက ဖော်ဆောင်သွား" ဟု သတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်သည် ကမ္ဘာမှာ ထူးထူးခြားခြား အခက်အခဲများနှင့် ရင်ဆိုင်ရသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါပြဿနာကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခက်အခဲများနှင့် ရင်ဆိုင်နေကြရပြီး ကိုဗစ်-၁၉ ကပ်ရောဂါသည် မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများ၏ ယိုယွင်းအားနည်းချက်များကို ဖွင့်ဟပြလျက်ရှိပါကြောင်း၊ မညီမျှမှုများ၊ အစွန်းရောက်မှုများ၊ သဟဇာတပျက်ပြားမှုများသည် ကမ္ဘာကြီးကို အန္တရာယ်လမ်းကြောင်းပေါ်သို့ တွန်းပို့နေပါကြောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်း၊ လူဦးရေတစ်ဘီလီယံခန့်သည် လူငယ်များဖြစ်ပါကြောင်း၊ လူငယ်များသည် မျှော်လင့်ချက်များထားလို့ရသည့် အနာဂတ်အလားအလာကောင်းတွေကို ပိုင်ဆိုင်နိုင်ကြသူများဖြစ်၍ လူငယ်များ၏ အင်အားသည် မျက်မှောက်ကာလအခက်အခဲများကို ဖြေရှင်းရာတွင် အလွန်အရေးပါသည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် လူငယ်များသည် ရပ်တည်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အရေးများ ခံစားရရှိနိုင်ရန် လူငယ်များ၏ စည်းလုံးမှု၊ စုစည်းမှု၊ အချင်းချင်း ဦးဆောင်ပေးနိုင်မှုနှင့်အတူ အပြောင်းလဲများကို ဖော်ဆောင်ရာတွင် စနစ်တကျပါဝင်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် လူငယ်များ၏ ပါဝင်ကြိုးပမ်းမှုများဖြင့် ရေးဆွဲထားသည့် လူငယ်မူဝါဒရှိပြီးဖြစ်ကြောင်း၊ ပြည့်ပြည့်စုံစုံ အကောင်အထည်ဖော်နိုင်မည့် မဟာဗျူဟာကိုလည်း ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် လူငယ်ကိုယ်စားလှယ်များ၊ လူငယ်ကွန်ရက်များလည်း ရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် လူငယ်အဖွဲ့အစည်းများ၊ လူငယ်အရေးဆောင်ရွက်ကြသည့် အရပ်ဘက်အဖွဲ့အစည်းများလည်း ရှိသောကြောင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ကြိုးပမ်းတည်ဆောက်ရန် အခြေခံအုတ်မြစ်ရှိပြီး ဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း၊ လက်တွေ့ အကောင်အထည်ဖော်ဆောင်ကြရာတွင် ပေါင်းစည်း ညီညွတ်မှုအင်အားသည် အရေးပါပြီး ပိုမိုကြီးမားခိုင်မာကာ ရေရှည်တည်တံ့ရန် အရေးကြီးပါကြောင်း၊ လူငယ်များသည် ဒေသန္တရအရေး၊ ကိုယ့်နိုင်ငံအရေးသာမက ကမ္ဘာ့အရေးတွေကိုပါ ကျယ်ပြန့်စွာလေ့လာသိရှိပြီး ဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူခြင်း၊ အတွေ့အကြုံကောင်းများကို သင်ယူခြင်းများဖြင့် စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်ရန် ကြိုးစားကြရင်း ပိုမိုကောင်းမွန်ပြီး သာယာမျှတသည့် ကမ္ဘာကြီးအဖြစ် ပုံဖော်နိုင်ကြပါစေလို့ ဆန္ဒပြုပါကြောင်း ပြောကြားသည်။

### နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် UNFPA Myanmar မှ ဌာနေကိုယ်စားလှယ်က Video Conferencing စနစ်ဖြင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ လူငယ်ဆိုင်ရာ အထူးသံတမန်က ပေးပို့သောသဝဏ်လွှာကို Video Clip ဖြင့် ပြသသည်။

ဆက်လက်၍ လူငယ်တို့၏ "ပူးပေါင်းဆောင်ရွက်မှုများ" "Youth Engagement in National Action" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ကိုထက်ပိုင်စိုး၊ ကချင်ပြည်နယ်မှ မဘောက်မိုင်၊ မကွေးတိုင်းဒေသကြီးမှ ကိုဝေယံအောင်နှင့် ရခိုင်ပြည်နယ်မှ ကိုစောကလျာထွန်းတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

### ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲ ခေါင်းစဉ်များအဖြစ် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တို့ ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများ၊ ကိုဗစ် – ၁၉ တုံ့ပြန်ဆောင်ရွက်မှုများ၊ ကိုဗစ် – ၁၉ ကာလနှင့် ကာလအလွန် စီးပွားရေးအခွင့်အလမ်းများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် လူငယ်တို့၏ ပူးပေါင်းပါဝင်မှုများ စသည့်ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး ကိုယ်တိုင်နှင့် အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသူများက ဆွေးနွေးမေးမြန်းမှုများကို ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် လူငယ်ကိုယ်စားလှယ်များက ပြန်လည်ဖြေကြား ရှင်းလင်းဆွေးနွေး ခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးမှုများ အနေဖြင့် လူငယ်ရေးရာမူဝါဒနှင့် မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်သည့်လူငယ်များ အပါအဝင် လူငယ်များ အားလုံး တက်တက်ကြွကြွ ပါဝင်နိုင်ရေး တိုက်တွန်းမှုများ၊ သက်ဆိုင်သည့် ဝန်ကြီးဌာနများက ဘဏ္ဍာငွေခွဲဝေချထားပေးနိုင်မှုအခြေအနေများ၊ လူငယ်စင်တာများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့နှင့် ညှိနှိုင်းထားမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် စေတနာ့ဝန်ထမ်းများ အားကောင်းစွာ ပါဝင်ဆောင်ရွက်မှုများနှင့် ဒေသအလိုက် အခက်အခဲများကို မြို့နယ်အဆင့်အဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်း WFP တို့ ပူးပေါင်း၍ Quarantine Center များတွင် စားနပ်ရိက္ခာ ပံ့ပိုးကူညီပေးနေမှုများ၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများ ကုစားနိုင်ရေး၊ မူလအလုပ်အကိုင်များ ရပ်တန့်သွားမှုအတွက် ကိုဗစ်-၁၉ ကာလနှင့် လျော်ညီသည့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေး၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအတွက် အလုပ်အကိုင်ဖော်ဆောင်နိုင်ရေးတို့အတွက် ကိုဗစ် – ၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်နေမှုများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ထိခိုက်လွယ်အုပ်စုများ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများ၊ ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုကို ဖြေရှင်းကြရာတွင် လူငယ်ထုက ပူးပေါင်းပါဝင်ရန် အရေးကြီးမှုများ၊ ကမ္ဘာကြီးတွင် ပဋိပက္ခများ မချုပ်ငြိမ်းနိုင်သည့်ကာလတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လူငယ်များသည် အရေးပါသည့်နေရာမှ မလွဲမသွေ ကြိုးဆုံပါဝင်ကြရမည်ဖြစ်သည့်အတွက် တစ်ဦးချင်း ပြည်ထောင်စု စိတ်ဓာတ်အခြေခံဖြင့် ငြိမ်းချမ်းချင်စိတ် ရှိခြင်း၊ ရိုးသားမှုအမွေကို လက်ဆင့်ကမ်းနိုင်ခြင်း၊ အချင်းချင်း ယုံကြည်မှုတည်ဆောက်ခြင်းနှင့်လူငယ်များအနေဖြင့် အနာဂတ်တွင် ငြိမ်းချမ်းသာယာသော နိုင်ငံတော်ကိုပုံဖော်နိုင်ရန် လိုအပ်သောစွမ်းဆောင်ရည်များကို ကိုယ်တိုင်ဖြည့်ဆည်းထားနိုင်ရန် လိုအပ်မှုများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများတွင် လူငယ်များ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုမှတ်တမ်းပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် မှတ်တမ်းဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလှကျော် CERP အစီအစဉ်ဖြင့် ဆောင်ရွက်သည့် မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၁**

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးအစီအစဉ် (CERP) ဖြင့် ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ မိုးစပါးစိုက်ကွင်းရှင်းလင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသနေ တောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး က ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ထိခိုက်နစ်နာမှုများကို ပြန်လည်ကုစားရေးလုပ်ငန်းစဉ်အား နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကအခြေခံကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ စပါးကျီဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် တောင်သူများအနေဖြင့် စိုက်ပျိုးရေးကဏ္ဍကို အားထားလုပ်ကိုင်လျက်ရှိပြီး ကိုဗစ်-၁၉ ကာလအတွင်း တောင်သူလယ်သမားများ၏ အခြေအနေပြန်လည်တည့်မတ်စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ မျိုးစေ့ထုတ် တောင်သူများအသင်းဖွဲ့စည်းမှုများဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး က တောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်တစ်ဦးအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကိုဗစ် –၁၉ စီးပွားရေး ကုစားမှု အစီအစဉ် (CERP) အရ ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၆၀ ကို လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် မိုးစပါးသက်လတ်မျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်ကို လည်းကောင်း၊ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ စံပြစိုက်ဧက ၄၀၀ စိုက်ခင်းကို လည်းကောင်း ကြည့်ရှုအားပေးရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်နှင့် တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးဇော်တို့က ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ဇလွန်မြို့နယ် မေရီလန်းကျေးရွာ၌ ကိုဗစ် – ၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) ဖြင့် ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၂၇ ဒသမ ၅ ဧကကို လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် မိုးစပါးရာသီ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းခြင်း စံပြကွက်များ၏ ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးပြီး ဒေသနေ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး၌ (RS to CS) မိုးစပါးမျိုးစေ့ထုတ်ဧက ၉၅၈၅ စိုက်ပျိုးရန် လျာထားစီမံ ထားရှိပြီး ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်(CERP) အပါအဝင် မိုးစပါး မျိုးစေ့ထုတ် ၅၉၆၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ဧက စုစုပေါင်း ဧက ၃၇ သိန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ မိုးစပါးဧက ၃၁ သိန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အခြေခံပညာအထက်တန်းဆင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**
ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အခြေခံပညာအထက်တန်းဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများ တက်ရောက်ကြပြီး အပြန်အလှန် ချိတ်ဆက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အချက် (၈၀) ပါဝင်သော ဆန်းစစ်ချက်များဖြင့် အထက်တန်းဆင့်ကျောင်းများအား စစ်ဆေးအကဲဖြတ်လျက်ရှိပါကြောင်း၊ အခြေခံပညာအထက်တန်းဆင့်ကျောင်းပေါင်း ၇၁၇၃ ကျောင်းအနက် ၇၁၁၁ ကျောင်းအား စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး ယနေ့အထိ လိုအပ်ချက်များ ပြည့်စုံမှုရှိသော A အဆင့် ၄၁၅၆ ကျောင်းပြန်လည်ဖွင့်လှစ်ရန် ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များပြည့်စုံ၍ A အဆင့်ရရှိပြီးသော ကျောင်းများအား အမြန်ဆုံး ဆက်လက်ဖွင့်လှစ်ခွင့်ရရှိနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြည့်ဆည်းရန်လိုအပ်သော ကျောင်းများ၏ လိုအပ်ချက်များကို အခြေခံပညာဦးစီးဌာနအနေဖြင့် ချက်ချင်းဖြည့်ဆည်းပြီး အမြန်ဆုံး ဖွင့်လှစ်ခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဖွင့်လှစ်ခွင့်ရရှိပြီးသော ကျောင်းများအားလုံး ကျောင်းအဆင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့များက အဆင့် A အဖြစ် အမြဲတည်တံ့နေစေရန် နေ့စဉ်ဆန်းစစ် ဖြည့်ဆည်းရန် လိုအပ်ပါကြောင်း၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့များ သာမက Monitoring Squad များကလည်း ရှောင်တခင်ဆန်းစစ်မှုများ ဆောင်ရွက်မည်ဖြစ်ရာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျောင်းအလိုက် ထူးခြားမှုအခြေအနေများကိုလည်း မြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ နေ့စဉ်ပေးပို့ရန်နှင့် မြို့နယ်ပညာရေးမှူးရုံးများသို့လည်း မိတ္တူပေးပို့ရန်ဖြစ်ပါကြောင်း၊ မည်သည့် အစိုးရကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်းမဆို ဘော်ဒါထားရှိခြင်း လုံးဝခွင့်ပြုထားခြင်း မရှိပါကြောင်း၊ အထက်တန်းဆင့်ကျောင်းများအားလုံး ဖွင့်လှစ်ပြီး နောက်ထပ်ရက်သတ္တပတ်သုံးပတ်အကြာမှသာ အလယ်တန်းဆင့်ကျောင်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်၍ အထက်တန်းဆင့်ကျောင်းများကဲ့သို့ အချက်(၈၀)ပါ ဆန်းစစ်အကဲဖြတ်လွှာဖြင့် စစ်ဆေးမည်ဖြစ်ပါသဖြင့် လိုအပ်ချက်များအားလုံး ပြည့်စုံအောင် ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ အချက်(၈၀)ပါ ဆန်းစစ်အကဲဖြတ်လွှာဖြင့် စစ်ဆေးရန် အလွန်ခက်ခဲသော ဒေသများရှိ ကျောင်းစာရင်းရှိပါကလည်း ခက်ခဲမှုအခြေအနေနှင့်အတူ အမြန်ဆုံးတင်ပြရန် လိုအပ်ပါကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူတို့က ပညာရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများက ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အခြေခံပညာအထက်တန်းဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး၍ လိုအပ်ချက်များ၊ အခက်အခဲများနှင့် ဖြည့်ဆည်းဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးစိုးနိုင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(နည်းပညာ)<br>ရေကြောင်းပို့ဆောင်ရေး<br>ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေး<br>ညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဦးအေးဇော်<br>အထွေထွေမန်နေဂျာ<br>အမှတ်(၂) သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ်(၂)သတ္တုတွင်းလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

❊ *ကျောဖုံးမှ*

အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်စိုးက “ကျွန်တော်တို့အနေနဲ့ မဲဆန္ဒရှင်တွေ တစ်ယောက်ချင်းရဲ့ အခွင့်အရေးမဆုံးရှုံးရအောင် ကြေညာကပ်ထားတဲ့အချိန်မှာ အားလုံးဒါမှမဟုတ် မိသားစုအလိုက်၊ ဒါမှမဟုတ် မိသားစုကိုယ်စား တစ်ဦးတော့လာကြည့်ပြီး မှားယွင်းတာတွေ၊ ကျန်ရှိတာတွေကို ဖြည့်စွက်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ ဒါမှ လူတိုင်းမဲထည့်နိုင်မယ့်အခွင့်အရေး အပြည့်အဝရမှာပါ” ဟု ပြောကြားသည်။

ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်းကို ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ သတ်မှတ်ခဲ့သော်လည်း ပြည်သူများ မဲစာရင်း ပိုမိုလာရောက်ကြည့်ရှုနိုင်ရေးအတွက် ဩဂုတ် ၁၄ ရက်အထိ ရက်ထပ်မံတိုးမြှင့် ကပ်ထားပေးလျက်ရှိကြောင်း သိရသည်။ ဒုတိယအကြိမ် မဲစာရင်းများကို အောက်တိုဘာလတွင် ထပ်မံကပ်ထားပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ရာ ကမာရွတ်မြို့နယ်အတွင်း၌ မဲရုံပေါင်း ၃၇ ရုံ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွှန့်**

## ဒေသနှင့်ကိုက်ညီသော အရွက်ရောဂါဒဏ် ခံနိုင်ရည်ရှိသည့် မြေပဲမျိုးများ သုတေသနဆောင်ရွက်နေ

**နေပြည်တော် ဩဂုတ် ၁၁**
ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ရေ၊ မြေ၊ ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းကောင်း၊ ပိုးမွှား၊ ရောဂါဒဏ် ခံနိုင်ရည်ရှိသည့် အရည်အသွေးကောင်း မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆူးပန်း အစရှိသော ဆီထွက်သီးနှံ မျိုးကောင်း၊ မျိုးသန့် မျိုးသစ်များနှင့် စိုက်ပျိုးနည်းစနစ်များအား သုတေသနပြုရှာဖွေခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ ဆီထွက်နှင့် ပဲမျိုးစုံသီးနှံ သုတေသနဌာနခွဲ၊ ဆီထွက်သီးနှံသုတေသနဌာနစုရှိ သုတေသနပညာရှင်များက ဆောင်ရွက်လျက်ရှိသည်။

ဒေသနှင့် ကိုက်ညီသော အရွက်ရောဂါများ ဒဏ်ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်း မြေပဲမျိုးများရရှိရန် ရည်ရွယ်၍ အရွက်ရောဂါများ (သံချေးရောဂါ၊ ရွက်ပြောက်ရောဂါများ) ဒဏ်ခံနိုင်ရည်ရှိသော မြေပဲမျိုးများအား ဒေသအဆင့် အထွက်ယှဉ်ပြိုင်ခြင်း စမ်းသပ်ကွက်ကို မြေပဲသီးနှံ သုတေသနပညာရှင်များက ၂၀၁၉-၂၀၂၀ ခုနှစ် မိုးရာသီတွင် သုတေသနပြု ဆောင်ရွက်လျက်ရှိသည်။ အဆိုပါသုတေသနတွင် အပြည်ပြည်ဆိုင်ရာ မိုးနည်း ရေရှားဒေသ သီးနှံသုတေသနဌာန (ICRISAT)မှ ရရှိသော ICGV မျိုး (၁၁) မျိုး၊ ရေဆင်း၌ မျိုးကူးစပ်ရရှိလာသော YZG မျိုး (၉) မျိုး၊ အရွက်ရောဂါဒဏ်ခံနိုင်ရည်ရှိသော စံထားမျိုးဖြစ်သည့် ဆင်းပဒေသာ-၁၀ နှင့် ခံနိုင်ရည်မရှိသော ဆင်းပဒေသာ- ၇၊ စုစုပေါင်း ၂၂ မျိုးအား ထပ်ပြုကြိမ် (၃)ကြိမ်ဖြင့် အာစီဘီဒီဇိုင်း အသုံးပြုကာ စမ်းသပ်သုတေသနပြု ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ပြောသည်။ **ဇူလိုင်မိုး**

# အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် Video Conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၁၇)ကြိမ်မြောက် အာဆီယံ-ကနေဒါ ဆွေးနွေးပွဲတွင် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**
နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၁၇) ကြိမ်မြောက် အာဆီယံ-ကနေဒါ ဆွေးနွေးပွဲသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**



ထိုသို့တက်ရောက်ရာတွင် မြန်မာနိုင်ငံသည် အာဆီယံ-ကနေဒါ ဆွေးနွေးဖက် ဆက်ဆံရေး ညှိနှိုင်းရေးမှူးနိုင်ငံဖြစ်သည့်အတွက် ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှ-ပစိဖိတ်ဆိုင်ရာ လက်ထောက်ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Paul Thoppil တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကနေဒါနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အဆင့်မြင့်အရာရှိကြီးများက အာဆီယံနှင့် ကနေဒါနိုင်ငံတို့၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များ၊ အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နယ်ပယ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အာဆီယံ-ကနေဒါ ပူးပေါင်းဆောင်ရွက်မှုအခြေအနေ ပြန်လည်သုံးသပ်ခြင်းနှင့် အနာဂတ်ဦးတည်ချက် ဘာသာရပ် ခေါင်းစဉ်အောက်တွင် အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က အာဆီယံပေါင်းစည်းရေး ဦးဆောင် ဦးရွက်ပြုမှုလုပ်ငန်းအစီအစဉ် -၃ (၂၀၁၆-၂၀၂၀ ) အကောင်အထည်ဖော်မှု အခြေအနေများနှင့် အာဆီယံပေါင်းစည်းရေး ဦးဆောင် ဦးရွက်ပြုမှု လုပ်ငန်းအစီအစဉ် - ၄ (၂၀၂၁-၂၀၂၅) ရေးဆွဲအကောင်အထည်ဖော်ရာတွင် အာဆီယံနှင့် ကနေဒါနိုင်ငံတို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက် နိုင်မည့်နယ်ပယ်များကို ဦးဆောင်ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံရေးရာဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အကြိုညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အကြိုညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း (RCSS/ SSA)၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း(ABSDF)၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ပဒိုစောတာဒိုမူး (KNU)၊ ဦးလှဌေး(ABSDF)၊ စောမြရာဇာလင်း (ALP)၊ ဒေါက်တာလျန်မှုန်းဆာခေါင်း (CNF)၊ ဆလိုင်းထလာပေး(CNF)၊ စောစိန်ဝင်း (DKBA)၊ ပဒိုစောအယ်ကလူစေး(KNU)၊ စောကျော်ညွှန့်(KNLA–PC)၊ ကြာဆော်လမွန်(LDU)၊ နိုင်အောင်မငေး (NMSP)၊ ခွန်မြင့်ထွန်း (PNU)နှင့် ဒေါက်တာစိုင်းဦး (RCSS/SSA) တို့ တက်ရောက်ကြသည်။



ယနေ့အစည်းအဝေးတွင် (၈) ကြိမ်မြောက် JICM အစည်းအဝေးသို့ တင်ပြမည့် နှစ်ဖက်အဆိုပြုချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံစတုတ္ထအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) အကြိုညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ဩဂုတ် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပရေးဆိုင်ရာ ခန်းမတွင်းနေရာချထားရေး လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးအတွက် ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီနှင့် ခန်းမတွင်းနေရာချထားရေး လုပ်ငန်းကော်မတီတို့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အသေးစိတ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အစည်းအဝေးတွင် ခန်းမတွင်းနေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်က မိမိတို့ခန်းမတွင်းနေရာချထားရေးလုပ်ငန်း ကော်မတီအနေဖြင့် ယခင်ညီလာခံအစည်းအဝေးများ ကျင်းပစဉ်က တာဝန်ယူခဲ့သည့် အတွေ့အကြုံကောင်းများ ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုတစ်ကြိမ်တွင်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် အဆင်ပြေပြေ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီဝင်များအားလုံးက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဧည့်သည်များ စတင်ဝင်ရောက်သည့်အချိန်မှစ၍ ညီလာခံပြီးဆုံးသည့်အချိန်အထိ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို အသေးစိတ် စဉ်းစားသုံးသပ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ယခုကျင်းပမည့် ညီလာခံသည် ကမ္ဘာနှင့် အဝန်းဖြစ်ပွားခဲ့သည့် ကူးစက်မြန် ပြင်းထန် COVID–19 ရောဂါ၏ ကန့်သတ်ချက်များကြောင့် ကိုယ်စားလှယ် အရေအတွက် လျှော့နည်းခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းစဉ်းစားဖြည့်ဆည်းရမည့် အချက်အလက်များကို ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေး**

ယင်းနောက် ခန်းမတွင်း နေရာချထားရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးက MICC–1 နှင့် MICC–2 တို့တွင် ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များက ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့် ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်အတွက် ဖြည့်စွက်အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခန်းမတွင်း နေရာချထားရေး လုပ်ငန်းကော်မတီ၏ MICC–1 နှင့် MICC–2 တို့တွင် ခင်းကျင်းပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီ၏ ဟိုတယ်အသီးသီးတွင် ကြိုဆိုနေရာချထားရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဩဂုတ် ၁၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူ တိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ



ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက သဲကောကြီး ကျေးရွာအုပ်စုတွင် ဩဂုတ် ၈ ရက်မှစတင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုအား ပြည်ထောင်စုနယ်မြေ ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့် အချက်အလက်များ မြန်ဆန်မှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မွှေး**

# သန်လျင်၌ ဒဂုံတံတားမှ သီလဝါစက်မှုဇုန် လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေးငွေများ ပေးအပ်

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။



ရှေးဦးစွာ သန်လျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်း၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းတို့က အမှာစကားပြောကြားကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန (ရန်ကုန်တောင်ပိုင်းခရိုင်)က ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် တောင်သူများသို့ လယ်ယာမြေလျော်ကြေးငွေများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

သန်လျင်မြို့နယ် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော သနပ္ပင်ကျေးရွာ၊ ဘယက်ကျေးရွာနှင့် လက်ယက်စမ်းကျေးရွာတို့မှ တောင်သူ ၅၆ ဦး၏ လယ်မြေ ၁၅၄ ဒသမ ၅၀ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် လျော်ကြေးငွေကျပ် သိန်း ၁၅၄၅၀ ကို လမ်းဦးစီးဌာန၏ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှ ပေးအပ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# ပဲခူးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများအတွက် ကိုဗစ်- ၁၉ အကာအကွယ်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ပဲခူး ဩဂုတ် ၁၁**

ပဲခူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း သီရိပညာခန်းမတွင် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများအတွက် အမျိုးသားစာပေဆုရ စာရေးဆရာ ဒေါက်တာဦးဖြေ (မြန်မာ့အလင်းသတင်းထောက်)၊ LUXURY DRUG (နိုင်ငံခြားဆေးများ)ဖြန့်ချိရေး မိသားစုက ကိုဗစ်-၁၉ အကာအကွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဆရာကြီး ဦးစန်းအောင်၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နုနုခင်နှင့် အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးများ၊ မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝတ်ရည်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဥပဒေချုပ်က အမှာစကားပြောကာ အလှူရှင် အမျိုးသားစာပေဆုရ စာရေးဆရာ ဒေါက်တာ ဦးဖြေ (မြန်မာ့အလင်း သတင်းထောက်)၊ LUXURY DRUG (နိုင်ငံခြားဆေးများ) ဖြန့်ချိရေး လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် အမျိုးသားစာပေဆုရ စာရေးဆရာ ဒေါက်တာ ဦးဖြေ (မြန်မာ့အလင်းသတင်းထောက်)၊ LUXURY DRUG (နိုင်ငံခြားဆေးများ) ဖြန့်ချိရေးက ပဲခူးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ရှစ်ကျောင်းရှိ ကျောင်းသားကျောင်းသူများအတွက် ကိုဗစ်- ၁၉ အကာအကွယ်ပစ္စည်းများဖြစ်သည့် အပူချိန်တိုင်းစက်ရှစ်လုံး၊ နှာခေါင်းစည်း အခု ၄၀၀၀ နှင့် လက်သန့်ဆေးရည် ၁၀ ဒါဇင်တို့ကို ဥပဒေချုပ် ဦးအုန်းမြင့်နှင့် ပညာရေးညွှန်ကြားရေးမှူး ဆရာကြီး ဦးစန်းအောင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကိုဗစ် -၁၉ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်လျက်ရှိသည့် ပဲခူးမြို့ရှိ အခြေခံပညာ အထက်တန်း ကျောင်း ရှစ်ကျောင်းမှ ကျောင်းအုပ် ဆရာမကြီးများထံ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**





# ပြည်ပ၌ အခက်အခဲကြုံနေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၀ အား (၁၃) ကြိမ်မြောက် မြန်မာ အမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင်လည်းကောင်း၊ နိုင်ငံအရပ်ရပ်တွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၉၇ ဦးအား ကိုရီးယားသမ္မတနိုင်ငံမှတစ်ဆင့် ၁၇ ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင်လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ အသီးသီး ပြန်လည်ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၃၅၇ ဦးအား ကယ်ဆယ်ရေးလေယာဉ်၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင် ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာ ပိတ်ချင်းမြောင်ရဲစခန်းရှေ့ (ပြင်ဦးလွင်-လားရှိုးကတ္တရာလမ်းမကြီး)၌ ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှူး ရဲအုပ် တင်ကိုလတ် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၈ ရက်က ပြင်ဦးလွင်- နောင်ချိုသို့ ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်အစီး၅၀၊ ဆိုင်ကယ်အစီး၁၀၀၊ ပြည်သူ ၁၅၀ တို့အား ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေအကြောင်း အသိပညာပေး ဆောင်ရွက်စဉ်။ ဖြိုးဝေ

# ကိုဗစ်- ၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ တောင်သူများအား ဆောင်ရွက်ပေးမှုများကို ကွင်းဆင်းကြည့်ရှု

**ဟသ်ာတ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် မြို့ကွင်းကျေးရွာအတွင်းရှိ တောင်သူ ၁၈ ဦး ၏ ဧက ၅၀ အတွင်း၌ စက်မှုလယ်ယာဦးစီးဌာနက ကိုဗစ်- ၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေးအစီအစဉ် (CERP) အရ မိုးစပါးရာသီအမီ ကောက်စိုက်စက်များဖြင့် ကူညီစိုက်ပျိုးထားမှု၊ ကြားပေါင်းလိုက်စက်များဖြင့် ပေါင်းရှင်းနေမှုများကို စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၈ ရက်က ကျေးရွာရှိတောင်သူများနှင့် တွေ့ဆုံကာ တောင်သူများ၏ လိုအပ်ချက်များကို မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတော်က ကိုဗစ် - ၁၉ စီးပွားရေးထိခိုက်မှုသက်သာစေရေးအတွက် စီမံချက်ချမှတ်ပြီး ဆောင်ရွက်ပေးနေမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုနည်းပါးစေရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ လျော့နည်းမှုမဖြစ်စေရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်နေမှုများကို တောင်သူများအား ကူညီရန်အသင့်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။


တောင်သူများက ယနေ့ CERP အစီအစဉ်အရ ကူညီဆောင်ရွက်ပေးနေမှုများအပေါ် နိုင်ငံတော်သို့ များစွာကျေးဇူးတင်ကြောင်း၊ မိမိတို့အခက်အခဲဖြစ်နေချိန်တွင် ယခုလိုကူညီမှုကြောင့် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ကြောင်း၊ မိမိတို့သာမက အနီးအနားမှ ရွာငါးရွာရှိ ဝင်ငွေအခက်အခဲဖြစ်နေသော မိသားစု ၈၀ ကျော်ကိုလည်း နိုင်ငံတော်၏ ကူညီမှုကြောင့် ပျိုးထောင်၊ ပျိုးသယ်၊ ကြားပေါင်းလိုက်အလုပ်များဝင်ရောက်လုပ်ကိုင်နိုင်ပြီး နေ့စားလုပ်ခများရသည့်အတွက် မိသားစုစားဝတ်နေရေးများ ပြေလည်ကြောင်း ပြောသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတော်ကကူညီပေးသော မျိုးစပါးတင်း ၅၀ နှင့် နေ့စားလုပ်အားခအတွက် ငွေကျပ် ၂၃၄၀၀၀၀ ကို သက်ဆိုင်ရာ တောင်သူများအား လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **အေးထွန်း(ဟသ်ာတ)**



## နှစ်စဉ် တံဆိပ်ခေါင်းခွန်ရငွေစာရင်း
## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ


(ကျပ်သန်းပေါင်း)




ဇာစ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## နှစ်စဉ် ဝင်ငွေခွန်ရငွေစာရင်း
## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ

(ကျပ်သန်းပေါင်း)




ဇာစ်မြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# ရသေ့တောင်မြို့နယ်၌ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော် (ရေ) မှ စစ်ရေယာဉ်များအား ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ထီးဆွဲကျေးရွာနှင့် မင်းကျွန်းအနီးတို့၌ AA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်၌ တပ်မတော်(ရေ) မှ စစ်ရေယာဉ်များသည် နယ်မြေလုံခြုံရေးဆောင်ရွက်ရန် ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီခန့်တွင် ရသေ့တောင်မြို့နယ် ရွာသစ်ကေ ကျေးရွာအနီးမှ မေယုမြစ်အတိုင်း ထွက်ခွာလာစဉ် ထီးဆွဲကျေးရွာအနီးတွင် လည်းကောင်း၊ ဆက်လက် ထွက်ခွာလာရာ မင်းကျွန်းအနီးတွင် လည်းကောင်း AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ AA အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားကြောင်း။

ဖြစ်စဉ်တွင် မင်းကျွန်းအနီး AA အကြမ်းဖက်သောင်းကျန်းသူများ မောင်းနှင်ထွက်ပြေးသွားသော စက်လှေတစ်စင်း မီးလောင်နစ်မြုပ်သွားခဲ့ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# ဘားအံနှင့် ဇန်းမောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ဘားအံမြို့နယ် အိန္ဒုကျေးရွာနေ လင်းလင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကော့ကဒါကျေးရွာနေ စိန်နိုင်ဝင်း(ခ) ဇာတ်လိုက်၏ နေအိမ်တွင် ထပ်မံရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ ကိုလည်းကောင်း၊ ဩဂုတ် ၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ်၄၀ က ဇန်းမောက်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်းမောက်မြို့နယ် မင်းကုန်းကျေးရွာနေ ခင်မောင်ထူး(ခ) ပလာတူး၏ နေအိမ်ကို ဝင်ရောက်



ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# ရေးမြို့နယ်၌ ရထားနှင့် ကျောက်ကား တိုက်မှုဖြစ်ပွား

**လမိုင်း ဩဂုတ် ၁၁**

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ဘေးလမိုင်းကျေးရွာအုပ်စု နှစ်ကရင်ကျေးရွာအဝင် ရထားလမ်းနှင့် ကားလမ်းဖြတ် ဆုံသည့် ရထားမိုင်တိုင်အမှတ် ၂၃၉/၁၆-၁၇ ခမ(LT) နေရာ၌ ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ရန်ကုန်-မော်လမြိုင်-ရေး ပြေးဆွဲသော စက်ခေါင်းအမှတ် DD939၊ ၈၁ အဆန်ရထားကို ရထားလမ်းနှင့် ကားလမ်းဖြတ်ကူးရာဆုံသည့်နေရာ အရှေ့ဘက်တွင် နှစ်ကရင်ကျေးရွာလမ်းဆုံမှ နှစ်ကရင်ကျေးရွာဘက်သို့ ယာဉ်မောင်း ဇော်မင်းဦး မောင်းနှင်လာသော ခြောက်ဘီးကျောက်သယ်ကားက ဝင်ရောက်တိုက်မိရာ ရထားမှာ လမ်းချော်မှု ဖြစ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဖြစ်စဉ်ကြောင့် အမျိုးသား လေးဦး၊ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လမိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ကျောက်သယ်ယာဉ် ယာဉ်မောင်းအား လမိုင်းမြို့နယ်မြေ ရဲစခန်းမှ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**လမိုင်း(ပြန်/ဆက်)**

# ကမာရွတ်မြို့နယ် အမှတ် (၁) ရပ်ကွက်၌ လုယက်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ရတနာမြိုင်လမ်း ရွှေကွန်းကွန်ဒို အမှတ်(၁၈/B2) ၌ ဩဂုတ် ၁၀ ရက် ည ၈ နာရီခန့်က ဦးကျော်မိုး (ကနေဒါနိုင်ငံသားခံယူထားသူ) အသက်( ၄၈)နှစ်၊ PP-No Ac 786745 ကိုင်ဆောင်သူနေအိမ်၌ တစ်ဦးတည်းရှိနေစဉ် ၄င်းနှင့် ခင်မင်ရင်းနှီးသူ မနီနီဝင်း ရောက်ရှိလာပြီးနောက် ၁၅ မိနစ်ခန့်အကြာတွင် ထပ်မံ၍ အသက် (၂၅) နှစ်ခန့် အမျိုးသားသုံးဦး ရောက်ရှိလာပြီး ဦးကျော်မိုးကို ဖမ်းချုပ်၍ ပါးစပ်ကို တိပ်ဖြင့် ချည်နှောင်ခြင်း၊ လက်ထိပ်ခတ်ခြင်း၊ ပေါင်ကို ဓားဖြင့်မွှန်းခြင်းတို့ ပြုလုပ်ခဲ့ပြီး ဦးကျော်မိုး ပိုင်ဆိုင်သည့် IPhone တစ်လုံး၊ I Pad တစ်လုံးတို့ကို ယူဆောင်၍ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်သန်းမြင့်နှင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး ဆက်လက်စုံစမ်းစစ်ဆေး ဖော်ထုတ်အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**စိမ်းလွဲ့(ပြန်/ဆက်)**

# ယူရိုပါလိဂ်ကွာတားဖိုင်နယ် မန်ယူနှင့် အင်တာတို့ အသီးသီးအနိုင်ရ

**ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက စတင်ယှဉ်ပြိုင်ခဲ့ပြီး မန်ယူနှင့် ကိုပင်ဟေဂင်ပွဲတို့တွင် တစ်ဂိုး- ဂိုး မရှိဖြင့် မန်ယူအသင်းက အနိုင်ရရှိခဲ့သည်။**

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ရာ မန်ယူအသင်းသည် မာရှယ်လ်ကို အထောင်ထားခဲ့ပြီး ကိုပင်ဟေဂင်သည် ဒါရာမီကို အထောင်ထား ပွဲထွက်လာကြသည်။ မန်ယူအသင်းသည် သာမန်ပွဲချိန် မိနစ် ၉၀ အတွင်း ဖိအားပေးတိုက်စစ်ဆင်ခဲ့ပြီး အကြိမ်ကြိမ် ဂိုးကန်သွင်းခွင့်များရခဲ့ရာ ကိုပင်ဟေဂင် အသင်းသည်လည်း တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့ရာ နှစ်သင်းစလုံး သာမန်ပွဲပြီးချိန်ထိ ဂိုးမရရှိဘဲ အနိုင်အရှုံးမပေါ်ခဲ့၍ ထပ်ဆောင်းအချိန်ပို မိနစ် ၃၀ ထပ်မံ ယှဉ်ပြိုင်ခဲ့ရသည်။ ပွဲချိန် ၉၅မိနစ်တွင် မန်ယူအသင်းသည် ပယ်နယ်တီ အခွင့်အရေးရရှိခဲ့ပြီး ဘရူနိုဖာနန်ဒက်စ်က အမှားအယွင်း



မရှိ ကန်သွင်းယူခဲ့၍ မန်ယူအသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ၂၆ ကြိမ်အထိ ရရှိကာ ၁၄ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ပြီး ကိုပင်ဟေဂင်အသင်းသည် ကိုးကြိမ် ကန်သွင်းခွင့်ရခဲ့၍ တစ်ကြိမ်မျှ ဂိုးပေါက် မခြိမ်းခြောက်နိုင်ခဲ့ပေ။

ယူရိုပါလိဂ် အခြားပွဲစဉ် တစ်ပွဲဖြစ်သော အင်တာနှင့် လေဗာကူဆင်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အင်တာအသင်း အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ပွဲချိန် ၁၅ မိနစ်၌ ကွင်းလယ်ကစားသမား ဘာရယ်လာက အင်တာအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၂၁ မိနစ်တွင် တိုက်စစ်မှူး လူကာကူက ဒုတိယဦးဆောင်ဂိုးထပ်မံသွင်းယူပေးခဲ့သည်။ ပွဲချိန် ၂၅မိနစ်တွင် လေဗာကူဆင်အတွက် တစ်လုံးတည်းသာ ချေပဂိုးကို ဟာဗက်ဇ်က သွင်းယူပေးခဲ့သည်။ ယနေ့ပွဲတွင် လေဗာကူဆင်အသင်းသည် ရှုံးနိမ့်ခဲ့ပေမယ့် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ကိုးကြိမ်ရရှိကာနှစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အင်တာအသင်းသည် တန်ပြန်တိုက်စစ်ဖြင့် ၁၈ ကြိမ် ဂိုးကန် သွင်းခွင့်ရခဲ့၍ ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

**သီဟ**

*ကျောဖုံးမှ*

ဆန်းချက်ဇ်သည် ကနဦးတွင် အင်တာမီလန်အသင်းသို့ အငှားဖြင့် လာရောက်ကစားနေသူဖြစ်ပြီး မကြာသေးမီကမှ အင်တာမီလန် အသင်းက အဆိုပါကစားသမားကို အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ အက်ရှ်လေယန်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အိုးထရက်ဖို့ဒ်မှ အင်တာမီလန်အသင်းသို့ တတိယမြောက်ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ၎င်းသည် အင်တာမီလန်အသင်းသို့ ရောက်ရှိလာပြီးနောက် အသင်းအတွက် သွင်းဂိုးလေးဂိုးသွင်းယူပေးထားနိုင်သည်။ ထို့အပြင် ဂိုးရရှိအောင်လည်း လေးကြိမ်ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

အင်တာမီလန်အသင်းမှ ခံစစ်ကစားသမားများဖြစ်ကြသော စက်ကရီနီယာ၊ ဂိုဒင်၊ စတီဖန် ဒီဗာနှင့် ဘတ်စ်တိုနီတို့သည် ပုံမှန် ပွဲထွက်ခွင့်ရရှိရန် ရှန်းကန်နေကြသူများဖြစ်ကြောင်း သိရသည်။ သို့သော်လည်း စမောလင်းအနေဖြင့် အင်တာမီလန်အသင်းသို့ ရောက်ရှိလာပါက ပုံမှန်ပွဲထွက်ခွင့် ရရှိဖွယ်ရှိနေကြောင်း သိရသည်။ သတင်းများအရ အင်တာမီလန်အသင်းသည် အသင်းမှ စက်ကရီနီယာ သို့မဟုတ် ဂိုဒင်ကို ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း ဖော်ပြထားသည်။ စမောလင်းသည် ရိုးမားအသင်း၌ အငှားကစားစဉ် ပွဲ ၃၀ ပါဝင်ကစားထားကာ သုံးဂိုး သွင်းယူပေးထားနိုင်ပြီး ဂိုးရရှိအောင် နှစ်ကြိမ်ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ မန်ယူအသင်းနှင့် စမောလင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။

စမောလင်းကို အင်တာမီလန်အသင်းအပြင် ဂျူဗင်တပ်စ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ထို့ကြောင့် စမောလင်းကို ရိုးမား၊ အင်တာမီလန်နှင့် ဂျူဗင်တပ်စ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် မည်သည့်အသင်းက ခေါ်ယူစာချုပ်သွားနိုင်မည်ကို စိတ်ဝင်စားဖွယ်ရာပင် ဖြစ်သည်။

**အောင်ဇော်**

# MNL ကလပ်အသင်းလေးသင်းနှင့် ဒိုင်လူကြီးများကို ကိုဗစ်- ၁၉ ရောဂါ စစ်ဆေးခဲ့

**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာနေရှင်နယ်လိဂ်သည် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၁ ရက်၌ ကျန်ရှိသည့် MNL ကလပ်အသင်းလေးသင်းနှင့် ဒိုင်လူကြီးများကို စစ်ဆေးခဲ့သည်။

ဩဂုတ် ၁၀ ရက်က ရတနာပုံ၊ ရှမ်းယူနိုက်တက်၊ မကွေး၊ ရခိုင်နှင့် Southern အသင်းတို့ စစ်ဆေးပြီးဖြစ်သောကြောင့် ကျန်ရှိသည့် ဟံသာဝတီ၊ ဧရာဝတီ၊ အား/ကာသိပ္ပံနှင့် စစ်ကိုင်းအသင်းတို့မှ အုပ်ချုပ်/နည်းပြများနှင့် ကစားသမားများ၊ MNL ပွဲစဉ်များတွင် တာဝန်ယူမည့် ဒိုင်လူကြီးများကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ကိုယ်ပိုင်အစီအစဉ်ဖြင့် စစ်ဆေးပြီးဖြစ်သောကြောင့် ကျန်ရှိသည့် ကိုးသင်းကို စစ်ဆေးခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်က အကုန်အကျခံကာ စစ်ဆေးပေးခြင်းဖြစ်သည်။ နှစ်ရက်ကြာစစ်ဆေးမှုတွင် ကလပ်အသင်းကိုးသင်းနှင့် ဒိုင်လူကြီးစုစုပေါင်း အင်အား ၃၀၀ ကျော်ကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်သည် ပြည်တွင်းဘောလုံးပြိုင်ပွဲများ ပြန်လည်စတင်နိုင်ရန် ဇွန်လကတည်းက ကြိုးပမ်းခဲ့ပြီး ဇူလိုင်လလယ်တွင် ကျင်းပခွင့်ရရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ လိုအပ်သည့် ကိုဗစ်- ၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကလပ်အသင်းအားလုံး Camp Quarantin နေထိုင်ခြင်းများ ပြုလုပ်ဆောင်ရွက်ထားပြီဖြစ်ကြောင်း သိရသည်။ မြန်မာနေရှင်နယ်လိဂ်သည် သက်ဆိုင်ရာမှ ပြိုင်ပွဲကျင်းပခွင့်ရပါက ပွဲစဉ်များ ထုတ်ပြန်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**



ဒိုင်လူကြီးတစ်ဦးအား ကိုဗစ်နမူနာ ရယူနေစဉ်။ ဓာတ်ပုံ-MNL

# အိမ်ဖြူတော်အပြင်ဘက်တွင် လက်နက်ကိုင်တစ်ဦးအပစ်ခံရပြီး သမ္မတထရမ့် ဘေးကင်းရာသို့ ရှောင်တိမ်းခဲ့ရ

ဝါရှင်တန် ဩဂုတ် ၁၁

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့် သတင်းစာရှင်းလင်းပွဲပြုလုပ်နေချိန် အိမ်ဖြူတော်အပြင်ဘက်တွင် လက်နက်ကိုင်တစ်ဦးကို အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးများက သေနတ်ဖြင့်ပစ်လိုက်ပြီး သမ္မတလည်း ရုတ်ခြည်းမြင်ကွင်းမှ ဘေးလွတ်ရာသို့ ရှောင်တိမ်းလိုက်ရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဩဂုတ် ၁၁ ရက်က ဖော်ပြလိုက်သည်။**


သမ္မတထရမ့် အိမ်ဖြူတော်မှ ခဏတာရှောင်တိမ်းနေစဉ်။

အသက် ၅၁ နှစ်ရှိ လူတစ်ဦးသည် အိမ်ဖြူတော်နှင့် မနီးမဝေးရှိ ၁၇ လမ်းနှင့် ပင်ဆယ်ဖေးနီးယားရိပ်သာလမ်းထောင့်တွင် ရပ်နေသော လျှို့ဝှက်စုံစမ်းထောက်လှမ်းရေး လုံခြုံရေးရဲအရာရှိတစ်ဦးထံသို့ ချဉ်းကပ်ခဲ့ကြောင်း လျှို့ဝှက်စုံစမ်းထောက်လှမ်းရေး လုံခြုံရေးရဲအဖွဲ့မှ အကြီးအကဲ ဆူလီဗန်က ပြောကြားလိုက်သည်။

အဆိုပါ သံသယရှိသူက လုံခြုံရေးအရာရှိအား သူ့တွင် လက်နက်ပါကြောင်းနှင့် သူ့ထံသို့ လာခဲ့ရန် ရန်လိုစွာပြောကြားလိုက်ပြီး အိတ်ထဲမှ အရာတစ်ခုကို ဆွဲထုတ်လိုက်သည်ဟု တွစ်တာပေါ်တွင် ဆူလီဗန်က ရေးသားဖော်ပြထားသည်။

ထို့နောက် သေနတ်ဖြင့် ပစ်ခတ်ရန်ကြံရွယ်နေသည့် သံသယရှိသူ၏ သဘောထားကို ရိပ်မိသွားပြီး လုံခြုံရေးအရာရှိက ၎င်း၏အပေါ်ပိုင်းကို သေနတ်ဖြင့် ပစ်ခတ်လိုက်ကြောင်း ဆူလီဗန်က ဆက်လက်ပြောကြားသည်။

ထို့နောက် ၎င်းတို့နှစ်ဦးလုံးကို ဆေးရုံသို့ ပို့ဆောင်လိုက်ကြောင်း သိရသည်။ အခင်းဖြစ်ပွားချိန်တွင် အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များကို သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေချိန်ဖြစ်သည်။ ထို့နောက် သမ္မတထရမ့်အား သက်တော်စောင့်တစ်ဦးက အခြေအနေကို လာရောက်ပြောကြားပြီးနောက် သမ္မတလည်း မြင်ကွင်းမှဘေးလွတ်ရာသို့ ခဏရှောင်တိမ်းခဲ့ရသည်။

မိနစ်အနည်းငယ်အကြာတွင် သမ္မတထရမ့်လည်း သတင်းစာရှင်းလင်းပွဲသို့ ပြန်လည်ရောက်ရှိလာပြီး အိမ်ဖြူတော်အပြင်ဘက်တွင် တစ်စုံတစ်ယောက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးက ပစ်ခတ်လိုက်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

လုံခြုံရေး အရာရှိတစ်ဦးက တစ်စုံတစ်ယောက်ကို ပစ်လိုက်ကြောင်း၊ အပစ်ခံရသူမှာ သံသယရှိသူဖြစ်နိုင်ကြောင်း၊ ယခုဆေးရုံကို ပို့ဆောင်နေကြောင်း ထရမ့်က ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# စင်ကာပူတည်ထောင်သူဖခင်ကြီး၏မြေး ဟားဗတ်ကျောင်းဆရာကို တရားရုံးချုပ်က ဒဏ်ရိုက်

**စင်ကာပူ ဩဂုတ် ၁၁**

စင်ကာပူတည်ထောင်သူ လီကွမ်ယု၏မြေး လက်ရှိဝန်ကြီးချုပ်၏တူက မြို့တော်၏ တရားစီရင်ရေးအပေါ် မေးခွန်းထုတ်ခဲ့သည့် ဖေ့စ်ဘွတ်ပို့စ်အတွက် ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ကြောင်း ဩဂုတ် ၁၁ ရက်က ပြောကြားလိုက်သည်။

အမေရိကန်အခြေစိုက် ဟားဗတ်တက္ကသိုလ်မှ လက်ထောက်ပါမောက္ခ တစ်ဦးဖြစ်သူ လီရှန်ဝူကို ၂၀၁၇ ဖေ့စ်ဘွတ်ပို့စ်အမှုဖြင့် စင်ကာပူဒေါ်လာ ၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၀၀၀) ပေးဆောင်ရန်နှင့် သို့မဟုတ် ထောင်တစ်ပတ်ကျခံစေရန် နိုင်ငံတော်တရားရုံးချုပ်က လွန်ခဲ့သောလတွင် ပြစ်ဒဏ်ချမှတ်ခဲ့သည်။


အသက် ၃၅ နှစ်ရှိ ဟားဗတ်ကျောင်းဆရာ လီရှန်ဝူ

အဆိုပါ ပို့စ်တွင် လီရှန်ဝူက စင်ကာပူအစိုးရကို ထစ်ခနဲဆို တရားစွဲမယ်ဆိုတဲ့အစိုးရ (အလွန်တရားစွဲသန်သော အစိုးရ)အဖြစ် ဖော်ပြခဲ့ပြီး ပျော့ပျောင်းသော တရားရေးစနစ်ဟု ဖော်ပြခဲ့သည်။

သူက ငြိမ်းချမ်းရေးနှင့် တိတ်ဆိတ်ငြိမ်သက်မှုကို လိုလားသောကြောင့် ဒဏ်ကြေးငွေပေးဆောင်မည်ဟု ပြောကြားလိုက်သော်လည်း သူ့တွင် အပြစ်ရှိကြောင်း ဝန်မခံခဲ့ပေ။

"ကျွန်တော့်စကားတွေဟာ ဥပဒေကို ဆန့်ကျင်တယ်ဆိုတာ ကျွန်တော်သဘောမတူပါဘူး။ ထို့အပြင် အကျင့်သိက္ခာမြင့်မားပြီး တိုးတက်နေတဲ့နိုင်ငံဟာ သူ့ရဲ့ တရားရေးစနစ်အပေါ် ပုဂ္ဂိုလ်ရေးဆိုင်ရာ မှတ်ချက်ပြုပြောကြားတာနဲ့ပတ်သက်ပြီး ဒဏ်ကြေးပေးဆောင်ရတာ သို့မဟုတ် ထောင်ဒဏ်ချမှတ်တာတွေ မလုပ်ဆောင်သင့်ဘူး''ဟု ဟားဗတ်ကျောင်းဆရာတစ်ဦးဖြစ်သည့် လီက ပြောကြားလိုက်သည်။

ရှေ့နေချုပ်ရုံးက ၎င်း၏ပို့စ်သည် အခြေအမြစ်မရှိသောတိုက်ခိုက်မှုတစ်ခုဟု ပြောကြားလိုက်သည်။

လီသည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ လီရှန်ရန်၏ အကြီးဆုံးသားဖြစ်ပြီး လီရှန်ရန်သည် သူ့အစ်ကိုဖြစ်သော လက်ရှိဝန်ကြီးချုပ် လီရှန်လွန်းနှင့် မိဘ၏အမွေနှင့်ပတ်သက်ပြီး မသင့်မမြတ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်မှလာမည့် လေကြောင်းခရီးစဉ်များကို ကမ္ဘောဒီးယား ဆိုင်းငံ့

**ဖနောင်ပင် ဩဂုတ် ၁၁**

ကိုဗစ် – ၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရေးအတွက် ကမ္ဘောဒီးယားသို့ ဖိလစ်ပိုင်မှ လာမည့် လေကြောင်း ခရီးစဉ်များကို ယာယီဆိုင်းငံ့သွားရန် ဆုံးဖြတ်လိုက်ကြောင်း ဩဂုတ် ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီး မမ်ဘန်ဟန်က ပြောကြားသည်။


ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က လေကြောင်းခရီးစဉ်ဆိုင်းငံ့ရန် ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပြီး ဩဂုတ် ၁၃ ရက်မှ စတင်ကာ ယင်းအမိန့် စတင်အာဏာသက်ရောက်မည် ဖြစ်သည်။ ကမ္ဘောဒီးယားပြည်သူများ၏ အကျိုးစီးပွားနှင့် လုံခြုံစိတ်ချရရေးအတွက် ယခုလို ဆုံးဖြတ်လိုက်ရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ လတ်တလောတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရမှုနှုန်းမှာ တိုးနေပြီး အရှေ့တောင်အာရှနိုင်ငံများတွင် ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်နေသည်။

ထို့ကြောင့် ဖိလစ်ပိုင်မှလာမည့် ခရီးသည်များတွင် ရောဂါပါလာမည်ကို စိုးရိမ်နေရသည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

ဖနောင်ပင်တွင် ဆင်းသက်ခဲ့သည့် ဖိလစ်ပိုင်မှလာသော လေယာဉ်တစ်စင်းတွင် ခရီးသည်ပေါင်း ၁၁၉ ဦးပါဝင်ခဲ့ပြီး ၎င်းတို့ထဲတွင် ၁၃ဦးမှာ ကိုဗစ်– ၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ကြုံတွေ့ပြီး နောက်ပိုင်းတွင် ယခုလို လေယာဉ်ခရီးစဉ်ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ရုရှားနိုင်ငံက ကမ္ဘာ့ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို စမ်းသပ်ထုတ်လုပ်

**မော်စကို ဩဂုတ် ၁၁**

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု သန်း ၂၀ ကျော်လာချိန်တွင် ရုရှားနိုင်ငံက ကမ္ဘာ့ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏သမီးအကြီး နှစ်ဦးအနက် တစ်ဦးကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံခဲ့ကြောင်းနှင့် ထိရောက်မှုရှိကြောင်း ပြောကြားလိုက်သည်။ ၎င်းသည် အခြေအနေကောင်းမွန်ကြောင်းနှင့် ရောဂါကာကွယ်သော ပဋိပစ္စည်းများ မြင့်တက်လာကြောင်း ပူတင်က ဆက်လက်ပြောကြားသည်။

ရုရှားနိုင်ငံသည် ကမ္ဘာ့စတုတ္ထအများဆုံး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့်နိုင်ငံဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၉၀၀၀၀ ရှိကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ကာကွယ်ဆေးအပြိုင်ထုတ်လုပ်ပြီး ဖြန့်ဖြူးရန်ကြိုးစားမှုသည် ကမ္ဘာ့ကျန်းမာရေးကဏ္ဍတွင် ထိပ်ဆုံးမှပါဝင်လာသလို ပထဝီနိုင်ငံရေးတွင်လည်း အရေးကြီးအခန်းကဏ္ဍမှ ပါဝင်လာသည်။ မည်သည့်ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးမဆို ဘေးကင်းလုံခြုံစိတ်ချရပြီး ချမ်းသာသူအတွက်မဟုတ်ဘဲ အားလုံးအတွက်ဖြစ်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက သတိပေးပြောကြားထားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို လိုအပ်သောစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နေသလို ယင်းဆေးသည် ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်နိုင်ကြောင်း ပြောကြားသည်။ သို့သော်လည်း သိပ္ပံပညာရှင်များက ရုရှားကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အဆင့်–၃ကို မစမ်းသပ်သေးခင် အလေ့တကြီးအသုံးပြုခြင်းသည် ရလဒ်တစ်မျိုးတစ်မည်ပြောင်းလဲလာနိုင်ကြောင်း သတိပေးထားသည်။ ကာကွယ်ဆေးစမ်းသပ်မှုအဆင့်–၃တွင် လူထောင်ပေါင်းများစွာပါဝင်ရမည်ဖြစ်ပြီး လအနည်းငယ်ကြာမြင့်နိုင်ကြောင်း သိရသည်။

အဆင့်–၃ စမ်းသပ်ခြင်းကို ဩဂုတ် ၁၂ ရက်တွင် စတင်ဖွယ်ရှိပြီး ကာကွယ်ဆေးထုတ်လုပ်မှုကို စက်တင်ဘာလမှစကာ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ကာရယ်ဒီမီထရိဗ်က ပြောကြားသည်။

အဆိုပါကာကွယ်ဆေးကို ကူးစက်ပြန့်ပွားခြင်းနှင့် ကာကွယ်ခြင်းဆိုင်ရာ ပညာရပ်နှင့် အဏုဇီဝဗေဒဆိုင်ရာ ကာမာလေယာသုတေသနအင်စတီကျုက တီထွင်ထုတ်လုပ်ခဲ့ပြီး ကာကွယ်ဆေးတစ်ခါသောက်ပမာဏ တစ်ဘီလီယံကျော်ကို နိုင်ငံပေါင်း ၂၀ ကျော် လက်ခံရရှိမည် ဖြစ်ကြောင်း ဒီမီထရိဗ်က ပြောကြားသည်။

ထို့အပြင် နိုင်ငံခြားမိတ်ဖက်များနှင့်လက်တွဲ၍ ရုရှားနိုင်ငံအနေဖြင့် အဆိုပါဆေးကို နိုင်ငံငါးနိုင်ငံတွင် တစ်နှစ်လျှင် ကာကွယ်ဆေးပမာဏ သန်း ၅၀၀ ထုတ်လုပ်ရန်စီစဉ်ထားကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားထားသည်။

အဆိုပါကာကွယ်ဆေးကို စပန့်နစ်ဗွီဟု နာမည်ပေးထားကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ရုရှားကျန်းမာရေးအာဏာပိုင်တို့က ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးအသစ်ကို အရည်အသွေးကြိုတင်စမ်းသပ်ခြင်းလုပ်ငန်းစဉ်များလုပ်ဆောင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# နယူးဇီလန်တွင် ၁၀၂ ရက်ကြာပြီးနောက် ဒေသတွင်း ကိုဗစ် -၁၉ ကူးစက်ခံရမှုပြန်လည်တွေ့ရှိ

ဝယ်လင်တန် ဩဂုတ် ၁၁

**နယူးဇီလန်နိုင်ငံတွင် ဒေသတွင်း ကိုဗစ် -၁၉ ကူးစက်မှု မတွေ့ရှိရသည်မှာ ရက်ပေါင်း ၁၀၂ ရက်ကြာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဒေသတွင်းကူးစက်ခံရမှုကို ပြန်လည်တွေ့ရှိခဲ့သည်ဟု ဩဂုတ် ၁၁ ရက်တွင် ကြေညာခဲ့သည်။ ထို့နောက် တိုင်းပြည်၏ အကြီးဆုံးမြို့တွင် နေအိမ်၌သာနေရန် အမိန့်ထုတ်ခဲ့ကြောင်း သိရသည်။**



နယူးဇီလန်နိုင်ငံတွင် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

ကိုဗစ် -၁၉ ထိန်းချုပ်နိုင်မှုကြောင့် နယူးဇီလန်နိုင်ငံကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းချီးမွမ်းနေကြစဉ် နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်က အော့ကလန်မြို့ရှိ မိသားစုတစ်စုတည်းတွင် လူလေးဦး ကူးစက်ခံထားရကြောင်း ကြေညာခဲ့သည်။

ကူးစက်ခံရသည့် အရင်းအမြစ်ကိုမူ မသိရသေးပေ။ ဒေသတွင်းကူးစက်မှုမရှိသည်မှာ ရက်ပေါင်း ၁၀၂ ရက်ကြာပြီးနောက် သီးခြားစောင့်ကြည့်ရေး စင်တာများပြင်ပတွင်ကူးစက်ခံရမှုကို ပထမဆုံး စတင်တွေ့ရှိခဲ့ကြောင်း နယူးဇီလန်ဝန်ကြီးချုပ်က ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောသည်။

ကိုဗစ် - ၁၉ ကူးစက်မှုအတွက် အစီအစဉ်များနှင့် ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဩဂုတ် ၁၁ ရက်မတိုင်ခင် အချိန်အထိ နယူးဇီလန်နိုင်ငံမှာ ကူးစက်ရောဂါကို အောင်မြင်စွာ ထိန်းချုပ်ထားနိုင်သည့် နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ချီးကျူးဂုဏ်ပြုခဲ့သည်။

နယူးဇီလန်နိုင်ငံတွင် လူဦးရေ ၂၂ သန်းအနက် ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် သေဆုံးသွားသူ ၂၂ ဦးသာရှိခဲ့ပြီး မေ ၁ ရက်မှစတင်ကာ ဒေသတွင်းကူးစက်ခံရမှု မတွေ့ရှိခဲ့ရပေ။

ထို့ကြောင့် နယူးဇီလန်တွင် လူအချင်းချင်းခပ်ခွာခွာနေရန် စည်းကမ်းများကို လိုက်နာစရာမလိုဘဲ ပုံမှန်နေထိုင်မှုဘဝတွင် နေထိုင်နိုင်ပြီး အားကစားပွဲများနှင့် အခြားသောပွဲလမ်းသဘင်များကိုလည်း ကြည့်ရှုခွင့်ရထားသည်။

သို့သော်လည်း ယင်းအခြေအနေကို ကျေနပ်မနေကြရန်နှင့် ဒုတိယလှိုင်းမှာ အချိန်မရွေး ပြန်ပေါ်လာနိုင်ကြောင်း ကျန်းမာရေးအာဏာပိုင်များက သတိပေးခဲ့ကြသည်။

အော့ကလန်တွင် ဩဂုတ် ၁၂ ရက်မှ စတင်ကာ သုံးရက်ထက် မနည်း အသွားအလာ ပိတ်ဆို့ကန့်သတ်မှု ထားရှိမည်ဖြစ်ပြီး တိုင်းပြည်၏ ကျန်အစိတ်အပိုင်းများတွင် လူအချင်းချင်းခပ်ခွာခွာနေရေး စည်းကမ်းများကို ပြန်လည်လိုက်နာရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# တရုတ်နိုင်ငံ ဖူကျန်းပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်း မက်ခလာကြောင့် မိုးသက်မုန်တိုင်းကျရောက်

**ဖူကျိုး ဩဂုတ် ၁၁**

တရုတ်နိုင်ငံတွင် ယခုနှစ်၏ ဆဋ္ဌမမြောက် တိုင်ဖွန်းမုန်တိုင်း မက်ခလာ ဝင်ရောက်မှုကြောင့် နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ်ရှိ ကျန်ပူခရိုင်တွင် ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီ မိနစ် ၃၀ က မိုးသက်မုန်တိုင်းကျရောက်မှု ဖြစ်ပွားကြောင်း သိရသည်။

မုန်တိုင်း ဝင်ရောက်ချိန်တွင် မုန်တိုင်းဗဟိုအနီး လေတိုက်နှုန်း တစ်နာရီလျှင် ၃၃ မီတာရှိကြောင်း ဒေသမိုးလေဝသ အာဏာပိုင်များက ပြောကြားခဲ့သည်။

လေပြင်းတိုက်မှုများနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဒေသရှိ မော်တော်ယာဉ် သွားလာမှု လမ်းကြောင်းများ အနှောင့်အယှက်ဖြစ်ခဲ့ပြီး ပြည်နယ်အတွင်းရှိ ရထားအချို့ကို ပြေးဆွဲမှုရပ်ထားရန် အမိန့်ထုတ်ခဲ့သည်။ စီယာမင်ကမ်းခြေမြို့ရှိ ဂါအိုကွီလေဆိပ်တွင် ဩဂုတ် ၁၀ ရက်က ပြည်ပသို့ ထွက်ခွာမည့်လေကြောင်းခရီးစဉ် ၅၁ ခုကို ဖျက်သိမ်းခဲ့ပြီး ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ် ၃၈ ခု ကို ဖျက်သိမ်းခဲ့သည်။



ဖူကျန်းပြည်နယ်၌ တိုင်ဖွန်းမုန်တိုင်းကြောင့် နေအိမ်အမိုးများ ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

မုန်တိုင်း အန္တရာယ်ကြောင့် ငါးဖမ်းသင်္ဘောအစင်းရေ ၅၆၀၀ ကျော် ဆိပ်ကမ်းသို့ ပြန်ကပ်လာခဲ့ပြီး ပြည်သူ ၃၂၀၀ ကျော်ကို ဘေးလွတ်ရာ ကုန်းပြင်မြင့်များပေါ်သို့ ကယ်ဆယ်ရွှေ့ပြောင်းထားကြောင်း စီယာမင် ရေဘေးအန္တရာယ်ထိန်းချုပ်ရေးရုံးက ပြောကြားသည်။ ရေကြီးသည့် နေရာများရှိ ခရီးသည်ကြိုပို့ယာဉ်များကို ဝန်ဆောင်မှုရပ်နားထားရန် အမိန့်ထုတ်လိုက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်များကိုလည်း ပိတ်သိမ်းရန် ညွှန်ကြားထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါကစ္စတန်၌ သုံးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၆၄ ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၁**

ပါကစ္စတန်နိုင်ငံတွင် မုတ်သုံမိုးကြောင့် ရေကြီးမှု ဖြစ်ပေါ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆက်စပ်သည့် အခြားသော မတော်တဆမှုများကြောင့် သုံးရက်တာကာလအတွင်း ၆၄ ဦးထက်မနည်းသေဆုံးခဲ့သည်ဟု အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အာဏာပိုင်အဖွဲ့က ဩဂုတ် ၁၀ ရက်တွင် ပြောကြားခဲ့သည်။




ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် မိုးကြီးနေသည်ကို တွေ့ရစဉ်။

အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ နိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းမှုတွင် မတော်တဆမှုကြောင့် သေဆုံးသူများထဲတွင် ကလေး ၁၉ ဦးနှင့် အမျိုးသမီးကိုးဦး ပါဝင်ကြောင်း သိရသည်။

နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာ ပက်ထွန်ခဝါ ပြည်နယ်မှာ ထိခိုက်မှုအများဆုံးဖြစ်ပြီး ၂၅ ဦး သေဆုံးခဲ့သည်။ တောင်ပိုင်းဆင်းဒ်ပြည်နယ်တွင် ၁၂ ဦးသေဆုံးပြီး ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်းတွင် ရှစ်ဦးသေဆုံးကြောင်း သိရသည်။

ရေကြီးမှုကြောင့် တံတားလေးစင်း ပျက်စီးခဲ့ရပြီး ကျေးရွာရာပေါင်းများစွာကို ဆက်သွယ်ထားသည့် လမ်းများမှာလည်း ပျက်စီးခဲ့ရသည်။ ထို့ပြင် နေအိမ်ပေါင်း ၃၀၀ ခန့်လည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်တပ်ဖွဲ့မှ ရာနှင့် ချီသည့် တပ်ဖွဲ့ဝင်များသည် သဘာဝဘေးဒဏ်ခံပြည်သူများကို ကူညီကယ်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ မုတ်သုံရာသီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကရာချိနှင့် လာဟိုးမြို့များ အပါအဝင်အဓိက စီးပွားရေးမြို့ကြီးများရှိ ပြည်သူများ၏ နေ့စဉ်ဘဝကို အနှောင့်အယှက်ပေးလျက်ရှိသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနှင့် မြန်မာတို့ နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်း ဆက်သွယ်နိုင်ရေး ဆွေးနွေးလျက်ရှိ

**ကိုလံဘို ဩဂုတ် ၁၁**

သီရိလင်္ကာနှင့် မြန်မာနှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ထူထောင်နိုင်ရန်အတွက် သီရိလင်္ကာနိုင်ငံက မြန်မာအဲဝေးအင်တာနေရှင်နယ် လေကြောင်းကုမ္ပဏီနှင့် ဆွေးနွေးလျက်ရှိကြောင်း ဒေသမီဒီယာက ဩဂုတ် ၁၁ ရက်တွင် ဖော်ပြသည်။

**ထည့်သွင်းပြောကြား**

မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး နာလင်ဒီဆီလ်ဗာက မြန်မာအဲဝေးအင်တာနေရှင်နယ်၏ ထိပ်တန်းစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲအတွင်း သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့အကြား ယဉ်ကျေးမှုနှင့်သမိုင်းကြောင်းဆိုင်ရာ ရင်းနှီးဆက်ဆံမှု၏ အရေးပါမှုကို အလေးအနက် ထည့်သွင်းပြောကြားခဲ့သည်။

သီရိလင်္ကာနှင့် မြန်မာနှစ်နိုင်ငံလုံး၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွင် နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းဆက်သွယ်ရေးက အရေးကြီးကြောင်း ဒီဆီလ်ဗာက အလေးပေးဖော်ပြခဲ့သည်။

**ပိုမိုအဆင်ပြေမည်ဖြစ်**

နှစ်နိုင်ငံအကြား ခရီးသွားလာသူများအနေဖြင့် ခရီးသွားကြာချိန်သုံးနာရီမျှပင် မရှိသည့်အချိန်တွင် လေဆိပ်အကူးအပြောင်း၌ အချိန် တော်တော်များများ ကုန်ဆုံးနေကြရကြောင်း၊ သို့ဖြစ်ရာ တိုက်ရိုက်လေကြောင်းခရီးစဉ်က ခရီးသွားပြည်သူများအတွက် ပိုမိုအဆင်ပြေစေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# အိန္ဒိယတွင် ကျိုင်းကောင်ထိန်းချုပ်ရေးလုပ်ငန်းကို ပြည်နယ် ၁၀ ခုတွင် လုပ်ဆောင်

**နယူးဒေလီ ဩဂုတ် ၁၁**

ယခုနှစ် ဧပြီလမှ မေလအတွင်း အိန္ဒိယနိုင်ငံ ပြည်နယ်ပေါင်း ၁၀ ခုရှိ မြေယာပေါင်း ၅၂၂၈၉၇ ဟက်တာတွင် ကျိုင်းကောင်ထိန်းချုပ်ရေးလုပ်ငန်းကို လုပ်ဆောင်ခဲ့သည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးက ဩဂုတ် ၁၀ ရက်တွင် ပြောကြားခဲ့သည်။

**ကြီးမားသည့်ပျက်စီးမှုမရှိ**

ဒရုန်းများ၊ ဟယ်လီကော်ပတာများကိုတပ်ဖြန့်ချထားခဲ့ပြီး အိန္ဒိယလေတပ်က ကျိုင်းကောင်တိုက်ဖျက်ရေးစီမံကိန်းအတွက် Mi-17 ရဟတ်ယာဉ်များကိုအသုံးပြုကာ ကျိုင်းကောင်ခြေရာခံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်ဟု ဝန်ကြီးဌာနကပြောသည်။ ဂုဂျာရက်၊ ဥတ္တာပရာဒေ့ရှ်၊ မတ်ရာပရာဒေ့ရှ်၊ မဟာရက်ရှ်ထရာ၊ ဘီဟာနှင့် ဟာယာနာပြည်နယ်တို့တွင် ကျိုင်းကောင်များကြောင့် ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း ဝန်ကြီးဌာနက ပြောသည်။

**အကြီးအကျယ်ပျက်စီးရ**

ကျိုင်းကောင်များသည် သီးနှံများနှင့် အစိမ်းရောင် အသီးအနှံများကို ဖျက်ဆီးပြီး ၎င်းတို့၏ စားသောက်မှုပုံစံကြောင့် သီးနှံများအကြီးအကျယ် ပျက်စီးရသည်။ ကျိုင်းကောင် အုပ်စုများသည် ဇွန်လမှ ဇူလိုင်လအတွင်း အကောင်ပေါက်သည့် အချိန်တွင် ပါကစ္စတန်မှ အိန္ဒိယသို့ဝင်ရောက်လာလေ့ရှိသည်ဟု အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

# လူ့လောကပဋိပက္ခအကျပ်အတည်း သို့မဟုတ် ကိုဗစ် - ၁၉ ရောဂါစစ်ပွဲကြီး

ထွန်းသစ်စ

ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယို ဂူတာရက်စ်က ဒုတိယကမ္ဘာစစ်ကာလ နောက်ပိုင်း လူသားတွေအဆိုးရွားဆုံး ခံစားရတဲ့ လူ့လောကပဋိပက္ခအကျပ်အတည်းတစ်ခုအဖြစ် စိတ်မကောင်းဖွယ်ရာ တင်စားခဲ့တဲ့ ကိုဗစ်-၁၉ ကို သတိနဲ့ ရင်ဆိုင်တားဆီးနေတဲ့နေရာမှာ အီးယူနိုင်ငံအတော်များများကတော့ သူတို့ရဲ့ နယ်စပ်တွေကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါပေမယ့် ကိုဗစ်-၁၉ ရောဂါဟာ တရုတ်မှာ ထပ်မံကူးစက်ခဲ့သလို အမေရိကန်နိုင်ငံမှာလည်း သူ့ကြောင့်ပဲ သေဆုံးမှုနှုန်းတွေ တိုးလာခဲ့ပါတယ်။

ကိုဗစ်-၁၉ ရောဂါဖြစ်လို့ စီးပွားရေးကျဆင်းမှုဟာ မတည်ငြိမ်မှု၊ မငြိမ်းချမ်းမှု၊ ပဋိပက္ခဖြစ်မှုစတဲ့ ပြဿနာတွေကိုဖြစ်စေသလို ဒါဟာ ဒုတိယကမ္ဘာစစ်ကနေ အခုအချိန်အထိ အခက်ခဲဆုံးစိန်ခေါ်မှု ပြဿနာရပ်ပါပဲလို့ ဂူတာရက်စ်က ပြောကြားထားတာလည်းရှိပါတယ်။

**သန်း ၂၀ ကျော်ကူးစက်ပျံ့နှံ့**

ကိုဗစ်-၁၉ ရောဂါဟာ အခုဆိုရင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူပေါင်းသန်း ၂၀ ကျော်ကို ကူးစက်ပျံ့နှံ့ခဲ့ပြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်နှောင်းပိုင်းမှာ တရုတ်နိုင်ငံက စတင်လာတဲ့ ဒီရောဂါကြောင့် သေဆုံးသူတွေဟာလည်း ခုနစ်သိန်းကျော်လာပြီလို့ သတင်းတွေမှာဖော်ပြထားပါတယ်။

ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုဟာ လက်တင်အမေရိကနဲ့ မြေထဲပင်လယ်ဒေသတွေမှာ တိုးလာနေပါတယ်။ အထူးသဖြင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်း အများဆုံးဖြစ်ပွားခဲ့တဲ့ နိုင်ငံကတော့ ဘရာဇီးနိုင်ငံ ဖြစ်လာပါတယ်။ ဘရာဇီးနိုင်ငံဟာ ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုနှုန်းနဲ့ ကူးစက်မှုနှုန်းမှာ ကမ္ဘာပေါ်မှာ အမေရိကန်ပြည်ထောင်စုပြီးရင် ဒုတိယအများဆုံးနိုင်ငံ ဖြစ်လာပါတယ်။

အီရန်၊ အိန္ဒိယနဲ့ ဆော်ဒီအာရေဗျနိုင်ငံတွေမှာလည်း ကိုဗစ်-၁၉ ကူးစက်ခံရမှုတွေနဲ့အတူ သေဆုံးမှုတွေလည်း ထပ်မံတိုးလာပါတယ်။ ကိုဗစ်-၁၉ ဟာ ကာလရှည်ကြာဖြစ်ပွားလာတဲ့ ရောဂါစစ်ပွဲကြီးတစ်ခုအသွင် ဆောင်လာတဲ့အတွက်ကြောင့် ကမ္ဘာကြီးအနေနဲ့လည်း ဖွဲကောင်းကောင်းနဲ့ ခုခံနေရဦးမှာဖြစ်သလို စိုးရိမ်မှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။

**ရှစ်လကျော်ကြာလာပြီ**

ကိုဗစ်-၁၉ စတင်ဖြစ်ပွားလာချိန်ကတည်းကနေ အခုအချိန်အထိ ရှစ်လကျော်ကြာခဲ့ပါပြီ။ သို့သော်လည်းပဲ စိတ်ချရတဲ့အခြေအနေမရှိသေးဘဲ သတိနဲ့ နေထိုင်နေရတဲ့ အခြေအနေမှာပဲ ရှိပါသေးတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ဥရောပနိုင်ငံတွေမှာ ကျဆင်းလာမှုနဲ့အတူ အစိုးရတွေကလည်း ကန့်သတ်ပိတ်ဆို့မှုတွေအပေါ် ဖြေလျှော့မှုတွေ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ဒါပေမယ့် ယိုယွင်းနေတဲ့ စီးပွားရေးနဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေကတော့ လွယ်လွယ်နဲ့ ပြန်လည်ထူထောင်လာမယ့် အခြေအနေမရှိသေးပါဘူး။ အချိန်ယူရဦးမှာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဂျာမနီနဲ့ ဂရိနိုင်ငံတွေလည်း တခြားအီးယူနိုင်ငံတွေနည်းတူ နယ်စပ်ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးခဲ့ပါတယ်။ စပိန်နိုင်ငံမှာဆိုရင် ဂျာမနီခရီးသွားတွေဟာ ဘဲလီယာရစ်ကျွန်းတွေကို အစပျိုးခရီးစဉ်အနေနဲ့ သွားရောက်ခဲ့ကြပါတယ်။

ဘရပ်ဆဲလ် ဇာဗန်တင်လေဆိပ်မှာလည်း ခရီးသွားတွေ ရှိနေပါတယ်။ အဲဒီခရီးသွားတွေထဲက တစ်ယောက်ဖြစ်တဲ့ ဂျိုင်းကာမယ်ဆိုတဲ့ ကျောင်းသားတစ်ယောက်ဟာ ပြင်သစ်မှာရှိတဲ့ သူ့အဖေဆီကိုသွားဖို့ လေယာဉ်ထွက်ခွာမှာကို စောင့်ဆိုင်းနေပါတယ်။ အဖေနဲ့မတွေ့ရတာ ငါးလလောက်ရှိပြီ။ စာမေးပွဲဖြေဆိုမှုလည်း မပြီးပြတ်သေးပါဘူး။ ဒါပေမယ့် အဲဒါတွေကို အွန်လိုင်းကဖြေလိုက်တယ်။ အကျိုးတော့ အများသားပဲလို့ သူက ပြောလိုက်ပါတယ်။

မတ်လကတည်းက အထီးကျန်ခဲ့တဲ့ အင်္ဂလန်မှာရှိတဲ့ ဈေးဆိုင်တွေ၊ ပြင်ပဆွဲဆောင်စရာတွေဟာ အခုဆိုရင် သူတို့ရဲ့ ပထမဆုံး ဖောက်သည်တွေကို ကြိုဆိုနေကြပြီဖြစ်ပါတယ်။ ဥရောပမှာတော့ ဗြိတိန်ဟာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ စီးပွားရေးကျဆင်းမှုတွေလည်း ဖြစ်နေပြီး အလုပ်ပြန်လည် ရရှိဖို့ဆိုတာ မလွယ်ကူလှပါဘူး။




ကိုဗစ်-၁၉ ရောဂါဆိုးကြီးကို အတူတကွ ရင်ဆိုင်ကြရန် ဖော်ကျူးထားသည့် ပိုတစ်ပုံ။

ပါရီမြို့မှာလည်း ကော်ဖီဆိုင်တွေနဲ့ စားသောက်ဆိုင်တွေကို သုံးလကြာ ကန့်သတ်ပိတ်ဆို့မှုတွေပြုလုပ်ပြီးနောက်မှာ အခုတော့ အားအင်အပြည့်နဲ့ လုပ်ငန်းတွေ ပြန်လည်စတင်လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။ အခုအချိန်မှာ မေးခွန်းထုတ်ရမှာတော့ ဒီလိုအခြေအနေတွေမှာ ဖောက်သည်တွေက လာရောက်ကြမှာလားဆိုတာပဲ ဖြစ်ပါတယ်လို့ ပါရီမြို့လယ်မှာရှိတဲ့ လာအေမီဂျော့ဂျ်ဆိုင်က မန်နေဂျာတစ်ဦးဖြစ်တဲ့ အဲဘတ်အိုင်ဒန်က ပြောပါတယ်။

**စိုးရိမ်ဖွယ် ဒုတိယလှိုင်း ကျန်ရှိနေ**

ဒါပေမယ့် ကိုဗစ်- ၁၉ စိုးရိမ်ဖွယ် ဒုတိယလှိုင်းကတော့ ကျန်ရှိနေဆဲဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်မှုဖြစ်ပွားတယ်ဆိုတဲ့ သတင်းက ကိုဗစ်- ၁၉ ဒုတိယလှိုင်းဂယက်ကို ပိုပြီးကျိန်းသေသလို ဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကတော့ ကိုဗစ်-၁၉ ကူးစက်မှုအသစ်ထပ်မံတွေ့ရှိခဲ့တာနဲ့အညီ ထပ်မံပျံ့နှံ့မှု မဖြစ်ပွားအောင် မြို့တော်ပေကျင်းရဲ့ နေရာအချို့ကို အသွားအလာကန့်သတ်ပိတ်ဆို့လိုက်ပါတယ်။ ထို့အတူပဲ တခြားနိုင်ငံတွေလည်း ကိုဗစ်-၁၉ ဒုတိယလှိုင်းဂယက်ကို စိုးရိမ်ထိတ်လန့်နေကြပါတယ်။ ကိုဗစ်-၁၉ ဟာ အတော်ဆိုးတဲ့ ရောဂါဆိုးကြီးဖြစ်တဲ့အတွက် ဘယ်တိုင်း ဘယ်နိုင်ငံကမှ သူ့ကို စိတ်အေးအေးနဲ့ စောင့်ကြည့်နေတဲ့ အထဲမှာ မပါပါဘူး။ ထပ်မံ မပြန့်ပွားအောင်၊ မကူးစက်အောင် အစွမ်းကုန်လုပ်ဆောင်နေကြပါတယ်။

ကိုဗစ်-၁၉ အကျပ်အတည်းဟာ လူ့အသက်ပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာ့စီးပွားရေးကိုလည်း ယိမ်းယိုင်စေပါတယ်။ သူ့ကို ထိရောက်စွာ ကာကွယ်ဟန့်တားနိုင်ပြီလားဆိုတော့လည်း မဟုတ်သေးပါဘူး။ ပိုဆိုးတာက ကမ္ဘာ့တချို့နေရာတွေမှာ ကူးစက်မှုတွေ ပြန်ဖြစ်နေတာပဲဖြစ်ပါတယ်။

လက်တင်အမေရိကမှာလည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးတဲ့သတင်းတွေဟာ စီးပွားရေးယိုယွင်းနေတယ်ဆိုတဲ့ သတင်းတွေနဲ့အတူ စိတ်မကောင်းဖွယ်ရာ ကြားသိရပါတယ်။ ပီရူးနိုင်ငံမှာ စီးပွားရေးကျဆင်းမှုတွေဖြစ်နေသလို ချီလီနိုင်ငံမှာလည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်အပေါ် ရှုပ်ထွေးမှုတွေဖြစ်လာပြီး ကျန်းမာရေးဝန်ကြီး နုတ်ထွက်ပြီး နှစ်ရက်အကြာမှာ နောက်ထပ်အရေးပေါ်ကာလကို သုံးလထပ်မံ တိုးမြှင့်ခဲ့တဲ့အထိ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာတော့ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရောထွေးနေတဲ့ သတင်းတွေနဲ့အတူ အခုချိန်အထိတော့ ကမ္ဘာမှာ ကိုဗစ်-၁၉ ဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရတဲ့နိုင်ငံစာရင်းက အနည်းငယ်တောင် ပြောင်းလဲမှုမရှိပါဘူး။ အခုဆိုရင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုတွေဟာ ၁၆၅၆၁၇ ဦး ကျော်လာပြီဖြစ်ပါတယ်။ အမေရိကန်သမ္မတကတော့ နောက်ထပ်ကိုဗစ်-၁၉ ဒုတိယလှိုင်းဂယက် ထပ်မံပေါ်ပေါက်လာတာတောင် စီးပွားရေးပိတ်ဆို့မှုတွေ မလုပ်ဘူးလို့ ပြောပါတယ်။

အရှေ့အလယ်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကိုဗစ်-၁၉ ဒဏ်ကို ခံစားခဲ့ရတဲ့အီရန်နိုင်ငံမှာလည်း တစ်ဦးနဲ့တစ်ဦးခပ်ခွာခွာနေထိုင်ရမယ့် တင်းကျပ်တဲ့ ဆောင်ရွက်မှုတွေ လုပ်ဆောင်နေပါတယ်။ ဆော်ဒီအာရေဗျ နိုင်ငံမှာလည်း ကိုဗစ်-၁၉ ကို ကာကွယ်ဖို့အတွက် တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေ ချမှတ်လုပ်ဆောင်လျက်ရှိပါတယ်။

အိန္ဒိယနိုင်ငံက လူဦးရေ ၁၅ သန်းလောက်ရှိတဲ့ ချန်နိုင်းမြို့နဲ့ အိမ်နီးချင်းဒေသတွေမှာလည်း အသွားအလာကန့်သတ်မှုတွေကို နောက်တစ်ကြိမ် ပြန်လည် ပြဋ္ဌာန်းခဲ့ပါတယ်။ လူဦးရေ ၁ ဒသမ ၂ ဘီလီယံရှိတဲ့ အိန္ဒိယနိုင်ငံဟာ သူ့ရဲ့ ကျန်းမာရေးဆိုင်ရာစနစ်တွေကို ကြိုတင်ပြင်ဆင်ထားဖို့ သတိပေးထားပါတယ်။ ကိုဗစ်- ၁၉ ဟာ ယနေ့လူတွေခံစားနေရတဲ့ ဘေးဒုက္ခဆိုးကြီးတစ်ခုဖြစ်ပြီး အရှည်ကြာဆုံး ရောဂါစစ်ပွဲကြီးလို့လည်း ပြောရမလို ဖြစ်နေပါပြီ။ ။

**ကိုးကား - အေအက်ဖ်ပီ**

> “ ကိုဗစ်-၁၉ အကျပ်အတည်းဟာ လူ့အသက်ပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိပြီး ကမ္ဘာ့စီးပွားရေးကိုလည်း ယိမ်းယိုင်စေပါတယ်။ သူ့ကိုထိရောက်စွာ ကာကွယ်ဟန့်တားနိုင်ပြီလားဆိုတော့လည်း မဟုတ်သေးပါဘူး။ ပိုဆိုးတာက ကမ္ဘာ့တချို့နေရာတွေမှာ ကူးစက်မှုတွေ ပြန်ဖြစ်နေတာပဲဖြစ်”

# နိုင်ငံတကာသတင်းတိုထွာ

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်မှု သန်း ၂၀ ကျော်လွန်လာပြီ

**ဝါရှင်တန်** ဩဂုတ် ၁၁ - ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းမှာ သန်း ၂၀ ကျော်လွန်လာပြီဖြစ်သည်။ ကူးစက်မှုသည် အလွန်လျင်မြန်စွာဖြင့် ပျံ့နှံ့လာခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ကင်းတက္ကသိုလ်က ဩဂုတ် ၁၁ ရက်အထိ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းမှာ ၂၀၀၀၁၀၁၉ ဦးရှိကြောင်း ဖော်ပြလိုက်သည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာလည်း ယခုဆိုလျှင် ၇၃၃၈၉၇ ဦးရှိကြောင်း ဖော်ပြလိုက်သည်။ အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ကူးစက်ခံရမှုတွင် ငါးသန်းကျော်လွန်လာခဲ့သလို သေဆုံးသူပေါင်းလည်း ၁၆၀၀၀၀ ကျော်လွန်လာကြောင်း ဖော်ပြခဲ့သည်။ ထို့အတူ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေသည့် ကန့်သတ်ချက်များ လျှော့ချလိုက်ပြီးနောက် ဩစတြေးလျ၊ အစ္စရေးနှင့် ဂျပန်နိုင်ငံများတွင် ကူးစက်မှုများ ပြန်လည်မြင့်တက်လာခဲ့သည်။ အစ္စရေးတွင် ဇူလိုင် ၂၈ ရက်က ကိုဗစ်-၁၉ ကူးစက်မှုသည် ၂၃၀၈ ဦးအထိ ရောက်ရှိလာခဲ့သည်။ အခြားနိုင်ငံများဖြစ်သော အိန္ဒိယနှင့် ကိုလံဘီယာနိုင်ငံတို့တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုတိုးလာခဲ့သည်။ အိန္ဒိယတွင် ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့နှုန်းသည် အမေရိကန်ပြည်ထောင်စုထက် လျင်မြန်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ကြောင့် ၅၉ ဦး ထပ်မံသေဆုံး

ဂျကာတာ ဩဂုတ် ၁၁

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၆၉၃ ဦး ထပ်တိုးလာပြီး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၂၈၇၇၆ ဦးဖြစ်လာ ကြောင်းသိရသည်။ ရောဂါကူးစက်မှုကြောင့် ၅၉ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူ အရေအတွက်စုစုပေါင်း ၅၈၂၄ ဦးဖြစ်လာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ရောဂါကူးစက်မှုမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံမှပြန်ဆင်းလာသူ နောက်ထပ် ၁၄၇၄ ဦးရှိကြောင်းနှင့် ပြန်ကောင်းလာသူ အရေအတွက်စုစုပေါင်း ၈၃၇၁၀ ဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ သည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၃၄ ခု တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည်။

ဂျကာတာမြို့တွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၆၂ ဦး၊ အရှေ့ဂျာဗားတွင် ၂၉၁ ဦး၊ မြောက်စူမားတြားတွင် ၂၀၇ ဦးနှင့် ကာလီမန်တန်အရှေ့ပိုင်းတွင် ၁၂၈ ဦး ရှိကာ အနောက်ဂျာဗား၌ ၉၅ ဦးအထိ ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ပြည်နယ်လေးခု ဖြစ်သည့် အာချေး၊ ဂျမ်ဘီ၊ ဘန်ကာ၊ ဘယ်လီတန်နှင့် ဆူလာဝေစီအလယ်ပိုင်းတို့တွင် ကိုဗစ် -၁၉ ထပ်မံကူးစက်ဖြစ်ပွားသူမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**ဆင်ဟွာ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**
**၈၈**
**ရက်သာ**
**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

- ✤ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ် တစ်ခုအတွင်းတွင် ရှိသော ရပ်/ကျေးတစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏အမည် ပါရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊
- ✤ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ✤ အပိုဒ်ခွဲ (ဆ) အရ ဆောင်ရွက်ပြီးနောက် မိမိ၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃) ကို မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

  အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

**သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့**

# မိမိကိုယ်ကို ကာကွယ်



အမြဲကြောက်နေခြင်းမှာလည်း မကောင်းပါကြောင်း၊ ကြောက်ခိုင်းခြင်း မဟုတ်ပါကြောင်း၊ သတိရှိရန် ပြောခြင်းဖြစ်ပါကြောင်း၊ သတိရှိခြင်းနှင့် ကြောက်ခြင်း မတူညီပါကြောင်း၊ အပြင်သွားသည့်အခါ မျက်နှာဖုံးတပ်လိုက်ခြင်းသည် သတိဖြစ်ပါကြောင်း၊ လက်ကို မှန်မှန်သေသေချာချာ ဆေးခြင်း၊ အိမ်ပြန်လာသည့်အခါတွင် ချက်ချင်းလက်ဆေးခြင်း၊ မျက်နှာဖုံးများချွတ်ပြီး အဝတ်များ ချက်ချင်းလဲခြင်း စသည့်ကိစ္စရပ်များသည် များစွာအပန်းမကြီးပါကြောင်း၊ ယင်းခြေလှမ်းများ လှမ်းခြင်းအားဖြင့် ယခုထက် အပန်းကြီးသည့်အခြေအနေကို မရောက်သွားနိုင်အောင် မိမိကိုယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ချိန်လုံး သတိပေးနေရခြင်း ဖြစ်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၁-၈-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ (၄၅၄) ခုအား ညပိုင်းတွင် ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၁၀-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၇၃၅) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၇၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၄၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၂၁) ခု၊
- ရန်ကုန်မြို့၊ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၈၈) ခု၊

စုစုပေါင်း (၁,၁၆၇) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၁၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၀) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၁-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၀-၈-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၄၅၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၁-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၀၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၈၁) ခု၊
- စုစုပေါင်း (၁,၀၅၃)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၆၀) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁) ဦး (Case-256) ရှိသဖြင့် စုစုပေါင်း (၃၃၃) ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၀၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၀-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၁-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၅) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၁-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၀၄) ခု |
| (၁၁-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၈) ခု |
| (၁၁-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၁) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၁-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၆၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၃၃၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## COVID – 19 ရောဂါဖြင့် ကုသမှုခံယူနေသည့် တပ်မတော်မှ အရာရှိ၊ စစ်သည်များ၌ ရောဂါသက်သာပျောက်ကင်းလာပြီး ရောဂါပိုးကင်းစင်

နေပြည်တော် ဩဂုတ် ၁၁

COVID – 19 ရောဂါဖြင့် ကုသမှုခံယူနေသည့် တပ်မတော်မှအရာရှိ၊စစ်သည်များ၌ရောဂါသက်သာပျောက်ကင်းလာပြီး ရောဂါပိုးကင်းစင်သွားပြီဖြစ်ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိ၊ စစ်သည် ၁၆ ဦးတွင် COVID–19 ရောဂါပိုးတွေ့ရှိခဲ့မှုနှင့် ပတ်သက်၍ သတင်းများ ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ COVID–19 ရောဂါပိုးတွေ့ရှိခဲ့သည့် အရာရှိ၊ စစ်သည်များအား တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် ဆေးမှူးပါရဂူများ၊ သူနာပြုများဖြင့် သီးခြားစောင့်ကြပ်ကြည့်ရှုကာ ဆေးဝါးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် COVID–19 ရောဂါကုသမှုလုပ်ငန်း လမ်းညွှန်ချက်များအတိုင်း ရောဂါပိုးတွေ့ရှိရသော အတည်ပြုကာလရက်မှ ပြန်လည်စစ်ဆေးရမည့် ရက်များတွင် ၎င်းအရာရှိ၊ စစ်သည်များ၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့ကို ရယူ၍ Polymerase Chain Reaction(PCR) နည်းဖြင့် ထပ်မံ ဓာတ်ခွဲစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့စစ်ဆေးရာ နှစ်ကြိမ်ဆက်တိုက် COVID–19 ရောဂါပိုး မတွေ့ရှိရသဖြင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်)မှတစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အသီးသီးတင်ပြခဲ့ပြီး COVID–19 ရောဂါပိုးကင်းစင်လာသူများအဖြစ် သတ်မှတ်ကာ သတ်မှတ်နေရာများ၌ အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်းနှင့် တပ်မတော်အတွင်း COVID–19 ရောဂါပိုး ဓာတ်ခွဲအတည်ပြုလူနာ ကင်းစင်ပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၇၇၂၆ | ၃၆၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၁၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၉၆၉


ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၀၉ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၂ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၆၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၁-၈-၂၀၂၀ ရက်၊ ည (၈) နာရီ




### ၁၁-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၅၃၇၄၃ | ၂၇၁၇၂၅၅ | ၁၆၆၂၇၃ |
| ၂။ | ဘရာဇီး | ၃၀၅၇၄၇၀ | ၂၁၆၃၈၁၂ | ၁၀၁၈၅၇ |
| ၃။ | အိန္ဒိယ | ၂၂၇၇၁၉၁ | ၁၅၈၈၆၃၁ | ၄၅၄၅၆ |
| ၄။ | ရုရှား | ၈၉၇၅၉၉ | ၇၀၃၁၇၅ | ၁၅၁၃၁ |
| ၅။ | တောင်အာဖရိက | ၅၆၃၅၉၈ | ၄၁၇၂၀၀ | ၁၀၆၂၁ |
| ၆။ | မက္ကဆီကို | ၄၈၅၈၃၆ | ၃၂၇၉၉၃ | ၅၃၀၀၃ |
| ၇။ | ပီရူး | ၄၈၃၁၃၃ | ၃၂၉၄၀၄ | ၂၁၂၇၆ |
| ၈။ | ကိုလံဘီယာ | ၃၉၇၆၂၃ | ၂၂၁၄၈၅ | ၁၃၁၅၄ |
| ၉။ | ချီလီ | ၃၇၅၀၄၄ | ၃၄၇၃၄၂ | ၁၀၁၃၉ |
| ၁၀။ | စပိန် | ၃၇၀၀၆၀ | စိစစ်ဆဲ | ၂၈၅၇၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၃၉၅၃၈ | ၆၈၄၃၂ | ၂၃၁၂ |
| အင်ဒိုနီးရှား | ၁၂၈၇၇၆ | ၈၃၇၁၀ | ၅၈၂၄ |
| စင်ကာပူ | ၅၅၃၅၃ | ၄၉၆၀၉ | ၂၇ |
| မလေးရှား | ၉၁၀၃ | ၈၈၀၉ | ၁၂၅ |
| ထိုင်း | ၃၃၅၁ | ၃၁၆၃ | ၅၈ |
| ဗီယက်နမ် | ၈၆၃ | ၃၉၉ | ၁၆ |
| မြန်မာ | ၃၆၀ | ၃၁၃ | ၆ |
| ကမ္ဘောဒီးယား | ၂၆၆ | ၂၂၀ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

## မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၁၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၁၁

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၁၆ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)



ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၁၁ ရက်အထိ ၇၅၄၄ ဦး စုစုပေါင်း ၆၃၁၅၉ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၄၀၁ ဦး၊ အမျိုးသမီး ၂၁၅ ဦး စုစုပေါင်း ၆၁၆ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးကြောင့် ကလေးငယ်လေးဦးသေဆုံးခဲ့

**မကွေး ဩဂုတ် ၁၁**
မကွေးတိုင်းဒေသကြီး၌ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၇၁ ဦးရှိခဲ့ပြီး ၎င်းတို့ထဲမှ ကလေးငယ်လေးဦး သေဆုံးခဲ့ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

ဧပြီလတွင် မြို့သစ်မြို့မှ တစ်ဦး၊ ဇူလိုင်လတွင် သရက်မြို့မှ နှစ်ဦးနှင့် ပေါက်မြို့နယ်မှ တစ်ဦး စုစုပေါင်း ကလေးငယ်လေးဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီး၌ သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အများဆုံးမြို့များမှာ သရက်၊ ပခုက္ကူ၊ မင်းတုန်း၊ ပေါက်၊ ဂန့်ဂေါ၊ မြိုင်၊ တောင်တွင်းနှင့် မြို့သစ်မြို့နယ်များဖြစ်သည်။

"၂၀၁၈ ခုနှစ်တုန်းက တစ်နိုင်ငံလုံးမှာ သွေးလွန်တုပ်ကွေးအဖြစ်များခဲ့တယ်။ မကွေးတိုင်းဒေသကြီးက ဒုတိယ အဖြစ်အများဆုံးပေါ့။ ကာကွယ်ရေးလုပ်ငန်းတွေ သေချာလုပ်နိုင်ခဲ့လို့ ၂၀၂၀ ပြည့်နှစ်မှာ အဆင့်(၅)ထိ ကျသွားပါတယ်။ ဖြစ်ပွားမှုလျော့ကျအောင် မေ၊ ဇွန်၊ ဇူလိုင်နဲ့ ဩဂုတ်လတွေမှာ တစ်ပတ်ကိုနှစ်ရက် ကာကွယ်ရေးနဲ့ အသိပညာပေးစစ်ဆေးတာတွေကို လုပ်ဆောင်နေပါတယ်" ဟု ၎င်းဌာန အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာ ကြည်သာဆွေက ပြောသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအများဆုံးဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါမှာ အသက် ၁၅ နှစ်အောက်ကလေးများတွင် အဖြစ်များသော်လည်း ယမန်နှစ်က အသက်ကြီးပိုင်းများတွင်လည်း ဖြစ်ပွားမှုရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

နံနက် ၈ နာရီမှ ညနေ ၃ နာရီအတွင်း ကိုက်သည့်ခြင်ကြောင့် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုများ သည့်အတွက် ၁၅ နှစ်အောက်ကလေးရှိသည့် အိမ်များတွင် လေဝင်လေထွက် ကောင်းစေရန်၊ ကလေးများ နေ့လယ်ခင်းအိပ်လျှင် ခြင်ထောင်ဖြင့် သိပ်ပေးရန်၊ အိမ်များတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ဇေယျာတု(မကွေး)**

## အိန္ဒိယသို့ မတ်ပဲတန်ချိန် လေးသိန်းအနက် တစ်သိန်းခန့်သာ တင်ပို့နိုင်မည်

**ရန်ကုန် ဩဂုတ် ၁၁**
အိန္ဒိယသို့ တင်ပို့ရမည့် မတ်ပဲတန်ချိန် လေးသိန်းအနက် တန်ချိန်တစ်သိန်းခန့်သာ တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

အိန္ဒိယအစိုးရအနေဖြင့် ယခင်က ပြည်ပမှ တင်သွင်းမည့် မတ်ပဲတန်ချိန်လေးသိန်းကို လာမည့် ၂၀၂၁ ခုနှစ် မတ်လအတွင်း အပြီးတင်သွင်းရမည်ဟု ကြေညာခဲ့သော်လည်း မေ ၂၂ ရက်ကမူ အချိန်သုံးလအတွင်း အပြီးတင်သွင်းရမည်ဟု အသိပေးစာထုတ်ပြန်၍ မူဝါဒထပ်မံပြောင်းလဲလိုက်ခြင်းကြောင့် အချိန်တိုတောင်းသဖြင့် မတ်ပဲတန်ချိန် လေးသိန်းအနက် တန်ချိန်တစ်သိန်းခန့်သာ တင်ပို့နိုင်မည်ဖြစ်သည်။

''တန်ချိန် လေးသိန်းပေါ်မှာ တကယ်တမ်း တင်ပို့နိုင်ရင်လအားဖြင့် အလွန်တိုတဲ့ပုံစံမျိုး ဖြစ်နေတယ်။ သူတို့လိုင်စင်နောက်ကျတာနဲ့ လက်ရှိတင်ပို့နိုင်တဲ့ အနေအထားကို ကြည့်ရင်တော့ ခုနကပြောသလိုပါပဲ ၂၀ ရာခိုင်နှုန်း၊ အများဆုံး ၂၅ ရာခိုင်နှုန်းပေါ့၊ တန်ချိန်ရှစ်သောင်း၊ တစ်သိန်း ဒီထက်မပို့နိုင်ဘူး'' ဟု ဦးမင်းကိုဦးက ပြောသည်။

ထိုသို့ အိန္ဒိယ၏ ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲကြောင့် မတ်ပဲတန်ချိန်လေးသိန်းကို ယခုလအတွင်း အပြီးတင်သွင်းရမည်မှာ မဖြစ်နိုင်သည့်အပြင် ပြည်တွင်းမှာလည်း ပဲအလုံအလောက် မရှိကြောင်း၊ လက်ရှိ ပြည်တွင်းမတ်ပဲလက်ကျန်မှာလည်း တန်ချိန်နှစ်သိန်း၊ နှစ်သိန်းခွဲဝန်းကျင်သာရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

သို့ဖြစ်၍ အိန္ဒိယသို့ မတ်ပဲတင်ပို့မှု အချိန်တိုးပေးရန် အိန္ဒိယသံရုံးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက တောင်းဆိုထားသည်။

''သူတို့က ယခင် စတင်ထုတ်ပြန်တုန်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက်ဆိုပြီး ထုတ်ပြန်ထားတာ၊ နောက်မှ ဒီတန်ချိန်လေးသိန်းကို သုံးလအတွင်းဆိုပြီး ကန့်သတ်လိုက်တယ်ဆိုတော့ ဘာပဲပြောပြော ဆက်ပြီး တင်ပို့လို့ရအောင်တော့ ဆက်ပြီးတောင်းဆိုထားပါတယ်'' ဟု ဦးမင်းကိုဦးက ပြောသည်။

လက်ရှိ ပဲဈေးကွက်အတွင်း၌လည်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ မတ်ပဲတစ်တန်လျှင် ငွေကျပ် ၉၄၂၅၀၀ ခန့်ရှိပြီး ပဲစင်းငုံတစ်တန်လျှင် ငွေကျပ် ၈၀၃၅၀၀ ခန့် ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူမည့် မတ်ပဲသည် မြန်မာနိုင်ငံကသာ အဓိကစိုက်ပျိုးပြီး အခြား ပဲစင်းငုံ၊ ပဲတီစိမ်း၊ စားတော်ပဲများကိုမူ မြန်မာနိုင်ငံအပြင် အာဖရိကတိုက်နှင့် ဩစတြေးလျနိုင်ငံများလည်း စိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

**ငြိမ်းငြိမ်း**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၄၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၉ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၂ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၀ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၄၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၂၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၄၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၇၇၉၂ | ၇၇၉၂၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၆၂၉၆ | ၂၃၆၁၀၀၀၀ |
| MCB | ၈၀၀၀ | ၇၉၀၀ | ၆၀ | ၄၇၅၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၄၃ | ၉၃၆၀၀၀ |
| TMH | ၂၈၅၀ | ၂၇၅၀ | ၄၄၆ | ၁၂၅၅၆၀၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၂ | ၆၂၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၉ ခုနှစ်**(သို့မဟုတ်)**၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့မှစ၍** အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာမှတ်ပုံတင်ရုံး အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာမှတ်ပုံတင်ရုံးတွင် အသုံးပြုရန်အတွက် လုံခြုံရေးဆိုင်ရာအချက်အလက်များ (Security Printing ထည့်သွင်းပုံနှိပ်ထားသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ အိမ်ခန်းမှတ်ပုံတင်လက်မှတ်(၂၀၀၀၀) ပုံနှိပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၁၂-၈-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၈-၂၀၂၀ ရက် ၁၆:၀၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - သတ်မှတ်ရက်နှင့် အချိန် ပြန်လည်အကြောင်းကြားပါမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းများကိုဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၁-၃၈၇၂၆၂၊၀၉-၄၃၁၇၃၈၀၀

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2F/5177 Toyota Hilux Surf KZN185 S/W (4X4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သက်စိုး ၁/ဗမန(နိုင်)၀၂၆၉၉၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ခွဲ၊ ကျောက်မြောင်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်-၂၆၈၅၊ ကျောက်မြောင်းအရှေ့ ဦးပိုင်အမှတ် ၁၅၇၊ ဧရိယာ ၀ ဒသမ ၀၃၀ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေပိုင်ရှင် ဦးကျော်ညွန့်(ကွယ်လွန်)၏ သားသမီးအားလုံးက ရောင်းချသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်၊ ကျောက်မြောင်းမြို့၊ အမှတ်(၃)ရပ်ကွက်တွင် နေထိုင်သူ ဦးရဲကျော်ဇင်မြင့် (ဘ-ဦးမြင့်အေး) ၅/၀လန(နိုင်)၁၂၆၄၂၆၊ ဦးဖွဲ့ထက်ကျော် (ဘ-ဦးမြင့်အေး) ၅/ကမန(နိုင်) ၀၀၁၁၂၅ တို့က (၆-၁၂-၂၀၁၉)ရက်တွင် ဝယ်ယူပြီး လက်ရှိထားပြီးဖြစ်ပါသည်။ ၁၉၈၆ခုနှစ်မှစ၍ ဦးကျော်ညွန့်က စာချုပ်စာတမ်းဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၂၀၁၀ခုနှစ်တွင် မြို့မြေဖြစ်လာခဲ့ပြီး ဦးကျော်ညွန့်နှင့် သားသမီးများက မြေကွက်များပိုင်းခြားရောင်းချလာခဲ့ရာ ကျန်သည့်နောက်ဆုံးမြေကွက်ကို ဦးရဲကျော်ဇင်မြင့်နှင့် ဦးဖွဲ့ထက်ကျော်တို့က လွှဲပြောင်းဝယ်ယူခဲ့ခြင်းဖြစ်ပါ၍ သက်ဆိုင်ရာဌာနအသီးသီး၌ တရားဝင်အမည်ပေါက်ပြောင်းလဲဆောင်ရွက်ခြင်း၊ ဝင်းမြေအတွင်း၌ တိုက်အိမ်အဆောက်အအုံဆောက်လုပ်ခြင်းများကို ဝယ်ယူသူက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်လာခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲကျော်ဇင်မြင့်နှင့် ဦးဖွဲ့ထက်ကျော်တို့၏ အမှုလွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်စိုးသူ**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၇၂၉/၁၇)**
**သူဇာရပ်၊ အမှတ်(၁၀)ရပ်ကွက်၊ ရွှေဘိုမြို့၊**
**ဖုန်း-၀၉-၄၀၀၄၃၂၅၉၂**

**ဦးနုပြည့်ဖြိုးဟန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၄၀/၁၈)**
**အိန္ဒာရပ်၊ အမှတ်(၃)ရပ်ကွက်၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ၁၅၀ရပ်ကွက်၊ မြေကွက်အမှတ် (၁၆၄၄) ဦးညွန့်ဝေအမည်ဖြင့်ပိုင်ဆိုင်သော မြေကွက်ကို အဆင့်ဆင့်ဝယ်ယူထားသူ ဦးဇော်ဖိုးခိုင်ထံမှလည်းကောင်း၊ တောင်ဒဂုံမြို့နယ်၊ ၁၅၀ ရပ်ကွက်၊ မြေကွက်အမှတ် (၁၆၄၅) ဦးဂျင်မီ အမည်ဖြင့် ပိုင်ဆိုင်သော မြေကွက်ကို အဆင့်ဆင့်ဝယ်ယူထားသူ ဦးဟုန်ကွယ်ချင်ထံမှ လည်းကောင်း၊ ကျွန်တော် ဦးကပ်ခန့်လျှန်းမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း ထိုနေ့ရက်ကျော်လွန်ပါက အကျိုးဝင်တော့မည်မဟုတ်ကြောင်း အသိပေးကြေညာပါသည်။

**ကပ်ခန့်လျှန်း**
**၄/ဟခန(နိုင်)၀၀၄၉၈၂**
**တိုက် ၃၈/၁၀၁၊ ၇လမ်း၊ 'C'၊ ဒဂုံဆိပ်ကမ်း**
**ဖုန်း-၀၉-၄၂၀၁၂၇၀၆၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၀၊ အိုးဘိုတောင်အရှေ့)၊ ဦးပိုင် အမှတ် (၁၁၃-ခ)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိမြေအား ဦးအောင်မြင့်ဝင်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၃-ခ၊ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ် (၂၇)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိမြေအား ဦးစိုးမြတ်နောင် အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားသူရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မင်္ဂလာဈေးအား နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI)ခေါ်ယူခြင်း

၁။ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မြို့မ-မင်္ဂလာဈေးအား အဆင့်မြှင့်တင်ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပုံစံများကို စိတ်ဝင်စားမှု အဆိုပြုလွှာတင်ပြရန် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင် မြို့မ-မင်္ဂလာဈေးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်း မည့်ကုမ္ပဏီသည် အဆိုပြုမည့်ဒီဇိုင်း၊ အသေးစိတ်စီမံချက်နှင့်အတူ (Power Point)ဖြင့် ရှင်းလင်းတင်ပြနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာစိစစ်ရွေးချယ်ရေးကော်မတီအား မိမိလုပ်ငန်းပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်အတွင်း ရှင်းလင်းတင်ပြရမည်။

၄။ ရွေးချယ်ခံရသည့် အဆိုပြုလွှာများကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ အဆိုပြုလွှာများကို ၁၅-၉-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီနောက်ဆုံးထား၍ စိစစ်ရွေးချယ်ရေးကော်မတီ (ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးကော်မတီရုံး)သို့ လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှဖြစ်စေ ပေးပို့တင်သွင်းနိုင်ပါသည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာ တင်သွင်းနိုင်ရေးအတွက် အသေးစိတ်အချက် အလက်များနှင့် လိုအပ်သည့်အချက်အလက်များကို ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးကော်မတီရုံးတွင် ရုံးချိန်အတွင်းရယူနိုင်ပါသည်။ သိရှိလိုသည်များရှိပါက ဖုန်း-၀၈၁-၂၀၉၀၀၆၊၀၈၁-၂၀၉၃၉၁ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ညောင်ရွှေမြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လိုက်မြို့နယ်၊ ကြာအင်းကျေးရွာနေ ဦးကိုကိုနိုင်၏သမီး ဒေါ်တင်နီလာစိုး ၅/မလန(နိုင်)၀၃၀၉၅၂ နှင့် မစိုးသစ္စာဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မင်းမြန်မာ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(G)မှ မောင်စိုးမင်းကျော်နှင့် မောင်ဟိန်းထက်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်း(ခ)တွမ်မင်တက် ၁၃/နဆန(ပြု)၀၀၀၁၂၆ ဖြစ်ပါကြောင်း။

**ဦးကျော်မင်း(ခ)ဦးတွမ်မင်တက်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့နယ်၊မောက်စဖာကျေးရွာနေ ဦးတင်ရွှေ၏သား မောင်ကျော်သန်းထိုက် ၅/မကန(နိုင်)၀၃၆၂၁၅ နှင့် မောင်ထွန်းထွန်းဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၃) Grade-10မှ မောင်ဟိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဘိုချို ၈/ပခက(နိုင်)၂၃၀၉၆၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ကသာမြို့နယ်၊ ဒုံးအော့ကျေးရွာအုပ်စု အထက(ခွဲ)မှ မနှင်းယမုံဝင်း တက္ကသိုလ်ဝင်တန်းနှင့် မနှင်းမို့မို့ဝင်း သတ္တမတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြ ၅/ကလတ(နိုင်)၀၆၆၉၃၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၅၉၆၉၁ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုလှိုင်သင်း ၅/ရဘန(နိုင်)၁၇၉၄၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ (ရွှေဘို)**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ခဝါသည်ကျေးရွာနေ မောင်ကျော်မျိုးထက်နှင့် မောင်နေမျိုးထက်တို့၏ဖခင် ဦးစိုးနိုင်ထွန်းနှင့် ဦးမောင်ထွန်း ၅/ကလန(နိုင်)၀၁၃၀၉၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဦးအောင်ခင်နှင့် ဒေါ်ခင်သန်းတို့၏သမီး ဒေါ်ညိုမီအောင် ၁၂/ဥကတ(နိုင်)၁၅၁၇၇၃နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း-၂၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၁၂၀/ဘီ)နေ ဒေါ်စန္ဒာအောင် ၁၂/ထတပ(နိုင်) ၀၆၉၄၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးတောင်းဆိုပြီး အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စန္ဒာအောင်သည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း-၂၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်(၁၂၈/အေ)ဟုခေါ်တွင်သော မြေအကျယ် အလျားပေ၆၀xအနံ၂၅ပေအကျယ်ရှိ နှစ် ၆၀ ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ (ဘ)ဦးထွန်း၏ သားသမီးများဖြစ်သော ဒေါ်ယဉ်မေနွဲ့ ၁၂/ဥကတ(နိုင်)၁၀၇၅၁၃နှင့် ဒေါ်သန်းသန်းရွှေ S/OKA-၀၈၄၉၁၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏ညီမဖြစ်သူ ဒေါ်ညိုမီအောင်တို့ နှစ်ဦးစပ်တူ လက်ရောက်ဝယ်ယူခဲ့ကြကြောင်း၊ ထိုသို့ဝယ်ယူရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာအောင်အမည်ဖြင့် ၁-၁၁-၂၀၀၀ ရက်စွဲပါ အိမ်နှင့်မြေ၏ အကျိုးခံစားခွင့် အရောင်းအဝယ်ငွေချေကတိစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းမြေကွက်ကို ဝယ်ယူပြီးနောက် ညီမဖြစ်သူ ဒေါ်ညိုမီအောင်အား ဖော်ပြပါမြေကွက်၏ တစ်ဝက်တွင် အိမ်ဆောက်နေထိုင်ရန်နှင့် ကျန်တစ်ဝက်ကို ကျန်ညီအစ်ကိုမောင်နှမများနေထိုင်ရန် သဘောတူညီခဲ့ကြကြောင်းလည်း သိရှိရပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေက ခြံမြေကွက် အရောင်းအဝယ်စာချုပ် မူရင်းကိုသာ လက်ဝယ်သိမ်းဆည်းထားပြီး၊ ဂရန်မူရင်းကိုလည်း ညီမဖြစ်သူ ဒေါ်ညိုမီအောင်အား ယုံကြည်၍ ပေးအပ်ထားခဲ့ကြောင်းလည်း သိရှိရပါသည်။

ယခုအခါ ဒေါ်ညိုမီအောင်သည် ကျန်ညီအစ်ကိုမောင်နှမများကို ကျန်ရှိသည့် မြေကွက်တစ်ဝက်အတွင်းသို့ ဝင်ရောက်နေထိုင်ခြင်းမပြုသည့်အပြင်၊ ဖော်ပြပါ မြေကွက်ကိုပါ ရောင်းချရန် စီစဉ်နေကြောင်းစုံစမ်းသိရှိရသဖြင့် ၎င်းမြေကွက်၏ ကျန်တစ်ဝက်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာအောင်၏ အတိအလင်းသဘောတူ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ပေးကမ်းခြင်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ငှားရမ်း၊ အာမခံအပေါင်ပစ္စည်းအဖြစ် တင်သွင်းခြင်းများမပြုလုပ်ရန် ဒေါ်ညိုမီအောင်နှင့် အများသိစေရန်ကြေညာလိုက်ပါသည်။ လိုက်နာခြင်းမရှိပါက ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် မည်သူ့ကိုမဆို မလွှဲမရှောင်သာဘဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဒေါ်စန္ဒာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးဟန် LL.B**
**တရားလွှတ်တောရှေ့နေ(စဉ်-၈၆၁၁/၂၀-၁၂-၂၀၁၂)**
**ရုံး-အမှတ် ၅၉၁၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၆၁၀၉၅၄၄၅၊၀၉-၄၄၈၆၅၇၃၂၀**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော သမီးငယ်လေး **မြဟေသာ** အား အထူးဂုဏ်ယူဝမ်းမြောက်ကြပါသည်။

**ဘိုးဘိုး ပါမောက္ခ - ဦးသန်းအေး**
**ဘွားဘွား ပါမောက္ခ- ဒေါ်ခင်အုန်းချစ်**
**ဖေဖေ၊ မေမေ၊**
**ချစ်မမ - ခင်စိန်ဒိုင်(ဆေး-၁)**
**ဦးလေးနှင့် ဒေါ်လေး မိသားတစ်စု**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပါ ကုန်ပစ္စည်းအား ဖြန့်ဖြူးရောင်းချရန် မိမိတစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၆လမ်းx၆၇ လမ်းကြား၊ ဝါစိမ်းရောင်လမ်း၊ အကွက်အမှတ်(မ-၂၃)ရှိ H&H Family Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ KP FLEX အမည်ရှိ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၁၄၀၀/၂၀၂၀)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြန့်ဖြူးရောင်းချရန် ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။

KP FLEX MADE IN KOREA

**ရေစုပ်ပိုက်မာနှင့်ပိုက်ပျော့**

အဆိုပါပစ္စည်းအား တောင်ကိုရီးယားနိုင်ငံရှိ Hongil Industrial Corporation မှ ထုတ်လုပ်ထားသော ရေစုပ်ပိုက်မာနှင့် ပိုက်ပျော့အမျိုးမျိုးအပါအဝင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် သဘာဝတွင်းထွက်လုပ်ငန်းဆိုင်ရာ ပစ္စည်းများအား မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချရန် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် H&H Family Co., Ltd အား ခန့်အပ်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ KP FLEX ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ လိုအပ်သလို ရေစုပ်ပိုက်မာနှင့် ပိုက်ပျော့အမျိုးမျိုးအပါအဝင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် သဘာဝတွင်းထွက်လုပ်ငန်းဆိုင်ရာ ပစ္စည်းအမျိုးမျိုး ဖြန့်ဖြူးရောင်းဝယ်ရေးအစရှိသည့် လုပ်ငန်းရပ်အသီးသီးတွင် အသုံးပြုသွားရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ KP FLEX ကုန်အမှတ်တံဆိပ်အမည်ဖြင့် ရေစုပ်ပိုက်မာနှင့် ပိုက်ပျော့အမျိုးမျိုးအပါအဝင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် သဘာဝတွင်းထွက် လုပ်ငန်းဆိုင်ရာပစ္စည်းများ ဖြန့်ဖြူးရောင်းဝယ်ရေး လုပ်ငန်းများအား မန္တလေးမြို့တွင် လုပ်ကိုင်လျက်ရှိပါသည်။ ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်း မိမိတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ H&H Family Co., Ltd ၏ မူပိုင်ဖြစ်သော KP FLEX ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားပါ ပစ္စည်းရပ်များအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အဆိုပါ KP FLEX ဟူသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ အရှေ့မှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ နောက်မှလည်းကောင်း တစ်စုံတစ်ရာစာတန်းများဖြည့်စွက်၍ တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်ခြင်း မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာလမ်းကြီး ၁ လမ်းသွယ်၊ ရိုးကြီးရပ်ကွက်၊ ခြံအမှတ်(၂၈)ရှိ စက်ရုံတွင် ချစ်ကို သောက်ရေသန့်အမည်ဖြင့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပါသည်။ သို့ဖြစ်ပါ၍ သောက်ရေသန့်စက်ရုံများမှ အမည်တူရှိနေပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ထုတ်လုပ်ရောင်းချရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လိုင်စင်တင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းထွဋ် (ပိုင်ရှင်)**
**ဖုန်း–၀၉–၆၈၉၇၇၁၉၁၈**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၈ယ/၃၀၀၉၂ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီစိုး ၁၄/ဟသတ(နိုင်)၂၄၆၀၆၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၇ယ/၂၆၃၈၄ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာဝင်း ၁၄/ဟသတ(နိုင်)၂၈၆၇၉၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၂ယ/၆၁၁၄၇ Honda 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇာဇာဝင်း ၁၄/ဟသတ(နိုင်)၂၈၆၇၉၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆၇ယ/၂၆၆၉၉ Haojue 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာလင်း ၁၄/ဇလန(နိုင်)၁၈၇၅၈၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## Tai Com Co., Ltd ၏ Share နှင့် Capital လျှော့ချသတ်မှတ်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်၊ ဟိုပုံးမြို့၊ တုံခမ်းရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ တခ(၃)တွင် ဖွင့်လှစ်ထားသည့် Tai Com Co.,Ltd. (ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၁၆၂၃၂၈၃၉)၏ ၂၇–၇–၂၀၂၀ ရက်တွင် ကျင်းပသော အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ Share နှင့် Capital အား ကျစ်လစ်စွာ စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီ၏လက်ရှိ Capital တန်ဖိုးအား ၈၀၀၀၀၀၀၀၀ ကျပ်တိတိမှ ၁၈၀၀၀၀၀၀၀ ကျပ်တိတိသို့လည်းကောင်း Share တန်ဖိုးအား တစ်စုလျှင် ၁၀၀၀၀၀၀၀ ကျပ်တိတိမှ ၁၀၀၀၀၀၀ ကျပ်တိတိသို့လည်းကောင်း၊ အစုရှယ်ယာအရေအတွက် (၈၀)စုမှ အစုရှယ်ယာအရေအတွက် (၁၈၀)စုသို့လည်းကောင်း ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**Tai Com Co., Ltd.**
**Reg No.116232839**

**U Kaung Mya Aung**
**Managing Director**
**TAI COM Company Limited.**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၂၊ ရွှေဥဒေါင်း(၂)လမ်း၊ မြေကွက်အမှတ်–၆၈၄၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ ဒေါ်စန်းစန်း ၁၂/သဃက(နိုင်)၁၂၈၈၅၂ AF–၀၂၁၁၅၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းလွင် ၁၂/ဥကမ(နိုင်)၁၅၈၀၄၃ ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူပြီး ၉–၅–၂၀၂၀ ရက်တွင် စရန်ငွေကိုလည်းကောင်း (၈–၆–၂၀၂၀)ရက်တွင် ဒုတိယအရစ်ကိုလည်းကောင်း ထပ်မံပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးထွန်းလင်းအောင်** | **(LL.B., D.B.L.,D.M.L)** |
| **ဒေါ်ဖြူဖြူခိုင်** | **(LL.B., D.B.L.,D.M.L)** |
| **ဒေါ်ငြိမ်းချမ်းစုရည်** | **(LL.B., D.B.L, D.I.L, D.M.L)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ စန္ဒယော်ကျေးရွာ၊ ကွင်း–၃၂၉ Aက၊ သာယာကုန်းအရှေ့၊ ဦးပိုင်အမှတ်–၁၂၊ မြေအကျယ် (၈ ဒသမ ၈၂)ဧက၊ ပရွတ်ကျေးရွာ၊ ကွင်း–၃၅၇ ဘီ၊ ဦးပိုင်အမှတ် ၂/က၊ မြေအကျယ် (၁ ဒသမ ၀၅) ဧက၊ ပရွတ်ကျေးရွာ၊ ကွင်း–၃၅၇ စီ၊ ဦးပိုင်–၁/က၊ မြေအကျယ် ၁ ဒသမ ၀၀ ဧကအား ဦးကျော်အောင် ၁၂/ထတပ(နိုင်)၀၃၉၁၈၉ မှ လယ်ယာမြေပုံစံ(၇)တွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပေါက်လက်မှတ်ရရှိထားပြီး ထိုလယ်မြေကွက်များထဲမှ မြေစာရင်းက တိုင်းတာချက်အရ ၇ ဒသမ ၄၈ ဧကကို ရောင်းချလို၍ ကျွန်ုပ်မိတ်ဆွေ ဦးကျန်းရွှေ့ပန်း ၁၃/မဆတ(နိုင်)၀၃၁၇၅၂က ဝယ်ယူရန် ၆–၈–၂၀၂၀ရက်တွင် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ လယ်မြေကွက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်းနှင့် ၁၄ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးတင်အောင်ကြည် (တောင်သုံးလုံး) (စဉ်–၁၂၁၃၁)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်–၂၉၊ ပင်းယလမ်း၊ (အ.လ.က) ကျောင်းအနီး**
**ရခိုင်ရိုးကြီးကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၂၀၀၁၈၇၃၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၁၅၁)ရပ်ကွက်၊ မြေကွက်အမှတ်(၇၃၂)၊ ဒေါ်ခင်စန်းရီအမည်ပေါက် မြေချပါမစ်မူရင်းနှင့် မြေအကျယ်(၄၀x၆၀) ပေကို အဆင့်ဆင့်စာချုပ်များဖြင့် ပစ္စည်းလက်ရှိပိုင်ဆိုင်သူ ဦးကျော်လွင် ၈/မတန(နိုင်)၀၆၉၂၀၉ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝါဝါရွှေ ၁၂/လသယ(နိုင်)၀၇၀၀၄၅ က အပြီးအပိုင်ဝယ်ယူ၍ မြေတိုင်းတာပြီး ခြံစည်းရိုးခတ်ကာရံကာ မြေကွက်လက်ရောက်ရယူပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခင်ဖုန်း(စဉ်–၄၄၉၃၅)** | **ဒေါ်ညိုမာထွေး(စဉ်–၁၄၆၇၂)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၇၉/ခ)၊ ခရေလမ်း ၊(၁၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်**
**ဖုန်း–၀၉–၉၇၁၈၉၀၃၇၂၊ ၀၉–၄၂၀၂၉၄၀၀၄**

## ဖခင်အမည်မှန်

လှိုင်လင်ခရိုင် ပညာရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်မော်မော်ခိုင်(ဒုဦးစီးမှူး–ပညာ)၏ ဖခင်အမည်မှန်မှာ ဦးချစ်ဖေ ဖြစ်ပါကြောင်း။

**ဦးချစ်ဖေ**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ ခိုနား(ခ)ဟိုနား အထက(ခွဲ)၊ နဝမတန်းအောင်မှ မချိုစန္ဒာထွန်း၏ဖခင်အမည်မှန်မှာ ဦးရှမ်းထွန်း ၁၃/တကန(နိုင်)၁၇၂၆၁၈ ဖြစ်ပါကြောင်း။

**ဦးရှမ်းထွန်း**

## ဖခင်အမည်မှန်

ကလောမြို့နယ်၊ ဘော်ဆိုင်း၊ အထက(၆) Grade–10 မှ မအိဖြိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးထိန်လင်း ၁၃/ပတယ(နိုင်)၀၃၁၂၉၈ ဖြစ်ပါကြောင်း။

**ဦးထိန်လင်း**

## ဖခင်အမည်မှန်

ညောင်ရွှေမြို့နယ်၊ အထက(သပြေကုန်း) Grade–11 မှ မလှယဉ်၏ဖခင်အမည်မှန်မှာ ဦးဖေ ၁၃/ညရန(နိုင်)၀၇၈၆၇၇ ဖြစ်ပါကြောင်း။

**ဦးဖေ**

## ဖခင်အမည်မှန်

ညောင်ရွှေမြို့နယ်၊ အထက (သပြေကုန်း) Grade–11 မှ မနွေးနွေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကိန်း ၁၃/ညရန(နိုင်)၀၉၄၆၄၇ ဖြစ်ပါကြောင်း။

**ဦးကိန်း**

## ဖခင်အမည်မှန်

ညောင်ရွှေမြို့နယ်၊ အထက (သပြေကုန်း) Grade–11 မှ မမူစုခိုင်၏ဖခင်အမည်မှန်မှာ ဦးအေးမောင် ၁၃/ညရန(နိုင်)၀၇၂၀၂၄ ဖြစ်ပါကြောင်း။

**ဦးအေးမောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 9J/6097 Suzuki ယာဉ်ပိုင်ရှင်အမည် ဦးကျော်စည်သူ ၁၂/ဗဟန(နိုင်)၀၉၂၉၄၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်လင်မြို့၊ အထက(၃)၊ နဝမတန်းမှ မယမင်းနေခြည်ထွန်း ၁၃/လလန(နိုင်)၁၂၄၃၉၉ ၏ဖခင် ဦးကျော်ဆက်ထွန်း(ခ)ကျော်ဆက်ထွဏ်း ၁၃/လလန(နိုင်)၀၈၆၇၉၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးရောဘတ်ဘူး၏သား မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အမှတ်(၂၀) တပ်ဖွဲ့စုမှူးရုံး၊ လှိုင်ကော်ဌာနမှ တာဝန်ထမ်းဆောင်နေသော ရဲဒုတပ်ကြပ် ခွန်းဂျွန်ပေါလ်စစ်ငြိမ်း (ခ) ဂျွန်ပေါစစ်ငြိမ်း ၁၃/ဖခန(နိုင်)၀၅၃၇၀၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ခွန်းဂျွန်ပေါလ်စစ်ငြိမ်း (ခ)**
**ဂျွန်ပေါစစ်ငြိမ်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# မောင်မြင့်မြတ်ဟန်(ခ)ကိုဖိုးမြတ်

### B.Sc(Maths) Branch Manager(Yangon)

### Southeast Express Trading Co.,Ltd.(Thailand)

### (သရဖီလမ်းဆွမ်းလောင်းအသင်း ဒု–ဥက္ကဋ္ဌ)

### (အထက–၅၊ အလုံကျောင်းသားဟောင်း)

### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်(၃၄)နေ (ဗိုလ်ကြီးမြင့်ဟန်)(ကကဆက –ငြိမ်း၊ အထက–၅၊ အလုံ–ငြိမ်း)–ဒေါ်လှကြည်(အထက်တန်းကျောင်းအုပ်ဆရာမကြီး–ငြိမ်း)တို့၏သားလတ်၊ ဦးတိက္ခဉာဏ (ခ) ဦးတင်အောင်–(ဒေါ်ခင်ခင်)တို့၏သားသမက်၊ မအေးလှဟန်၏မောင်၊ မောင်ကျော်စိုးဟန်(ခ)ကိုဖိုးဝ၏ညီ၊ မောင်ကျော်မိုးဟန်(A&S)၊ မဇာဇာဟန်(ထ–၂၊ လသာ)–[မောင်တင်ညီညီလတ်ထွေး(ခ)ကိုဖိုးညီ]၊ မရွှေလှဟန်–မောင်အောင်မျိုးသန့်(ခေတ္တစင်ကာပူ)တို့၏ ချစ်လှစွာသောအစ်ကို၊ မကေသီအောင်(ခ)ပေါက်ပေါက်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ချစ်ဉာဏ်လင်း(ခ)တီတုန်(အလက–၁၊ ဒဂုံ)၏ ဖခင်ကြီး၊ မမေသူအောင်၊ မရွှေသူအောင်၊ မောင်ခန့်ပိုင်အောင်တို့၏ ဦးလေးသည် ၉–၈–၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၉:၂၀ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၈–၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။ ကွယ်လွန်သူအား ရည်စူး၍ ၁၅–၈–၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော် နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/2399 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

Success ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမေမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်နှင့်ဦးကျော်ထွန်းအောင် ၁၄/ဒဒရ(နိုင်)၀၂၅၅၅၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းအောင်(ခ)**
**ဦးကျော်ထွန်းအောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8967 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/7491 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ အို)၊ မြေကွက်အမှတ်(ပဥ္စမတန်းစား–၃၃၈/A)၊ ဧရိယာ(၅၇၇) စတုရန်းပေ ၀ ဒသမ ၀၁၃ ဧက မြေကွက်တည်နေရာအမှတ်(၃၁)၊ (၁၂၁)လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးဟံဆွေ ၁၂/မဂတ(နိုင်)၀၆၅၅၁၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ SP ၅၂၅၃/၂၀ (၈–၄–၂၀၂၀)ဖြင့်ရရှိသူ ဒေါ်သီရိမြတ်ဝင်း ၁၂/ပဇတ(နိုင်)၀၃၉၅၂၁ မှ ဂရန်မူရင်းတင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၉–၁–၂၀၂၀ ရက်တွင် ဦးဟံဆွေ၏ SP ရသူ ဦးလှအေးမှ လျှောက်ထားခဲ့သော ဘဏ်ချေးမြေပုံမူရင်းမှာ မည်သည့်ဘဏ်၊ မည်သည့်အဖွဲ့အစည်းများထံတွင်မျှ ဘဏ်ငွေချေးယူခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်း၊ မြေငှားဂရန်မူရင်းမှာလည်း ၎င်း၏လက်ဝယ်တွင်ရှိကြောင်း၊ အဆိုပါမြေကွက်နှင့် ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လုံးဝမရှိကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက ၎င်းမှတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း (၈–၇–၂၀၂၀)ရက်စွဲပါ ဦးဟံဆွေ၏ ကျမ်းကျိန်လွှာတင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀/၅၅၃၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4803 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းခင်မောင်ရွှေ
### အသက်(၅၅)နှစ်

ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်သိန်းထွေး၏ ချစ်လှစွာသော ခင်ပွန်း ဦးစိုင်းခင်မောင်ရွှေသည် ၁၀-၈-၂၀၂၀ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်**
**ဝန်ထမ်းများ(ရှမ်းပြည်နယ်၊ တောင်ကြီး)**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မေခင်ရီ
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သစ်ရာပင်လမ်းသွယ် ၂လမ်း၊ အမှတ် ၂၁နေ (ဦးအေးမောင်-ဒေါ်သိန်းညွန့်)တို့၏သမီး၊ (ဦးကျော် တင့်)၏ဇနီး၊ ဒေါ်နွယ်နွယ်ဦး- ဦးမြင့်လွင်၊ ဒေါ်စီစီ၊ ဒေါ်မေမျိုးခိုင်-ဦးလှအေး၊ ပါမောက္ခ ဒေါ်ခင်သင်းမူ(ကင်ဆာဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ကိုကျော်စိုးလင်းတို့၏ မိခင်သည် ၁၀-၈-၂၀၂၀ရက်(တနင်္လာနေ့)ည ၈:၃၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂ -၈-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မေခင်ရီ
### အသက်(၈၈)နှစ်

ကင်ဆာဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါ်ခင်သင်းမူ၏ချစ်လှစွာသောမိခင်ကြီး ဒေါ်မေခင်ရီ သည် ၁၀-၈-၂၀၂၀ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကင်ဆာဆေးပညာဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မေခင်ရီ
### အသက်(၈၈)နှစ်

ကင်ဆာဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါ်ခင်သင်းမူ၏ချစ်လှစွာသောမိခင်ကြီး ဒေါ်မေခင်ရီ သည် ၁၀-၈-၂၀၂၀ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Oncology Society**
**ဥက္ကဋ္ဌနှင့် အဖွဲ့သားများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စန်းရီ
### အသက်(၆၇)နှစ်

Uniteam Training Center တွင် English Instructor ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော ဆရာမ ဒေါ်ခင်စန်းရီသည် ၁၁-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Uniteam Marine(Yangon)Limited**
**Uniteam Training Limited**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၄၄(စက်မှုဇုန်)၊မြေကွက်အမှတ်(၄၃)၊မြေကွက်တည်နေရာမြေကွက်အမှတ်(၄၃)၊၁၄၄-စက်မှုဇုန်ရပ်ကွက်၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ဒေါ်ရင်ရင်(၁၃/ကတန(နိုင်)၀၆၀၃၃၉)အမည်ပေါက်၊စက်မှုလက်မှုလုပ်ငန်းအတွက်မြေအသုံးပြုခွင့်လက်မှတ်မြေအားမြေအမည်ပေါက်ဒေါ်ရင်ရင်(၁၃/ကတန(နိုင်)၀၆၀၃၃၉)ထံမှအရောင်းစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူထားသူဦးအမင်း(၁၃/လရန(နိုင်)၁၀၈၈၀၂)မှမိသားစုဓာတ်ပုံ၊စက်မှုလက်မှုလုပ်ငန်းအတွက်မြေအသုံးပြုခွင့်တင်ပြ၍ပါမစ်မစုံဖြင့်ဂရန်သစ်လျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ် Steel Structureဂိုထောင်တစ်လုံးရှိပြီး၊အလူမီနီယမ်လုပ်ငန်းကိုယ်တိုင်လုပ်ကိုင်ပါသည်။ဦးအမင်းမှမြေပြင်အရှိဧရိယာ(၂၃၈ပေ/၂၄၁ပေ×၃၆၂ပေ)ဖြင့်သာလက်ခံရယူမည်ဖြစ်ကြောင်း(၃-၇-၂၀၂၀)ရက်စွဲပါဝန်ခံကတိပြုစာတင်ပြ၍ပါမစ်ရှိ(ပါမစ်မစုံ)ဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားခြင်းကိုတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်လှိုင်
### အသက်(၉၀)

တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ကံသာယာ(၄)လမ်းနေ ဒေါက်တာလှလှရီ(အထူးကုဆရာဝန်ကြီး၊ ဆေးပညာ)၏ မိခင် ဒေါ်ကျင်လှိုင်သည် ၇-၈-၂၀၂၀ရက် (သောကြာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဖျာပုံပြည်သူ့ဆေးရုံကြီး**
**ကျန်းမာရေးမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုးမြင့်
### အသက်(၈၃)နှစ်

အိမ်မဲမြို့၊ အိမ်မဲကြီးပိုင်းနေ (ဦးစံသိန်း-ဒေါ်ခင်သိုက်)တို့၏သား၊ (ဦးကျော်မြင့်)-ဒေါ်နန်းခင်ပြုံး၊ ဦးအောင်သိန်း-ဒေါ်ကျင်အေးတို့၏ညီ၊ (ဦးသန်းဝင်း)-ဒေါ်ခင်သောင်း၊ ဦးအေးသိန်း-ဒေါ်ခင်မြဦးတို့၏အစ်ကို၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အမှတ်(၁) နှင်းဆီလမ်းနေ ဒေါ်တင်တင်စန်း(ဒေါ်တင်တင်စန်းနှင့်သမီးများ အထည်ဆိုင်)၏ခင်ပွန်း၊ ဦးအောင်ဆန်းရီ-ဒေါ်တိုးတိုးရီ၊ ဒေါ် အေးအေးခိုင်(အမှတ်-၁၊ ရေနံချက်စက်ရုံသန်လျင်)၊ ဒေါ်ဥမ္မာစိုး၊ ဒေါ်နီလာစိုး၊ ဦးအောင်မျိုးဇော်-ဒေါ်စန္ဒာစိုး၊ ဦးရဲလွင်ဌေး-ဒေါ်ငြိမ်းကလျာစိုး၊ ဒေါ်သိန်းထွေးစိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၁-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်စိန်(မအူပင်)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်း၊ အိမ်အမှတ်(၆၉၂/က)နေ (ဦးဘအို-ဒေါ်စောရှင်)တို့၏သမီး၊ (ဦးမောင်ကို-ဒေါ်မမလေး)တို့၏သမီးချွေးမ၊ (ဦးစိုးအောင်)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်စိုး(အ.ဆ.ည-ငြိမ်း)၊ ဦးတင်မောင်စိုး(ဂေါပက၊ ဥက္ကလာပစေတီတော်)-ဒေါ်နီနီ(ရုံးအုပ်ငြိမ်း၊ တည်ဆောက်ရေး-၉၊ ဆည်မြောင်း)၊ ဒေါ်သန်းသန်းစိုး( အမက-၇၊ တာမွေ)၊ ဒေါ်လှဲ့လှဲ့စိုး၊ ဦးအောင်ကျော်စိုး(ညီရဲလွင်-မိသားစု သံပန်းသံတံခါးလုပ်ငန်း)-ဒေါ်သီတာမြင့်၊ ဦးဇင်မောင်စိုး(Lizstar)-ဒေါ်ခင်သူဇာလွင်တို့၏ချစ်လှစွာသောမိခင်၊ မောင်ဝေဖြိုးကျော်(Furure Hub Co.,Ltd)၊ မောင်ဉာဏ်လင်းအောင် (အထက-၂၊ ဗဟန်း)၊ မောင်ခန့်ထွဋ်ဇင် (အထက-၂၊ရန်ကင်း)တို့၏ဘွားဘွားကြီးသည် ၁၁-၈-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၁:၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိ ပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်သန်း
### အသက်(၇၀)

ဟသ်္သာတမြို့၊ ကနောင်စုရပ်ကွက်၊ တက္ကသိုလ်လမ်းမကြီး၊ အမှတ် ၁၃၈၀နေ ဒေါ်တင်ကြိုင်၏ခင်ပွန်း၊ ဦးသန်းနိုင်မိုး-ဒေါ်ခင်ခင်ဝင်း (ဌာနမှူး၊ ပစ္စည်းစီမံဌာန၊ သဘာဝလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မြန်အောင်မြို့)၊ ဦးသန်းနိုင်ထွန်း၊ ဦးနိုင်လင်းထွန်း(ဦးစီးအရာရှိ၊ ထွေ/ အုပ်)၊ ဦးဇေယျာဝင်း-ဆရာမ ဒေါ်နွယ်နွယ်လှိုင်(ကြယ်စင်လင်းစတိုး)၊ ဦးကျော်သက်နိုင်တို့၏ဖခင်၊ မဇူးဇူးနိုင်မိုး၏ အဘိုးသည် ၁၁-၈-၂၀၂၀ရက်(အင်္ဂါနေ့)၀၀:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၀ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ဟသ်္သာတမြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်သန်း
### အသက်(၇၀)

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးစီးအရာရှိ ဦးနိုင်လင်းထွန်း၏ မွေးသဖခင်ကျေးဇူးရှင် ဦးမောင်မောင်သန်းသည် ၁၁-၈-၂၀၂၀ရက်(အင်္ဂါနေ့) ၀၀:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲကျော်တေဇနှင့်ဇနီး**
**ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးဖေဝင်း(ခ)ဟုန်ဖေဝင်း
### Strong Group of Companies
### Chairman & Managing Director
### အသက် (၅၂)နှစ်

Strong Group of Companies မှ Director ဒေါ်လင်းလင်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဖေဝင်း(ခ)ဟုန်ဖေဝင်းသည် ၆-၈-၂၀၂၀ရက် (ကြာသပတေးနေ့) Taiwan စံတော်ချိန် ၁ နာရီတွင် Taiwan ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှထွန်း(Hospice) မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း၊ မန္တလေး**
**အုပ်ချုပ်ရေးအဖွဲ့နှင့် ဝန်ထမ်းများ**

---

# ဘဝနတ်ထံပျံလွန်တော်မူခြင်း
# ဒေါက်တာဓမ္မပိယ
## သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၆)ဝါ

အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ကက်စထရိုဗယ်လီမြို့၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ မလေးရှားနိုင်ငံ၊ ပီနန်မြို့ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ငါးကျမ်းပြန်သာသနာ့ရိပ်သာ၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ နွယ်ခွေစံပြကျေးရွာ မေတ္တာနန္ဒပရဟိတဘုန်းတော်ကြီးသင်မူလွှန်ကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဘုရားကြီးမြို့၊ ကံကော်တစ်ထောင်ကျောင်းတိုက်၊ မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ မေတ္တာနန္ဒဓမ္မဒူတကျောင်း၊ ကျိုင်းတုံမြို့ ဇေတဝန်ဘုန်းတော် ကြီးသင်မူလွှန်ကျောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ မေတ္တာနန္ဒဓမ္မရိပ်သာ၊ ကန့်ဘလူမြို့၊ မေတ္တာနန္ဒသာမဏေကျော်ကျောင်းတိုက်ကြီးများ၏ ဦးဆောင်ပဓာန မဟာနာယကဆရာတော်။

ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ ပရိယတ္တိဌာန မဟာဌာနမှူး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် မေတ္တာ နန္ဒဗုဒ္ဓသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်၊ ကျွန်းလှမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်၊ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ဂုဏ်ထူးဆောင်ပါမောက္ခဆရာတော်ဖြစ်တော်မူသော ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ၊ Ph.D.USA) သည် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်) ၁၀-၈-၂၀၂၀ရက် (တနင်္လာနေ့) ဒေသစံတော်ချိန် နံနက် ၈နာရီ အမေရိကန်နိုင်ငံဖရီးမောက်မြို့၊ ဝါရှင်တန်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ငါးကျမ်းပြန်ဓမ္မမိသားစု**

---

## ဒေါ်ခင်ခင်မေ
### အသက် (၉၉)နှစ်

မန္တလေးမြို့နေ (ဦးဘသော်-ဒေါ်ဒေါ်ဇင်)တို့၏သမီး၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၀၀၃-ခ)နေ (ဦးလှမျိုးသန်း)၏ဇနီး၊ ဦးသက်နှင်းဦး-ဒေါက်တာ နွယ်နွယ်ဦး (နွယ်-ဆေးကုခန်း)၊ (ဗိုလ်မှူးခင် မောင်မောင်-ငြိမ်း)-ဒေါ်ခင်ခင်ဆွေ T.S.C (ငြိမ်း)၊ ဦးတင်မောင်မောင်၊ ဒေါ်မြတ်မြတ်မူတို့၏မိခင်၊ မနီလာအေး၊ ဒေါက်တာ ကြည်လင်း (လားရှိုးဆေးရုံကြီး)-မမေသက်နွယ် ဦး၊ ဒေါက်တာသက်ဝေဦး၊ မောင်ဟိန်းဝဏ္ဏတို့၏ အဘွား၊ မေသစ္စာကြည်ဖြူ၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမျိုးမင်းသိန်း (AP)
### B.Sc (Bot), TTC ကျောင်းသားဟောင်း
### Procurement Manager, Excellent Unity Co.,Ltd.
### အသက် (၄၉)နှစ်

(ဦးခင်မောင်လတ်-ဒေါ်ခင်ညွန့်ညွန့်)နှင့် (ဦးမင်းသွင်-ဒေါ်ကြည်ကြည်လှ)တို့၏မြေးဦး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ် (၂)၊ တိုက် (၁၁၆)၊ အခန်း (၇)နေ (ဦးခင်မောင်ရင်)-ဒေါက်တာ သန်းသန်းသွင်တို့၏ သားကြီး၊ ဦးဇော်မျိုးထွန်း-ဒေါ်သင်းပျံ့အေးတို့၏အစ်ကို၊ သင်းသစ္စာဇော်၊ ပန်သပြေသင်းတို့၏ဘကြီး၊ (ဦးသိန်းထွန်းဦး)-ဒေါ်အေးမီသန်း၊ ဦးဟန်သွင်-ဒေါ်မူမူဝင်း၊ ဦးအောင်ကျော်ရှိန်း-ဒေါ်အိအိသွင်၊ ဒေါ်ချိုချိုသွင်၊ ဦးလှသွင်-ဒေါ်ယဉ်ယဉ်မော်တို့၏တူ၊ ဦးဝင်းကိုဦး-ဒေါ်သီရိဆွေထွန်း၊ ကိုသိမ်းလင်းမောင်၊ ကိုဉာဏ်ဝင်း-မအိသက်ရှိန်း၊ ကိုဖြိုးဟန်သွင်-နန့်သူဇာရွှေ၊ ကိုဆန်းထွန်းအောင်-မမေစိမ်းသွင်၊ ဗိုလ်လောင်းရဲမင်းသွင်တို့၏ အစ်ကိုကြီး ဦးမျိုးမင်းသိန်းသည် ၁၀-၈-၂၀၂၀ရက် ည ၇:၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၁၅နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8M/7520 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ ပဥ္စမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၁

အမျိုးသားမြေအသုံးချမှုကောင်စီ၏ ပဥ္စမအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ အမျိုးသား မြေအသုံးချမှုကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဦးဟန်ဇော်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယ ဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ ဒုတိယ ရှေ့နေချုပ် ဦးဝင်းမြင့်၊

စာမျက်နှာ ၅ ကော်လံ ၁ ❏




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှုကောင်စီ၏ ပဥ္စမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ကမာရွတ်မြို့နယ်၌ မဲစာရင်းများကြေညာထားပြီး မဲဆန္ဒရှင်များ လာရောက်ကြည့်ရှု မဲရုံပေါင်း ၃၇ ရုံနှင့် မဲပေးနိုင်သည့် မဲဆန္ဒရှင်ပေါင်း ၆၄၀၀၀ ကျော်ရှိ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ မဲစာရင်း လာရောက်ကြည့်ရှုသူမှာ မဲဆန္ဒရှင်များ၏ ၃၉ ဒသမ ၁၆ ရာခိုင်နှုန်းရှိကြောင်း ကမာရွတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ကမာရွတ်မြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၌ အိမ်ထောင်စုပေါင်း ၁၇၀၀၀ ကျော်၊ မဲဆန္ဒရှင်ပေါင်း ၆၄၀၀၀ ကျော်ရှိပြီး မဲစာရင်းလာရောက် ကြည့်ရှုသူ အိမ်ထောင်စု ၈၀၀၀ ကျော်၊ လူဦးရေ ၂၅၀၀၀ ကျော် ရှိကြောင်း သိရသည်။

ထို့ပြင် ပုံစံ (၃) ဖြင့် ပြင်ဆင်ဖြည့်စွက်သူပေါင်း ၃၉၀၀ ကျော်၊ မဲစာရင်းတွင် မပါသင့်သူများကို ပုံစံ (၄) ဖြင့် ကန့်ကွက်သူပေါင်း ၃၇၀ နှင့် မဲစာရင်းပါ အချက်အလက်များကို ပုံစံ(၄-က) ဖြင့် ပြင်ဆင်သူ ၂၀၀၀ ကျော်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း မဲစာရင်းများ ကြေညာထားမှုနှင့် ပတ်သက်၍ ကမာရွတ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်

စာမျက်နှာ ၈ ကော်လံ ၅ ❊



ရုရှားနိုင်ငံက ကမ္ဘာ့ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို စမ်းသပ်ထုတ်လုပ် စာ ၁၂

ပါကစ္စတန်၌ သုံးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၆၄ ဦးသေဆုံး စာ ၁၃

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ခံစစ်ကစားသမား စမောလင်းအတွက် ပြောင်းရွှေ့ကြေး ပေါင် ၂၃ သန်း မန်ယူအသင်း သတ်မှတ်




အင်တာမီလန်အသင်းက မန်ယူခံစစ်ကစားသမားတစ်ဦးဖြစ်သူ ခရစ်စမောလင်းကို ခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် မန်ယူအသင်းက အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးကို ပေါင် ၂၃ သန်း သတ်မှတ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် နွေရာသီတွင် အသင်းနည်းပြ ဆိုးလ်ရှားက စမောလင်းကို ပထမအသင်းတွင် ပုံမှန်ပွဲထွက်ခွင့် ရရှိဖွယ်မရှိကြောင်း ပြောကြားလိုက်ပြီးနောက် ရိုးမားအသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ကစားနေသူဖြစ်သည်။ ရိုးမားအသင်းတွင် ခြေစွမ်းပြသထားနိုင်သော အသက် ၃၀ အရွယ် စမောလင်းသည် အီတလီတွင်ဆက်လက်နေလိုကြောင်းသိရသည်။ ရိုးမားအသင်းအနေဖြင့် စမောလင်းကို အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူရန် ဆန္ဒရှိနေသော်လည်း မန်ယူအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးကို ပေးချေလိုခြင်းမရှိကြောင်း သိရသည်။ မန်ယူအသင်းသည် စမောလင်း၏ ပြောင်းရွှေ့ကြေးအတွက် ကနဦး ပေါင် ၁၈ သန်းနှင့်အတူ ထပ်ဆောင်းကြေးအနေဖြင့် ပေါင် ငါးသန်း အလိုရှိနေခြင်း ဖြစ်သည်။

ထွက်ပေါ်လာသော သတင်းများအရ အင်တာမီလန်အသင်းသည် စမောလင်းအတွက် မန်ယူအသင်းသတ်မှတ်ထားသော ပြောင်းရွှေ့ကြေး ပေါင် ၂၃ သန်းကို ပေးချေရန်အဆင်သင့်ရှိနေကြောင်း သိရသည်။ အင်တာမီလန် နည်းပြ ကွန်တီသည် စမောလင်း၏ ခြေစွမ်းကို ကြိုက်နှစ်သက်သည့်အတွက် အဆိုပါ အတွေ့အကြုံရှိ ခံစစ်ကစားသမားကို အသင်းသို့ ခေါ်ယူအားဖြည့်လိုနေခြင်းဖြစ်သည်။ စမောလင်းအနေဖြင့် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ဖြစ်ခဲ့ပါက ပြီးခဲ့သည့် ၁၂ လတွင်း ဆန်စီယိုသို့ အိုးထရက်ဖို့ဒ်မှ ပြောင်းရွှေ့ရောက်ရှိလာသည့် လေးဦးမြောက်ကစားသမား ဖြစ်လာမည်လည်း ဖြစ်သည်။

လူကာကူနှင့် ဆန်းချက်ဇ်တို့သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❍

# ရန်ကုန်မြို့ရဲ့ခရီးသွားခရီးစဉ်သစ်

ဇင်လင်းမြင့်

ရန်ကုန်မြို့ဟာ ပြည်တွင်းပြည်ပခရီးသွားတွေအတွက် လည်ပတ်လေ့လာစရာနေရာတွေ အများအပြားရှိနေပါတယ်။ ရွှေတိဂုံစေတီအပါအဝင် အထင်ကရ စေတီပုထိုးတွေ၊ ရှေးဟောင်းအဆောက်အအုံတွေ၊ မြို့ပြရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ၊ ပန်းဥယျာဉ်နဲ့ အခြားစိတ်ဝင်စားစရာနေရာတွေ တည်ရှိနေပါတယ်။ ဒီနေရာတွေဟာ သမိုင်းတန်ဖိုးကြီးမားတဲ့ ထိန်းသိမ်းစောင့်ရှောက်မှုတွေလည်း အမြဲပြုလုပ်နေရတဲ့ အမွေအနှစ်တွေ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ပြည်တွင်းပြည်ပ ခရီးသွားတွေအတွက် ဆွဲဆောင်မှုရှိနိုင်တဲ့ ခရီးစဉ်တွေ ဖော်ဆောင်ဖို့လည်း ကြိုးစားနေပါတယ်။ အခုဆိုရင် ခရီးသွားခရီးစဉ်သစ်တစ်ခုကို ဖော်ဆောင်နိုင်ရေး လေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေတဲ့အပြင် အကောင်အထည်ဖော်နိုင်ရေးလည်း ကြိုးစားနေပြီဖြစ်ပါတယ်။



**ကျောက်တန်း ရေလယ်ဘုရားဟာ ထူးခြားစွာ တည်ရှိနေပြီး ထိုင်းနဲ့ တရုတ်နိုင်ငံသား အများစုက လာရောက်ဖူးမြော်လေ့ရှိကြပါတယ်။ ဒီလို လာရောက်ဖူးမြော်ရင်းနဲ့ အနီးဝန်းကျင်မှာရှိတဲ့ အဲဒီနေရာတွေကို နေ့ချင်းပြန် လေ့လာရေးခရီးသွား ခရီးစဉ်အနေနဲ့ ဖော်ဆောင်နိုင်တဲ့ အခွင့်အလမ်း ရှိနေပါတယ်။ ဒါ့အပြင် ပီလခတ်ကျေးရွာမှာရှိတဲ့ ပီလခတ် စရီအန်ဂါလဲ အိစ်စရီ-စရီ မဟာမူနီ(စ်)ဝရ်ရ် ဟိန္ဒူဘုရားကျောင်းကလည်း စိတ်ဝင်စားစရာလေ့လာနိုင်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။**

ဒီခရီးစဉ်သစ်ကတော့ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းမှာရှိတဲ့ ရေလယ်ကျောက်တန်း ဘုရားကနေပြီး ကျောက်တန်း တစ်ဖက်ကမ်းက ရွာတွေကို လေ့လာနိုင်ဖို့စီစဉ်နေတဲ့ ခရီးစဉ်ဖြစ်ပါတယ်။ ဒီခရီးစဉ်သစ် ဖြစ်မြောက်နိုင်ရေး အတွက်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်ကလည်း ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၀ ရက်က အဲဒီနေရာတွေကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပါတယ်။

ဒီခရီးစဉ်ကို သွားရောက်တဲ့အခါမှာ ကျောက်တန်းမြို့နယ် မီးပြကျေးရွာမှာရှိတဲ့ အဘိသေကဘောဂ သေနမင်း တည်ထားခဲ့တဲ့ ဉာဏ်တော် ၃၆ တောင်ခန့်မြင့်တဲ့ ခေတ်ပေါင်းစု ဆုတောင်းပြည့် ရွှေဘုံသာစေတီ၊ သံတဲကျေးရွာ ကျောက်တိုင်ကမ်းခြေမှာ အပန်းဖြေနိုင်သလို ၁၉၂၂ ခုနှစ်မှာ တည်ဆောက်ဖွင့်လှစ်ခဲ့တဲ့ မီးပြတိုက်ဟောင်း စတဲ့နေရာတွေကို ရောက်ရှိလေ့လာနိုင်ပါတယ်။ ခရီးစဉ်ဒေသသစ် ဖော်ဆောင်နိုင်ရေးနဲ့ လူထုအခြေပြု ခရီးသွားခရီးစဉ် ဖြစ်ပေါ်နိုင်ရေးတွေကို စတင်နိုင်တဲ့ အခြေအနေတွေ ရှိနေပြီဖြစ်ပါတယ်။

## ရှေးဟောင်းသမိုင်းဝင် ရွှေဂူကြီးစေတီကို ဖူးမြော်နိုင်

ကျောက်တန်းမြို့က ငါးမိုင်အကွာမှာရှိတဲ့ဥယျာဉ်ရွာမှာလည်း ရှေးဟောင်းသမိုင်းဝင် ရွှေဂူကြီးစေတီကို ဖူးမြော်နိုင်ပါတယ်။ ဒီလိုရွာများရှိ ခရီးစဉ်နေရာတွေ၊ ကမ်းခြေတစ်လျှောက်ကျေးရွာတွေ လည်ပတ်တာ၊ ကျေးရွာတွေရဲ့ လူမှုဘဝနေထိုင်မှုတွေနဲ့ စားဝတ်နေရေးအတွက် နေ့စဉ်လုပ်ကိုင်နေမှုတွေကို မြို့ပြနဲ့ တစ်ဆက်တစ်စပ်တည်း သွားရောက်လေ့လာလို့ရမှာ ဖြစ်ပါတယ်။ ဒီနေရာတွေကို ခရီးစဉ်သစ်အနေနဲ့ ဖော်ဆောင်ရင် လိုအပ်ချက်တွေ ထပ်ပြီးဖြည့်ဆည်းပေးဖို့လည်း ရှိနေပါတယ်။

ကျောက်တန်းရေလယ်ဘုရားဟာ ထူးခြားစွာ တည်ရှိနေပြီး ထိုင်းနဲ့ တရုတ်နိုင်ငံသား အများစုက လာရောက်ဖူးမြော်လေ့ရှိကြပါတယ်။ ဒီလို လာရောက်ဖူးမြော်ရင်းနဲ့ အနီးဝန်းကျင်မှာရှိတဲ့ အဲဒီနေရာတွေကို နေ့ချင်းပြန် လေ့လာရေးခရီးသွား ခရီးစဉ်အနေနဲ့ ဖော်ဆောင်နိုင်တဲ့ အခွင့်အလမ်း ရှိနေပါတယ်။ ဒါ့အပြင် ပီလခတ်ကျေးရွာမှာရှိတဲ့ ပီလခတ် စရီအန်ဂါလဲ အိစ်စရီ-စရီ မဟာမူနီ(စ်)ဝရ်ရ် ဟိန္ဒူဘုရားကျောင်းကလည်း စိတ်ဝင်စားစရာ လေ့လာနိုင်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

## ပတ်ဝန်းကျင်တွေကို ပိုမိုလေ့လာလို

ဒီနေ့ ကမ္ဘာလှည့်ခရီးသွားအများစုဟာ သက်ဆိုင်ရာနိုင်ငံတွေရဲ့ ပြည်သူတွေ၊ အထူးသဖြင့် ကျေးလက်နေပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝတွေနဲ့ သဘာဝအတိုင်း တည်ရှိနေတဲ့ ပတ်ဝန်းကျင်တွေကို ပိုမိုလေ့လာလိုကြတဲ့ ဆန္ဒရှိနေပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ အလှမ်းကွာဝေးတဲ့ သို့မဟုတ် မလှမ်းမကမ်းခရီးမှာရှိတဲ့ ကျေးလက်ဒေသခံတွေရဲ့ ဘဝနေထိုင်မှုတွေကို ပိုပြီး စိတ်ဝင်စားကြပါတယ်။

## လူထုအခြေပြုခရီးသွားလုပ်ငန်း

ဒီလို ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားမှုရှိနေတဲ့ ခရီးစဉ်ကို အကောင်းဆုံးပေါင်းကူးဆက်သွယ်ပေးနိုင်တာကတော့ လူထုအခြေပြုခရီးသွားလုပ်ငန်းပဲ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းပြီး လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းကာ အကောင်အထည်ဖော်နိုင်ရင်တော့ ဒေသခံတွေအတွက် အသက်မွေးဝမ်းကျောင်း အလုပ်တွေ၊ အခွင့်အလမ်းတွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

အောင်မြင်တဲ့ လူထုအခြေပြုခရီးသွား လုပ်ငန်းစီမံကိန်းတွေဆိုတာ ဒေသခံလူမှုအသိုက်အဝန်းနဲ့ ခရီးသွားလုပ်ငန်းကျွမ်းကျင်သူတွေ အတူတကွ ပူးပေါင်းဆောင်ရွက်မှုကနေပြီး ထွက်ပေါ်လာနိုင်တာ ဖြစ်ပါတယ်။ တကယ်တော့ လူထုအခြေပြု ခရီးသွားလုပ်ငန်းဆိုတာကလည်း လူမှုအသိုက်အဝန်း တစ်ရပ်အတွင်း နေထိုင်ကြတဲ့ ဒေသခံတွေကိုယ်တိုင် သူတို့ရဲ့ လူမှုအသိုက်အဝန်းဆီကို ခရီးသွား ဧည့်သည်တွေကို ဖိတ်ခေါ်တဲ့ ခရီးသွားလုပ်ငန်းအမျိုးအစား ဖြစ်ပါတယ်။

## ခရီးစဉ်သစ်တွေကို ဖော်ဆောင်နိုင်ရေး ကြိုးစား

ဒီလို အကြောင်းအချက်တွေကြောင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လူထုအခြေပြု ခရီးသွားခရီးစဉ်သစ်တွေကို ဖော်ဆောင်နိုင်ရေး ကြိုးစားနေတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လှည်းကူးမြို့နယ် ရေကျော်ကျေးရွာမှာရှိတဲ့ Mother Earth Organic Farm မှာ Eco Tourism နဲ့ Farm Tourism ခရီးစဉ်သစ်တွေ ဖော်ဆောင်နိုင်ရေးကိုလည်း အခြေနေတွေ လေ့လာနေတာ ရှိပါတယ်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာကလည်း ဟိုတယ်တွေ၊ ခမ်းနားတဲ့ ပြယုဂ်ကြီးတွေရှိတဲ့ နေရာတွေမှာပဲ တိုးတက်နိုင်တာ မဟုတ်ပါဘူး။ နေရာတိုင်း၊ ဒေသတိုင်းမှာ ကြီးကျယ်ခမ်းနားတဲ့ ဟိုတယ်ကြီးတွေ ရှိနိုင်ဖို့ ခက်ခဲပါတယ်။ ဒါကြောင့်လည်း ရပ်ရွာအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွေ ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် တာဝန်ရှိသူတွေက စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်

**အချပ်ပို (၈) သို့**

# ဒဂုံမြို့သစ်အရှေ့ပိုင်းနဲ့ တောင်ပိုင်းအကြားမှာ ထွက်ပေါ်လာမယ့် စီမံကိန်းအသစ်

ဆွေဦးဝေ

**ရန်ကုန်မြို့ရဲ့ အနာဂတ်ကို လှမ်းမျှော်တွေးဆကြည့်ရင် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ဆောက်ရေးစီမံကိန်းတွေက အစီအရီရှိနေတာ တွေ့ရမှာဖြစ်ပါတယ်။ အကောင်အထည်ဖော်နေတဲ့ စီမံကိန်းတွေရှိနေသလို ပြင်ဆင်နေဆဲစီမံကိန်းတွေလည်း ရှိနေပါတယ်။ စီမံကိန်းအသစ်တွေ တင်ပြထားတာရှိသလို ခွင့်ပြုချက်ရရှိထားတဲ့ စီမံကိန်းတွေလည်း ရှိနေပါတယ်။ အဲဒီစီမံကိန်းတွေအနက် ဒဂုံမြို့သစ်အရှေ့ပိုင်းနဲ့ တောင်ပိုင်းမြို့နယ်ဧရိယာအတွင်းမှာ ဖော်ဆောင်တော့မယ့် Smart and Eco City စီမံကိန်းကတော့လုပ်ငန်းတွေ အကောင်အထည်ဖော်ဖို့ မြေပြင်ကိစ္စ ရှင်းလင်းရေးလုပ်ငန်းတွေ စတင်တော့မယ်လို့ ဆိုပါတယ်။**

### မြေဧက ၂၀၀၀ မှာ တည်ဆောက်

အဲဒီစီမံကိန်းဟာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)နဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွေ ဆက်စပ်နေတဲ့ လေးထောင့်ကန်ရွာရှိ မြေဧက ၂၀၀၀ မှာ တည်ဆောက်သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့အပြည့်အစုံက Yangon Amata Smart & Eco City ဖြစ်ပြီး ထိုင်းနိုင်ငံအခြေစိုက် Amata ကော်ပိုရေးရှင်းက ရင်းနှီးမြှုပ်နှံ တည်ဆောက်အကောင်အထည်ဖော်မှာဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးမြို့နယ်တွေနဲ့ မြို့ပြင်မြို့နယ်တွေမှာ မြို့ပြစီမံကိန်းတွေ၊ စက်မှုဇုန်အသစ်တွေ အကောင်အထည်ဖော်ဖို့ အစီအစဉ်တွေရှိနေတဲ့အချိန်မှာ တစ်ကမ္ဘာလုံး ရိုက်ခတ်ခံနေရတဲ့ ကိုဗစ်-၁၉ ကြောင့် လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တွေ နှောင့်နှေးနေရတာ ဖြစ်ပါတယ်။ မကြာခင် ကိုဗစ်အလွန်ကာလမှာတော့ ဒီစီမံကိန်းတွေအားလုံး အစီအစဉ်တကျ လုပ်ငန်းစဉ်တွေ ဆောင်ရွက်လာကြမှာ ဖြစ်ပါတယ်။

### မြေယာလျော်ကြေးတွေ ပေးအပ်

အခုလည်း လေးထောင့်ကန်ကျေးရွာရဲ့ အနီးဝန်းကျင်အပါအဝင် စီမံကိန်းဧရိယာထဲမှာ ပါဝင်နေတဲ့ မြေယာတွေကို ဒီစီမံကိန်းက မြေယာလျော်ကြေးတွေ စတင်ပေးအပ်တော့မှာ ဖြစ်ပါတယ်။ ဒီလို မြေယာလျော်ကြေးတွေ ပေးအပ်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို Amata ကုမ္ပဏီက တာဝန်ရှိသူတွေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၃ ရက်က သွားရောက်တွေ့ဆုံပြီး ရှင်းလင်းတင်ပြခဲ့တယ်လို့ သိရပါတယ်။

ဒီစီမံကိန်းဧရိယာအတွင်းမှာ ပါဝင်နေတဲ့ လယ်ယာမြေတွေကို လျော်ကြေးပေးချေရေးနဲ့ မြေပြင်ရှင်းလင်းရေး ကော်မတီကနေပြီး ဆောင်ရွက်သွားဖို့ လုပ်ငန်းစဉ်တွေကိုလည်း အဲဒီနေ့က ရှင်းလင်းတင်ပြခဲ့ကြတယ်လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတင်းထုတ်ပြန်ထားပါတယ်။ ဒေသခံတွေရဲ့ မြေယာတွေကို လျော်ကြေးပေးတဲ့အခါ ထိခိုက်နစ်နာမှု မရှိစေဖို့၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားဖို့လည်း အစီအစဉ်တွေ ရှိနေတယ်လို့ ဆိုပါတယ်။

ဒီစီမံကိန်းကို ထိုင်းအခြေစိုက် Amata ကော်ပိုရေးရှင်းအနေနဲ့ အမေရိကန်ဒေါ်လာသန်း ၃၀၀ အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်သွားဖို့အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်က ခွင့်ပြုခဲ့တယ်လို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်တဲ့ သတင်းအချက်အလက်တွေမှာ ဖော်ပြထားပါတယ်။

### အကျိုးတူ ပူးပေါင်းဆောင်ရွက်

တကယ်တော့ Smart and Eco City စီမံကိန်းကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ Amata ကော်ပိုရေးရှင်းတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

### မူဘောင်သဘောတူ လက်မှတ်ရေးထိုး

ဒီစီမံကိန်းမှာတော့ ထိုင်းအခြေစိုက် Amata ကော်ပိုရေးရှင်းက ရှယ်ယာ ၈၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး ကျန်ရှယ်ယာ ၂၀ ရာခိုင်နှုန်းကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ပိုင်ဆိုင်မှာ ဖြစ်ပါတယ်။ ဒီလို အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့အတွက် ၂၀၁၉ ခုနှစ် ဩဂုတ် ၂၂ ရက်မှာ နှစ်ဦးနှစ်ဖက် မူဘောင်သဘောတူ လက်မှတ် ရေးထိုးခဲ့ကြကြောင်း သိရပါတယ်။

ဒီစီမံကိန်းဟာ ရန်ကုန်မြို့ပြင် မြို့နယ်တွေမှာ တည်ဆောက်ဖို့ရှိနေတဲ့ စီမံကိန်းတွေအနက် ကြီးမားတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။ စီမံကိန်းတစ်ခုလုံးအနေနဲ့ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ကုန်ကျမှာဖြစ်ပြီး စီမံကိန်းပထမအဆင့်အဖြစ် မြေဧက ၂၀၀၀ ပေါ်မှာ လူနေအိမ်ရာတွေ၊ ရုံးခန်းတွေနဲ့ စက်မှုဇုန်မြေယာတွေ ပါဝင်မှာဖြစ်တယ်လို့ အဲဒီကုမ္ပဏီက ဆိုပါတယ်။

### စက်မှုဇုန်အဖြစ်ပေါ်ထွန်း

“ရန်ကုန်မြို့မှာ လာရောက်ရင်းနှီးမြှုပ်နှံလိုသူတွေ၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် အခွင့်အရေးကောင်းပေးနိုင်တဲ့ စက်မှုဇုန်အဖြစ်လည်း ပေါ်ထွန်းလာစေနိုင်ပါတယ်လို့” တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။ ဒီလို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့အတူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ ရန်ကုန်မြို့ပြင် မြို့နယ်တွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေ လျင်မြန်စွာ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

ဒီလိုစီမံကိန်းတွေမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုများစွာ လာရောက်ခဲ့ရင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း အများကြီးရရှိနိုင်မှာ ဖြစ်ပါတယ်။ အခု ဒီစီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀၀ ခန့် ပေါ်ထွက်လာဖို့ရှိတာကြောင့် ဒေသဖွံ့ဖြိုးရေးအတွက်သာမက လူငယ် လူရွယ်တွေအတွက် အလုပ်အကိုင်တွေရရှိစေမှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းမှာ ပြည်ပကနေပြီး သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဆက်သွယ်ရေးနဲ့ သတင်းနည်းပညာလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ ဆောက်လုပ်ရေးနဲ့ ဆက်စပ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ပြည်ပပို့ကုန်လုပ်ငန်းတွေအပြင် နိုင်ငံတကာက ပညာရေးသိပ္ပံတွေလည်း လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့ အစီအစဉ်တွေရှိနေတယ်လို့လည်း သိရပါတယ်။



Smart and Eco City စီမံကိန်းပုံစံငယ်။

### အထောက်အကူပြုပေး

ဒဂုံမြို့သစ်အရှေ့ပိုင်းနဲ့ တောင်ပိုင်းမြို့နယ်အကြား လေးထောင့်ကန်ရွာအနီး မြေဧရိယာမှာ အကောင်အထည်ဖော်တော့မယ့် ဒီစီမံကိန်းပြီးစီးခဲ့ရင်တော့ ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်နဲ့ ဖြစ်ထွန်းစေမှာဖြစ်ပြီး လူနေမှုဘဝတွေလည်း ယခုထက် ပိုမိုမြင့်တက်လာစေဖို့ အထောက်အကူပြုပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလမှာ ဖြည်းဖြည်းချင်း စတင်ဆောင်ရွက်နိုင်နေပြီဖြစ်တဲ့ စီမံကိန်းလုပ်ငန်းတွေဟာ ကိုဗစ်-၁၉ အလွန်ကာလမှာတော့ ပိုမိုလျင်မြန်စွာ လုပ်ကိုင်နိုင်တော့မှာ ဖြစ်ပါတယ်။

Amata Smart & Eco City စီမံကိန်း အောင်မြင်စွာ ပြီးစီးသွားရင်တော့ ရန်ကုန်မြို့ပြရဲ့ ဧရိယာ တဖြည်းဖြည်းကျယ်ဝန်းလာမှုနဲ့အတူ တိုးတက်ဖွံ့ဖြိုးမှုတွေကလည်း ဒွန်တွဲဖြစ်ထွန်းလာမှာဖြစ်တာမို့ ရန်ကုန်မြို့ရဲ့ နေရာစုံမှာ ဖွံ့ဖြိုးမှုအဖုံဖုံကို တွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။ ။

# ရန်ကုန်မြို့ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ကိုဗစ်-၁၉ ရောဂါကာလတွင် ဆက်လက်ပိတ်ထားမည်

သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး

ရန်ကုန်မြို့ သာကေတမြို့နယ် ပဲခူးမြစ်နှင့် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို မတ်လမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ယာယီပိတ်ခဲ့ရာ ဖွင့်လှစ်ရန်ခွင့်ပြုချိန်တွင် အများပြည်သူအား ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာလ၌ ဆက်လက်ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

### ဆက်လက်ပိတ်ထားဖို့ ရှိ

“တကယ်လို့ ဖွင့်ခွင့်ပြုခဲ့ရင် ရောဂါကာကွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ပြီး ဝင်ပေါက်က စပြီးတော့ အထဲမှာ လက်ဆေးကန်တွေလည်း အဆင်သင့်ထားရှိပါတယ်။ တိုင်းရင်းသားရိုးရာ နေအိမ်ပြခန်းတွေမှာလည်း ကျန်းမာရေးသတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်သွားမှာပါ။ နန်းမြင့်မျှော်စင်မှာ တိုင်းရင်းသားတွေရဲ့ ရုပ်တုတွေကို စုံတွဲလိုက်ပြသဖို့ စီမံဆောင်ရွက်ထားပြီးပါပြီ။ တိုင်းရင်းသားကျေးရွာအနေနဲ့ ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်မှုနဲ့ ရိုးရာဓလေ့ကို ထုတ်ဖော်ပြသရာ နေရာတစ်ခုအဖြစ် နိုင်ငံတော်ရဲ့ လမ်းညွှန်မှုနဲ့အညီ ပြုပြင်ဆောင်ရွက်သွားမယ့် ကဏ္ဍတွေလည်း ရှိပါတယ်။ ဖွင့်ခွင့်ရရင်သတင်းစာကနေ ကြေညာမှာပါ။အခုတော့ ဆက်လက်ပိတ်ထားဖို့ ရှိပါတယ်”ဟု တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပြောသည်။

### အပန်းဖြေအနားယူ

ပဲခူးမြစ်ကို မေးတင်ထားသော ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှာ မြေဧက ၁၁၇ ဧကကျယ်ဝန်းပြီး မြစ်ပြင်မှ သန့်ရှင်းလတ်ဆတ်သောလေနှင့် သန်လျင်တံတားကြီး၏ အလှနှင့်အတူ သစ်ရိပ်ဝါးရိပ်တို့ကြောင့် ရန်ကုန်မြို့နေပြည်သူများ ရုံးပိတ်ရက်တွင် အများဆုံး လာရောက်အပန်းဖြေလေ့ရှိရာ ဖွင့်လှစ်ခဲ့စဉ်က မိုးရာသီတွင် ရုံးပိတ်ရက် တစ်ရက်လျှင် လူဦးရေ ၈၀၀ မှ ၁၀၀၀ ကြား၊ တနင်္ဂနွေနေ့တွင် ၁၅၀၀ မှ ၂၀၀၀ ကြား လာရောက်အပန်းဖြေလေ့ရှိပြီး ပွင့်လင်းရာသီ ရုံးပိတ်ရက်၌ လူဦးရေ၂၀၀၀ မှ ၃၀၀၀ ကြား အပန်းဖြေ အနားယူလေ့ရှိကြောင်း သိရသည်။




### ဖွင့်လှစ်ပြသထားခြင်းဖြစ်

ပြည်ထောင်စု တိုင်းရင်းသားကျေးရွာကို ရန်ကုန်မြို့၊ နေပြည်တော်နှင့် ပြင်ဦးလွင်တို့တွင် ဖွင့်လှစ်ထားရှိပြီး ရန်ကုန်မြို့တစ်ခုတည်းတွင်သာ တိုင်းရင်းသားရှစ်မျိုး၏ နေအိမ်များတွင် တိုင်းရင်းသားများကိုယ်တိုင် ခန့်အပ်၍ ရိုးရာ၊ ယဉ်ကျေးမှုတို့ကို ထုတ်ဖော်ပြသလျက် တိုင်းရင်းသားညီအစ်ကိုတို့၏ စည်းလုံးညီညွတ်မှုကို ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတစ်နေရာတည်း၌ ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပြသထားခြင်းဖြစ်သည်။

ရန်ကုန်မြို့နေပြည်သူများ အများဆုံး အပန်းဖြေရာနေရာတွင် တစ်ခုအပါအဝင်ဖြစ်သော သာကေတ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ပြန်လည်ဖွင့်လှစ်ပါက အများပြည်သူကို ကြိုတင်အသိပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆက်လက်ပိတ်ထားမည် ဖြစ်ကြောင်း တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)မှ သိရသည်။

*ရန်ကုန်မြို့ရဲ့ခရီးသွားခရီးစဉ်သစ်. . . မှ*

ဖော်ဆောင်ပေးနေတာ တွေ့ရပါတယ်။ အခုဆိုရင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာမှာလည်း လူထုအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ထားပြီး ဖြစ်ပါတယ်။ အခု ကျောက်တန်းမြို့နယ်မှာ ဖော်ဆောင်နိုင်ရင်တော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လူထုအခြေပြု ခရီးသွားလုပ်ငန်း ခရီးစဉ်သစ်တစ်ခု ထပ်မံထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံမှာ လူထုအခြေပြု ခရီးသွားလုပ်ငန်းဟာ ပထမဆုံးအနေနဲ့ ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းက ချင်းပြည်နယ် နတ်မတောင် အမျိုးသား ဥယျာဉ်အနီး ဆော်ယောင်းကျေးရွာမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာဖြစ်**



ခရီးသွားများ သန်လျင်ရေလယ်ကျောက်တန်းဘုရားသို့ လှေများဖြင့် သွားရောက်ဖူးမြော်ကြစဉ်။

### စနစ်တကျ ဆောင်ရွက်တတ်ကြဖို့

မြန်မာနိုင်ငံရဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ ကျေးရွာဒေသ ၁၂ ခုကျော်မှာ လူထုအခြေပြု ခရီးသွားလုပ်ငန်းခရီးစဉ်သစ်တွေ ဖော်ဆောင်ထားပြီး ဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်တဲ့ ကျေးရွာတွေမှာရှိတဲ့ ဒေသခံတွေက ဧည့်ခံကျွေးမွေးတာကအစ အားလုံး သဘာဝကျကျနဲ့ သန့်သန့်ရှင်းရှင်းဖြစ်ပြီး အဆင့်မြင့်မြင့် ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် လေ့ကျင့်သင်ကြားပေးနေသလို ကျေးရွာနဲ့ သဘာဝအရင်းအမြစ်တွေကိုလည်း စနစ်တကျ ဆောင်ရွက်တတ်ကြဖို့လည်း သင်ကြားပေးနေတာ ရှိပါတယ်။

မြန်မာနိုင်ငံမှာ လူထုအခြေပြုခရီးသွားလုပ်ငန်းဟာ ပထမဆုံးအနေနဲ့ ၂၀၁၆ ခုနှစ် နှစ်လယ်ပိုင်းက ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်အနီး ဆော်ယောင်းကျေးရွာမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီခရီးစဉ်ဖွင့်ပွဲကိုတော့ ဆော်ယောင်းကျေးရွာမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်မှာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။

အခုလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ကိုဗစ်-၁၉ အလွန်ကာလအတွက် ကြိုတင်ပြင်ဆင်စီစဉ်မှုတွေ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်တဲ့နေရာမှာ ခရီးသွားခရီးစဉ်သစ်အဖြစ် ကျောက်တန်းမြို့နယ်က ကျေးရွာတွေကို ရွေးချယ်ကာ ဖော်ဆောင်နိုင်ရေး လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အကောင်အထည်ဖော်နိုင်ခဲ့ရင်တော့ ရန်ကုန်မြို့မှာ ခရီးသွားခရီးစဉ်သစ်တစ်ခု ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ ။

*နေချင့်စဖွယ်ကောင်းသော ရန်ကုန်တိုင်းဒေသကြီး၏ ကျွန်းမြို့လေး . . . မှ*

သဘာဝပထဝီဝင်အနေအထားနှင့် ရာသီဥတုအခြေအနေ၊ ဖွံ့ဖြိုးမှုနောက်ကျကျန်နေရသည့် အကြောင်းတရားတို့ကြောင့် သင်္ဘောဆိုက်ကပ်နိုင်သည့် ခေတ်မီဆိပ်ကမ်းမရှိသေးဘဲ ကမ်းထိုးရေယာဉ်များကိုသာ အသုံးပြု၍ သယ်ယူပို့ဆောင်နေရသည်။ မတ်လ ဒုတိယသင်္ဘောခေါက်၏ အပြန်ခရီးစဉ်နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် သင်္ဘောခရီးစဉ်များကို ရပ်ဆိုင်းခဲ့ရသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးတစ်ခုလုံးမီးလင်းရေးစီမံချက်အရ ယခု ဩဂုတ်လအတွင်း တတိယသင်္ဘောခေါက်အဖြစ် ကိုကိုးကျွန်းမြို့နယ်သို့ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို ပို့ဆောင်ပေးရမည်ဖြစ်သည်။

### သင်္ဘောပေါ်သို့ တင်ချပေးနေ

ကိုကိုးကျွန်းသင်္ဘောထွက်မည့်ရက်က ဩဂုတ် ၉ ရက်နေ့ဖြစ်သော်လည်း သင်္ဘောပေါ်ကုန်စည်များ အတင်အချပြုလုပ်နေပုံ သတင်းဓာတ်ပုံရယူရေး စိတ်စောနေသည့်အတွက် ဩဂုတ် ၇ ရက်ကပင် သာကေတမြို့နယ် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ဆိပ်ခံတံတားရှိရာသို့ အရောက်လာမိသည်။ ဆိပ်ခံဗောတံတားသို့အရောက်တွင် ကိုကိုးကျွန်းသို့ တင်ပို့မည့် လျှပ်စစ်လုပ်ငန်းသုံးပစ္စည်းမျိုးစုံကို စတင်တွေ့မြင်ရသည်။ ဝန်ချီကရိန်းတစ်စင်းဖြင့် ဓာတ်တိုင်များ၊ အုတ်ခဲများကို သင်္ဘောပေါ်သို့ တင်ချပေးနေသည်။

အနီးတွင်တွေ့ရသော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ယူနီဖောင်းဝတ်ဆင်ထားသူတစ်ဦးအား မေးမြန်းကြည့်ရာတွင် ကိုကိုးကျွန်းမြို့နယ် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ဆိုလာစနစ်ဖြင့် ဓာတ်အားပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဓာတ်အားလိုင်းတိုင်အပါအဝင် အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေနှင့် အခြားဆက်စပ်ပစ္စည်း ၆၃၃ တန်ကို သင်္ဘောပေါ် တင်ဆောင်နေခြင်းဖြစ်ကြောင်း သိခွင့်ရခဲ့သည်။

### ၆ နာရီသာ ဓာတ်အားဖြန့်ဖြူး

လက်ရှိအချိန်တွင် ကိုကိုးကျွန်းမြို့နယ်အား ၃၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဓာတ်အားပေးထားပြီး ဓာတ်အားလိုင်းများအနေဖြင့် ၁၁ ကေဗွီအေ ဓာတ်အားလိုင်း ၂ မိုင်ကျော်၊ ၄၀၀ ဗို့အား ဓာတ်အားလိုင်း ၃ မိုင်ကျော်တို့အား လျှပ်ကာပစ္စည်းပါဝင်မှုမရှိသည့် ဓာတ်အား လိုင်းကြိုးများ၊ ၇ မီတာ၊ ၈ မီတာ ဒေသလုပ် ဓာတ်အားလိုင်းတိုင်များဖြင့် ညနေ ၆ နာရီမှ ည ၁၂ နာရီ အထိ တစ်နေ့ ၆ နာရီသာ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

### ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်မည်

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားမရရှိသေးသော ကျေးရွာများအား ၂၀၂၀ ပြည့်နှစ်အတွင်း မီးလင်းနိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကိုကိုးကျွန်းမြို့နယ်ကို ဆိုလာစနစ်ဖြင့် ၂၄ နာရီ ဓာတ်အားပေးနိုင်စေရေးအတွက် တင်ဒါအောင်ကုမ္ပဏီမှ ငါးလအတွင်း ဆိုလာဓာတ်အားခွဲရုံ တည်ဆောက်ခြင်းနှင့် မြို့နယ်လျှပ်စစ်ရုံးအနေဖြင့် စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဓာတ်အားလိုင်းတိုင် ၁၀ မီတာ ကွန်ကရစ်တိုင် ၂၆၀ ဖြင့် လဲလှယ်ခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း နှစ်မိုင်ကျော်နှင့် ၀ ဒသမ ၄ ဓာတ်အားလိုင်း သုံးမိုင်ကျော်တို့အား လျှပ်ကာပါဝင်သည့် ဓာတ်အားလိုင်းကြိုးများဖြင့် ဆွဲသားခြင်း လုပ်ငန်းများကို ယခုနှစ် အောက်တိုဘာလတွင် အပြီးဆောင်ရွက်မည်ဖြစ်ကာ ဆိုလာဓာတ်အားခွဲရုံ တည်ဆောက်ပြီးသည်နှင့် ၂၄ နာရီ ဓာတ်အား ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ကိုကိုးကျွန်းမြို့နယ်သည် မကြာမီကာလအတွင်း လျှပ်စစ်မီးပြည့်ဝစွာရရှိမည်ဖြစ်ရာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။ နိုင်ငံတော်မှလည်း ကိုကိုးကျွန်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးတော့မည်ဖြစ်ရာ မကြာမီကာလအတွင်း နေချင့်စဖွယ်ကောင်းသော ရန်ကုန်တိုင်းဒေသကြီး၏ ကျွန်းမြို့လေးတစ်မြို့အဖြစ် တွေ့မြင်လာတော့မည်ဖြစ်သည်။ ။




ကိုကိုးကျွန်းမြို့သို့ ပို့ဆောင်မည့် ဓာတ်တိုင်များ၊ အုတ်ခဲများကို သင်္ဘောပေါ်သို့ ဝန်ချီစက်ဖြင့် တင်ချနေစဉ်။

# ဒေသလမ်းပန်းတို့လည်း ချောမွေ့စေ၊ မြို့တော်စီးပွားလည်း ဖွံ့ဖြိုးစေ

တင်ဝင်းလေး(ကြည့်မြင်တိုင်)

စီးပွားရေးမြို့တော် မဟာရန်ကုန်ဟာ မြို့တွင်းမှာကလည်း လူနေထူထပ်၊ ယာဉ်ကြောတွေကကျပ်၊ လေအရည်အသွေးကလည်း နိမ့်ကျ၊ ဒါကြောင့် မြို့ပြင်တွေမှာ မြို့သစ်စီမံကိန်းတွေဖော်ဆောင်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရက ကြိုးပမ်းနေပါတယ်။ စီးပွားရေးအတွက် စက်မှုဇုန်ကြီးတွေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရယူပြီး အကောင်အထည်ဖော်လျက်ရှိနေတာကို တွေ့ရပါတယ်။



ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်ပေးမည့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားကြီး တည်ဆောက်နေမှု လုပ်ငန်းခွင်ကို တွေ့ရစဉ်။

**စက်မှုဥယျာဉ်မြို့တော်စီမံကိန်း**

အခုဆို ရန်ကုန်တောင်ပိုင်းခရိုင်မှာဆို ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ သီလဝါဆိပ်ကမ်း၊ သီလဝါ စက်မှုဇုန်ကြီးတွေအပြင် တောင်ကိုရီးယားအကူအညီနဲ့ ရန်ကုန်နဲ့ ဒလခရီးနီးစေဖို့ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး တံတားကြီးတစ်စင်းကိုလည်း ဝံ့ဝံ့ကြွားကြွား ထည်ဝါစွာတည်ဆောက်နေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ညောင်နှစ်ပင်ဒေသမှာလည်း ကိုရီးယား-မြန်မာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းကိုလည်း အကောင်အထည်ဖော်နေတာကို တွေ့လာရပါတယ်။

**အလုပ်အကိုင်အခွင့်အလမ်း**

ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းမှာဆို တရုတ်နဲ့အတူ ပူးပေါင်းတည်ဆောက်မယ့် ရန်ကုန်မြို့သစ်စီမံကိန်းကြီးကိုလည်း မြင်တွေ့နိုင်ဖို့ အသံတွေကြားနေရပါပြီ။ ဒါဆို မဟာရန်ကုန်ရဲ့ ပတ်ပတ်လည်မှာ နေစရာအဆောက်အအုံတွေတည်ရှိလာမယ့်အပြင် ဒေသခံတွေအဖို့ အလုပ်အကိုင် အခွင့်အလမ်းတွေနဲ့ပါ စည်ကားလာမှာကို ကြိုတင်မှန်းဆမိပါတယ်။

**အပြိုင်အဆိုင်တွေ့နေရ**

ရန်ကုန် - ဒလ တံတားကြီး စတင်တည်ဆောက်ဖို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပန္နက်တော်တင်ပေးခဲ့တာ ဖြစ်ပါတယ်။ အခုဆို ရန်ကုန်-ဒလတံတား တည်ဆောက်မှုက အတော်ခရီးပေါက်နေပါပြီ။ ရန်ကုန်ဘက်အခြမ်း လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းအောက်လမ်း၊ အလယ်လမ်း၊ အထက်လမ်းတိုင်အောင် အကာအရံများဝန်းရံလို့ တံတားတိုင်များကို အပြိုင်အဆိုင်တွေ့နေရပါပြီ။ ၂၀၂၂ ခုနှစ်မှာ အပြီးတည်ဆောက်မယ်လို့လည်း ကြားသိထားရပါတယ်။

**ကုန်စည်စီးဆင်းမှုလျင်မြန်**

တကယ်လို့သာ ဒီတံတားကြီးတည်ဆောက်ပြီးစီးတာနဲ့ အကျိုးရလဒ်ကို အမှန်တကယ်လက်တွေ့ကျကျ အမြန်ဆုံးခံစားရမှာကတော့ ဒလမြို့နယ်အပြင် ဆက်စပ်နေတဲ့ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး အဲဒီကမှ ဧရာဝတီတိုင်းဒေသကြီးဆီသို့ပါ အဆင်ပြေပြေခရီးပေါက်သွားပါပြီ။ အဲဒီတော့ ဆက်စပ်တိုင်းဒေသကြီးနှစ်ခုက ကုန်စည်စီးဆင်းမှုများက ပိုမိုလျင်မြန်ချောမွေ့သွားမှာ ဧကန်မုချပါ။

> “ ဒီတံတားကြီးတည်ဆောက်ပြီးစီးတာနဲ့ အကျိုးရလဒ်ကို အမှန်တကယ်လက်တွေ့ကျကျ အမြန်ဆုံးခံစားရမှာကတော့ ဒလမြို့နယ်အပြင် ဆက်စပ်နေတဲ့ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး အဲဒီကမှ ဧရာဝတီတိုင်းဒေသကြီးဆီသို့ပါ အဆင်ပြေပြေခရီးပေါက်သွားပါပြီ။ အဲဒီတော့ ဆက်စပ်တိုင်းဒေသကြီးနှစ်ခုက ကုန်စည်စီးဆင်းမှုများက ပိုမိုလျင်မြန်ချောမွေ့သွားမှာဖြစ် ”

**ထုတ်လုပ်ပို့ဆောင်ဖြန့်ဖြူး**

တောင်ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပေါ်လစီ တောင်ပိုင်းမူဝါဒအသစ်အရ ရင်းနှီးမြှုပ်နှံမှုနိုင်ငံများထဲမှာ မြန်မာနိုင်ငံသည်လည်း ပါဝင်နေတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်ခြေချနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်သလို အာဆီယံနိုင်ငံတွေဆီ ကုန်စည်များ ထုတ်လုပ်ပို့ဆောင်ဖြန့်ဖြူးရာ လမ်းကြောင်းပေါ်မှာလည်း ရှိနေခြင်းကြောင့်လို့ မြန်မာ့စီးပွားရေးကို လေ့လာသုံးသပ်နေသူတစ်ဦးက ဆိုထားတာကို ကြားဖူးခဲ့ပါတယ်။

ဒီ ရန်ကုန်-ဒလ မြန်မာ-ကိုရီးယား ချစ်ကြည်ရေးတံတားကြီးကို ဒေသခံပြည်သူတွေကတင် အမြန်ဆုံးပြီးစေချင်တာ မဟုတ်ပါဘူး။ တည်ဆောက်တဲ့ နိုင်ငံကိုယ်တိုင်ကပါ အမြန်ဆုံးပြီးစေချင်တာပါ။ ဘာကြောင့်လဲဆိုရရင် တောင်ကိုရီးယားသမ္မတ မစ္စတာ မွန်ဂျယ်အင်း ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်းက မြန်မာနိုင်ငံ (ရန်ကုန်မြို့) ကို ရောက်ခဲ့စဉ်က လှည်းကူးမြို့နယ် ညောင်နှစ်ပင် မြန်မာ-ကိုရီးယား စက်မှုဥယျာဉ်ကိုရောက်ခဲ့ခြင်းက ဒီစီမံကိန်းရဲ့ အရေးပါမှုကို မှန်းဆနိုင်ခဲ့ပါတယ်။ မြေဧကအားဖြင့် ၅၅၅ ကျော်မှာ ဆောင်ရွက်သွားမှာလို့လည်း သိရပါတယ်။

**လမ်းကြောင်းတစ်ခုဖြစ်နေ**

ဒါ့အပြင် ဒလမြို့နယ်အတွင်းမှာ စက်မှုဇုန်ရယ်၊ မြို့သစ်တစ်ခုရယ် တည်ဆောက်ဖို့ စီမံချက်တွေကြောင့်လည်း ဒီတံတားသစ်ကြီးက သူတို့အတွက် အလွန်အရေးပါတဲ့ လမ်းကြောင်းတစ်ခု ဖြစ်နေလို့ပါပဲ။

ဒါကြောင့် ရန်ကုန်-ဒလတံတား ဒါမှမဟုတ် မြန်မာ-ကိုရီးယားချစ်ကြည်ရေးတံတား၊ ဒါ့အပြင် ဒေသခံပြည်သူတွေက တင်စားခေါ်ဆိုနေကြတဲ့ အိပ်မက်တံတားကြီး ပြီးစီးသွားရင်ဖြင့် ဒေသလမ်းပန်းတို့လည်း ချောမွေ့စေမယ့်အပြင် မြို့တော်စီးပွားလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာဦးမည်မှာ ဧကန်မုချပါလို့ ထပ်လောင်းဆိုပါရစေ။ ။

---

# နေချင့်စဖွယ်ကောင်းသော ရန်ကုန်တိုင်းဒေသကြီး၏ ကျွန်းမြို့လေး

ရှင်နော်

**ကိုကိုးကျွန်းမြို့နယ် . . .**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါဝင်သော်လည်း ကုန်းမြေဆက်စပ်မှုမရှိဘဲ သီးခြားရပ်တည်နေသော မြို့ငယ်လေး တစ်မြို့။ ကိုကိုးကျွန်းမြို့လေးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၂ မီတာ၊ မြန်မာ့ရေပိုင်နက်အတွင်း တည်ရှိနေသော ကျွန်းမြို့လေးဖြစ်သည်။ ဒေသထွက်ကုန်ပစ္စည်းဟူ၍ မယ်မယ်ရရမရှိ၊ နေထိုင်သော လူဦးရေက ၁၃၆၀ ကျော်သာရှိသည်။ မြန်မာ့ပင်လယ်ပြင်အတွင်း တသီးတခြား တည်ရှိနေသော ကိုကိုးကျွန်းငယ်လေးကို မြန်မာနိုင်ငံပင်မကုန်းမြေနှင့် ရေမိုင် ၂၆၀ ကျော်က ခြားနားထားသည်။ ထို့အတွက် ကိုကိုးကျွန်းမြို့နယ်လေး၏ ဒေသဖွံ့ဖြိုးမှုက ပြည်မကုန်းမြေနှင့်စာလျှင် တိုးတက်မှုက နှေးကွေးနေသည်။

ယခင်က လေယာဉ်ခရီးစဉ်နှင့် တပ်မတော်ရေယာဉ်များဖြင့်သာ ခရီးလမ်းပေါက်ခဲ့ရာမှ လက်ရှိအစိုးရလက်ထက်တွင် ရန်ကုန်-ကိုကိုးကျွန်း ရေလမ်းခရီးစဉ်သစ်ကို သင်္ဘောငယ်တစ်စင်းဖြင့် စတင်ပြေးဆွဲပေးခဲ့သည်။ ပုံမှန်ရေလမ်းခရီးစဉ်သစ်တစ်ခု စတင်နိုင်ခဲ့သည့်အတွက် ကိုကိုးကျွန်းနေပြည်သူများအဖို့ ပုံမှန်ဟင်းသီးဟင်းရွက်၊ သားငါးစားသုံးနိုင်မည့် အခြေအနေတစ်ရပ်ကို ရောက်ရှိလာပြီဟု ဆိုနိုင်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ အကောင်အထည်ဖော်ကာ သဟာပတိရေယာဉ်ဖြင့် ကိုကိုးကျွန်း ပထမခရီးစဉ်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင်လည်းကောင်း၊ ဒုတိယခရီးစဉ်ကို မတ်လအတွင်း၌လည်းကောင်း ပြေးဆွဲပေးခဲ့သည်။

အချပ်ပို (ဂ) သို့

> “သဘာဝပထဝီဝင်အနေအထားနှင့် ရာသီဥတုအခြေအနေ၊ ဖွံ့ဖြိုးမှုနောက်ကျကျန်နေရသည့် အကြောင်းတရားတို့ကြောင့် သင်္ဘောဆိုက်ကပ်နိုင်သည့် ခေတ်မီဆိပ်ကမ်းမရှိသေးဘဲ ကမ်းထိုးရေယာဉ်များကိုသာ အသုံးပြု၍ သယ်ယူပို့ဆောင်နေရ”